မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက် | ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်၊ စနေနေ့၊ | အတွဲ (၅၆)၊ အမှတ် (၁၂၀)

ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။ **ပါပဝဂ် (ဓမ္မပဒ - ၁၁၆)**

ကလေးများ စာပေနှင့်ရင်းနှီးပြီး စာပေဝန်းကျင်တွင် မွေ့လျော်လာအောင် ပူးပေါင်းပါဝင်ကြစေလိုကြောင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပြောကြား

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ကလေးစာပေပွဲတော်၌ ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်
(သတင်းစဉ်)

မန္တလေး ဇန်နဝါရီ ၂၇

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် (မန္တလေး) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နည်းပညာတက္ကသိုလ် (MIIT) ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက်ချီးမြှင့်သည်။

စာမျက်နှာ ၃ ကော်လံ ၁ *

မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍစုံတွင် လာရောက်ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

စာမျက်နှာ - ၄

မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေအနေများ ဆွေးနွေး

စာမျက်နှာ - ၅

မြန်မာ့အလင်း

စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ကျင့်သုံးဆောင်ရွက်ခြင်း

ပုဂ္ဂလိကပိုင် သရက်ခြံ ၂၇ ခြံအား စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ကျင့်သုံးသည့်လက်မှတ် **(Good Agriculture Practices- GAP)** ထုတ်ပေးပြီးဟူသော သတင်းသည် ကြိုဆိုရမည့် သတင်းကောင်းဖြစ်ပါသည်။ စိုက်ပျိုးသီးနှံများ၌ ပိုးသတ်ဆေးနှင့် ဓာတုဓာတ်ကြွင်းများကင်းစေရန် ရည်ရွယ်၍ စိုက်ပျိုးချိန်မှ ရိတ်သိမ်းသိုလှောင်ချိန်အထိ အလေ့အကျင့်ကောင်းများ ကျင့်သုံးသည်ဟူသော အဓိပ္ပာယ်ဖြင့် ဤလက်မှတ် **(GAP)**ကို ထုတ်ပေးခဲ့ခြင်းဖြစ်ပါသည်။ ဓာတုပိုးသတ်ဆေးတို့ကို ဆေးညွှန်းအတိုင်း စနစ်တကျအသုံးပြုနိုင်ရေးနှင့် ဘက်စုံကာကွယ်ရေးကို နည်းမှန်လမ်းမှန် ကျင့်သုံးနိုင်မှုသည် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာ၌ အရေးတကြီးလိုအပ်လျက်ရှိသော အလေ့အကျင့်ကောင်းများ ဖြစ်ပါသည်။

စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို ကျင့်သုံး၍ စိုက်ပျိုးထုတ်လုပ်သောသီးနှံတို့သည် ဈေးကောင်းရရှိသည်သာမက စားသုံးသူပြည်သူတို့၏ ကျန်းမာရေးအန္တရာယ်ဖြစ်စေမှုကို ကင်းစင်စေပါသည်။ မြန်မာပြည်သူများအကြား ကင်ဆာရောဂါဖြစ်ပွားနှုန်း ကျယ်ပြန့်လာသောအချိန်အခါ၌ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ကျင့်သုံးသည့် လက်မှတ်ထုတ်ပေးခြင်းသည် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရမည့် သတင်းဖြစ်ပါသည်။ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ကျင့်သုံးသည့်လက်မှတ်ထုတ်ပေးခြင်းကို ပြည်ပပို့ကုန်တိုးချဲ့ရေးအတွက်သာမက ပြည်တွင်းစားသုံးသူ ပြည်သူတို့၏ ကျန်းမာရေးအန္တရာယ်ကင်းစင်စေရေးအတွက်ပါ ရည်ရွယ်လျက် ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဆောင်ရွက်သင့်ပါသည်။

စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ကျင့်သုံးနိုင်ရေးအတွက် တောင်သူလယ်သမားတို့အား သင်တန်းများ စီစဉ်ပို့ချသည်သာမက ရုပ်မြင်သံကြားနှင့် **FM** ရေဒီယိုကဲ့သို့သော အစီအစဉ်များမှ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေး ဖြန့်ဖြူးသင့်ပါသည်။ မြန်မာ့စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လမ်းညွှန်ချက်နှင့် အာဆီယံစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လမ်းညွှန်ချက်ကို မူတည်ပြုစု၍ စာအုပ်အဖြစ် ထုတ်ဝေသည်မှာ ကြိုဆိုရမည်ဖြစ်သော်လည်း တောင်သူလယ်သမားထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် မရောက်ရှိနိုင်ဟု ယူဆပါသည်။ အဆိုပါလမ်းညွှန်ချက်၏ အရေးကြီးသော အချက်အလက်သဘောတရားတို့ကို တောင်သူလယ်သမားထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိနိုင်ရေးအတွက် မီဒီယာနည်းလမ်းပေါင်းစုံကို အသုံးချဆောင်ရွက်သင့်ပါသည်။ လက်ကိုင်ဖုန်းများသုံးစွဲမှု ကျယ်ပြန့်ကြီးမားလာခြင်းနှင့်အတူ ပြည်သူများအတွင်း အင်တာနက်သုံးစွဲမှုအလေ့အကျင့်သည်လည်း အရှိန်ရလာသည်ဖြစ်၍ တောင်သူလယ်သမားတို့အား အင်တာနက်မှတစ်ဆင့် အသိပညာပေးခြင်းကိုလည်း စတင်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ပါသည်။ ပြည်တွင်းသို့ ဝင်ရောက်လာသော ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးတို့နှင့်ပတ်သက်၍လည်း တောင်သူလယ်သမားတို့အား အချိန်နှင့်တစ်ပြေးညီ အချက်အလက်တို့ ထုတ်ပြန်ပေးနိုင်ရေးကိုလည်း အရှိန်အဟုန်မြှင့်ဆောင်ရွက်သင့်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ကျင့်သုံးသည့်လက်မှတ်များ ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပေးနိုင်ရုံသာမက အော်ဂဲနစ်သီးနှံများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်ရေးကိုပါ အမျိုးသားရေးဦးတည်ချက်အဖြစ် ချမှတ်အကောင်အထည်ဖော်သင့်ပါသည်။ တိုင်းပြည်အတွင်း ရေမြေရာသီဥတုကောင်းမွန်၍ မျိုးရိုးစဉ်ဆက် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးတို့ သုံးစွဲခြင်းမရှိသည့် သဘာဝအလျောက် ဖြစ်ထွန်းနေသော အော်ဂဲနစ်သီးနှံများ ထွက်ရှိလျက်ရှိပါသည်။ အဆိုပါ အော်ဂဲနစ်သီးနှံတို့အတွက် ဈေးကွက်ရရှိရေးနှင့် မိရိုးဖလာ အော်ဂဲနစ်စိုက်ပျိုးရေး ဆက်လက်တည်တံ့အားကောင်းစေရေးအတွက် နိုင်ငံတော်မှ မူဝါဒချမှတ်ဆောင်ရွက်ပေးပါရန် လေးစားစွာ အကြံပြုတင်ပြအပ်ပါသည်။ ။

ပြည်ထောင်စုအရေး ညီအောင်တွေး မနှေးဆောင်ရွက် ပြည်သူ့အတွက်။

ပင်လုံစိတ်ဓာတ် လွှမ်းခြုံပတ် မြင့်မြတ်မြန်မာ တည်စေရာ။

ရဲတပ်သားသစ် သင်တန်းဆင်းပွဲများ ကျင်းပ

ပြည် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံရဲတပ်ဖွဲ့အမှတ်(၄)ရဲလေ့ကျင့်ရေးကျောင်းတွင် ဖွင့်လှစ်သင်ကြားခဲ့သည့် ရဲတပ်သားသစ်သင်တန်း အမှတ်စဉ် (၅၁/၂၀၁၆)သီဟတပ်ခွဲ သင်တန်းဆင်းပွဲကို ယနေ့နံနက်က အဆိုပါလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် အောင်အောင် တက်ရောက်၍ သင်တန်းဆင်းမိန့်ခွန်း ပြောကြားခဲ့ပြီး သင်တန်းထူးချွန်ဆု ရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၂၀၂ ဦး တက်ရောက်အောင်မြင်ခဲ့သည်။

အလားတူ ယင်းနေ့ နံနက်ပိုင်းက အမှတ်(၂)ရဲလေ့ကျင့်ရေးကျောင်းတွင် ရဲတပ်သားသစ် သင်တန်းအမှတ်စဉ် (၂၉၂/၂၀၁၆)စည်သူတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကို အဆိုပါလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက် တက်ရောက်၍ သင်တန်းဆင်းမိန့်ခွန်းပြောကြားခဲ့ပြီး သင်တန်းထူးချွန်ဆု ရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(ဝဲပုံ)** အဆိုပါသင်တန်းသို့ သင်တန်းသား ၁၉၈ ဦး တက်ရောက်အောင်မြင်ခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ဇန်နဝါရီ ၂၆ ရက် ည ၁၀ နာရီခွဲတွင် လှိုင်သာယာမြို့နယ်ရှိ ရပ်ကွက်/ကျေးရွာများတွင် လုံခြုံရေးဆောင်ရွက်နေသော ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖတို့အား ဒုတိယရဲမှူးကြီးယုနိုင် ဦးစီး၍ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမျိုးဟန်၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကိုကိုလွင်တို့က ရဲတပ်ဖွဲ့နှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာအဖွဲ့နှင့် ရပ်မိရပ်ဖတို့ ရပ်ကွက်အတွင်း လုံခြုံရေးဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစဉ်

သန်းထိုက်(လှိုင်သာယာ)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၇-၁-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၆၇၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၁၆၀၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၆၇၀၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

ဒီဇယ်	၆၉၀/၇၀၀ ကျပ်
အောက်တိန်း ၉၂	၇၀၀/၇၁၀ ကျပ်
အောက်တိန်း ၉၅	၇၄၀/၇၅၀ ကျပ်
ပရီမီယံဒီဇယ်	၇၁၀/၇၂၀ ကျပ်

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၃၅၀ ・ ၀
ဥရောပ	တစ်ယူရို	၁၄၄၈ ・ ၃
စင်ကာပူ	တစ်ဒေါ်လာ	၉၅၀ ・ ၃၀
ထိုင်း	တစ်ဘတ်	၃၈ ・ ၃၄
အိန္ဒိယ	တစ်ရူပီး	၁၉ ・ ၈၅
တရုတ်	တစ်ယွမ်	၁၉၆ ・ ၁၂
မလေးရှား	တစ်ရင်းဂစ်	၃၀၄ ・ ၉၁

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

✻ ရှေ့ဖုံးမှ

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ကျောင်းသားကျောင်းသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆရာကြီးမင်းသုဝဏ်ပြခန်းကြည့်ရှု

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဆရာကြီးမင်းသုဝဏ်အမှတ်တရပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

ဖွင့်လှစ်

ထို့နောက် ဖွင့်ပွဲအခမ်းအနားဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ မန္တလေးမြို့ ပုဂ္ဂလိကအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ကလေးစာပေပွဲတော် Theme Song သီချင်းသီဆို၍ ဖွင့်လှစ်ပေးကြသည်။

သမိုင်းအစဉ်အလာကြီးမားမန္တလေးမြို့

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အတွေးအခေါ်အယူအဆများ ထက်မြက်လာရန်၊ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်စေရန်နှင့် စာပေနှင့်ရင်းနှီးပြီး စာဖတ်ခြင်းတွင် ပျော်မွေ့တတ်လာစေရန် ရည်ရွယ်ကျင်းပသည့် ကလေးစာပေပွဲတော်ကြီးကို သမိုင်းအစဉ်အလာကြီးမားသည့် မန္တလေးမြို့၌ စီစဉ်ကျင်းပသည့်အတွက် လွန်စွာဝမ်းသာပီတိဖြစ်ရပါကြောင်း။

မကြာသေးမီက ကလေးစာပေပွဲတော်ကို နေပြည်တော်၌ စည်စည်ကားကားကျင်းပနိုင်ခဲ့ပြီး နိုဘယ်လ်-မြန်မာစာပေပွဲတော်ကိုလည်း ရန်ကုန်မြို့၌ စည်စည်ကားကားကျင်းပခဲ့ကြသည်ကိုတွေ့ရသည့်အတွက် ပြည်သူများ အသိပညာမြင့်မားအောင်၊ မြန်မာစာပေ မြင့်မားတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြသည့် အဖွဲ့အစည်းအသီးသီးကို ကျေးဇူးတင်ရှိပါကြောင်း။

အမြဲတမ်းရှင်သန်သက်ဝင်နေမည့်စာပေ

မြန်မာ့ပုံပြင်များ၊ မြန်မာ့ကလေးကဗျာများ၊ မြန်မာ့ကျေးလက်အငွေ့အသက်များအကြားတွင် ကြီးပြင်းလာခဲ့သည့် မိမိတို့အတွက် ကလေးစာပေများသည် အမြဲတမ်းရှင်သန်သက်ဝင်နေမည့် စာပေများဖြစ်ကြောင်း။

အားမာန်သတ္တိများ ရလာခဲ့

ထိုကဗျာများ၊ စာပေများကြောင့် နိုင်ငံချစ်စိတ်များ ပေါ်ပေါက်လာခဲ့ကြောင်း၊ တိုင်းကျိုးပြည်ကျိုးထမ်းဆောင်လိုစိတ်များ မြင့်တက်လာခဲ့ကြောင်း၊ ဘဝအခက်အခဲများကို ရဲရင့်မှန်ကန်စွာ ကျော်ဖြတ်လိုသည့် အားမာန်သတ္တိများ ရလာခဲ့သည်ဟု မိမိတို့ဆိုကြရမည်ဖြစ်ကြောင်း။

ဝမ်းနည်းဖွယ်တွေ့မြင်ရမည်

ကလေးစာပေများသည် တစ်ခေတ်တစ်ခါက မြန်မာစာပေညွှန့်ခန်းဆောင်ကြီးထဲတွင် ဂုဏ်သရေရှိစွာပေါ်ထွက်ခဲ့ကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် အားပျော့မှေးမှိန်ခဲ့ရသည်ကို ဝမ်းနည်းဖွယ်တွေ့မြင်ရမည်ဖြစ်ကြောင်း။

ကလေးစာပေများ ဖွံ့ဖြိုးအောင် ဝိုင်းဝန်းကူညီ

ကလေးစာပေများ မဖွံ့ဖြိုးမတိုးတက်ခြင်းသည် ကလေးများ၏ အနာဂတ်ကိုသာမက နိုင်ငံ၏အနာဂတ်ကိုပါ ရိုက်ချိုးဖျက်ဆီးရာ ကျစေနိုင်သည့်အတွက် မိမိတို့အနေဖြင့် ကလေးများ ဖွံ့ဖြိုးတိုးတက်အောင်၊ ကလေးစာပေများဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

မဖြစ်မနေ ဝိုင်းဝန်းလုပ်ဆောင်

နည်းပညာ ဖွံ့ဖြိုးတိုးတက်နေသည့် ယနေ့လိုအချိန်အခါမျိုးတွင် မိမိတို့၏ ကလေးငယ်များကို အတွေးအခေါ်အယူအဆများ၊ ပြုမူပြောဆိုပုံများ ယိမ်းယိုင်ပျက်ယွင်းစေမည့် နည်းလမ်းများသည် ဖျော်ဖြေရေးနည်းများ၊ ကစားနည်းများအဖြစ် ပုံဖျက်စည်းရုံးရောက်ရှိနေကြသည်ကိုတွေ့ကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အခြေအနေမျိုးတွင် ကလေးများ စာပေဖတ်ရှုလာအောင်၊ စာကြည့်တိုက်ဝန်းကျင်တွင် မွေ့လျော်လာအောင် စည်းရုံးဆောင်ရွက်ရန် လွယ်ကူမည်မဟုတ်ပါကြောင်း၊ သို့သော်လည်း မိမိတို့ကလေးများ၏အနာဂတ်များ တိုးတက်ကောင်းမွန်လာရန်အတွက် မဖြစ်မနေ ဝိုင်းဝန်းလုပ်ဆောင်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ပူးပေါင်းပါဝင်ပေးကြစေလို

နိဂုံးချုပ်အားဖြင့် ကလေးများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ကလေးစာပေနှင့် ကလေးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံ၏အနာဂတ်အပေါ် သက်ရောက်မှုများစွာ ရှိလာနိုင်သည့်အတွက် ဝိုင်းဝန်းကူညီဖော်ဆောင်ပေးကြစေလိုကြောင်း၊ ကလေးများစာပေနှင့် ရင်းနှီးပြီး စာပေဝန်းကျင်တွင် မွေ့လျော်လာအောင် အဖွဲ့အစည်းအသီးသီးက ပူးပေါင်း ပါဝင်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ကျေးဇူးတင်စကားပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် ကလေးစာပေပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးပြီး ကလေးစာပေပွဲတော်သို့ တက်ရောက်လာကြသည့် ကလေးငယ်များနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်စျေးရောင်းပွဲတော်ကို ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြပွဲရက်များတွင် ဖျော်ဖြေရေးအစီအစဉ်များ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ စက္ကူခေါက်ချိုးပြိုင်ပွဲများ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများ၊ ဂိမ်းကစားပွဲများ၊ ပန်းချီပြိုင်ပွဲများ၊ စာပေဟောပြောပွဲ၊ စာပေမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲအပါအဝင် ပြပွဲပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကလေးစာပေပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ် ဓာတ်ပုံ-(ပြန်/ဆက်)

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဆရာကြီးမင်းသုဝဏ် အမှတ်တရပြခန်းအတွင်း ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာစဉ် ဓာတ်ပုံ-(ပြန်/ဆက်)

မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍစုံတွင် လာရောက်ရင်းနှီးမြှုပ်နှံရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဂျပန်နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (JCCI) ၏ ဥက္ကဋ္ဌ မစ္စတာ အကီအို မီမူရ ဦးဆောင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍစုံတွင် လာရောက်ရင်းနှီးမြှုပ်နှံရေးဆိုင်ရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးခင်မောင်ချို၊ ဒေါက်တာ သန်းမြင့်၊ ဦးကျော်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဂျပန်နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (JCCI) ၏ ဥက္ကဋ္ဌ မစ္စတာ အကီအို မီမူရ ဦးဆောင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်

ဗြိတိန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရာမှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဗြိတိန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရာမှ ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

လွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

အဆိုပါချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် နှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစော၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးဇော်ဝင်း၊ လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင် ဦးစိုင်းစန်သိန်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီအဖွဲ့ဝင် ဒေါက်တာ ဒေါ်ရွှေပုံနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍမျိုးစုံတွင် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၇

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ဂျပန်နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (JCCI) ဥက္ကဋ္ဌ မစ္စတာ အကီအိုမီမူရနှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံငြိမ်းချမ်းမှုရှိမှ စီးပွားရေး ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ပြီး စီးပွားရေး တိုးတက်ခိုင်မာမှုရှိမှ ငြိမ်းချမ်းရေးကို ပိုမိုအထောက်အကူဖြစ်စေမည်ဖြစ်၍ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးလမ်းစဉ်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို ဂျပန်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များမှ ပူးပေါင်းဆောင်ရွက်ပေးရန် မျှော်လင့်ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်း/ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များကို တန်းတူအခွင့်အရေး ပေးထားသည့် ရင်းနှီးမြှုပ်နှံမှု ဥပဒေရေးဆွဲထုတ်ပြန်ထားပြီး နည်းဥပဒေများကိုလည်း မကြာမီ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီးပွားရေးကဏ္ဍများတွင် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ တိုးတက်ရေးမှာ အရေးပါသကဲ့သို့ မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်လုပ်၍ ဂျပန်နိုင်ငံ၊ ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများသို့ တင်ပို့နိုင်ရေး ကြိုးစားဆောင်ရွက်သွားရန်လိုကြောင်း၊ အထူးစီးပွားရေးဇုန်များတွင်လည်း ပိုမိုရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုကြောင်း၊ ရန်ကုန်မြို့တော်အား ခေတ်မီဆန်းသစ်သောမြို့အဖြစ် အဆင့်မြှင့်တင်မည့် မဟာရန်ကုန်စီမံကိန်းကိုလည်း JICA နှင့် ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ သယ်ယူပို့ဆောင်ရေးတွင် ကုန်းလမ်း၊ ရေလမ်းကွန်ရက်များ ချိတ်ဆက်ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မည်ဆိုလျှင် ဝမ်းသာစွာကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံတွင် အခြားဒေသများနှင့်မတူညီသော ရာသီဥတု၊ ရေမြေတောတောင် သဘာဝများ၊ လှပသာယာသည့် ကမ်းရိုးတန်းများရှိ၍ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်သော ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး တိုးမြှင့်ဆောင်ရွက်ရန်နှင့် မြန်မာပြည်သူပြည်သားများ ချစ်ခင်အလေးထားသည့် ဧရာဝတီမြစ်အား ထိန်းသိမ်းစောင့်ရှောက်ရာတွင် ဂျပန်နိုင်ငံမှ ပူးပေါင်းဆောင်ရွက်ရန် မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဂျပန်နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (JCCI) ဥက္ကဋ္ဌ မစ္စတာ အကီအိုမီမူရက ဂျပန်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ထုတ်ပြန်ခဲ့ပြီး နည်းဥပဒေသစ်များ ထုတ်ပြန်တော့မည်ဖြစ်သည့်အပြင် မြန်မာကုမ္ပဏီများ ဥပဒေကြမ်းကိုလည်း ပြင်ဆင်ရေးဆွဲနေကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိကြောင်း၊ မြန်မာနိုင်ငံရှိ ဂျပန်ကုန်သည်/စက်မှုလုပ်ငန်းရှင်များ အသင်းဝင်အင်အားမှာလည်း များစွာတိုးမြှင့်လာပါကြောင်း၊ ဂျပန်ကုမ္ပဏီ အများစုမှာ မြန်မာနိုင်ငံသို့ စီးပွားရေးအင်အား တိုးမြှင့်ဝင်ရောက်လျက်ရှိပြီး ယခုတင်ပြမည့် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပူးပေါင်းကူညီရန်အတွက် စစ်တမ်းကောက်ယူထားသည့် အချက်များကို အသုံးပြုကာ အခက်အခဲပြဿနာများကို ဖြေရှင်းကျော်လွှားသွားလိုပါကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များကို ထုတ်လုပ်သည်မှစ၍ ဈေးကွက်အတွင်းသို့ အချိန်မီရောက်ရှိသည်အထိ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စိုက်ပျိုးရေးနည်းပညာနှင့် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်၍ ပူးပေါင်း ဆောင်ရွက်သွားလိုကြောင်း၊ လျှပ်စစ်ကဏ္ဍနှင့် ရေနံသဘာဝဓာတ်ငွေ့လုပ်ကွက်များ၊ မော်တော်ယာဉ် တင်ပို့ခြင်း စသည့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍမျိုးစုံတွင် ပူးပေါင်းဆောင်ရွက်လိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အကြံပြုပြောကြားချက်များကို လက်ခံကြောင်းနှင့် လက်တွေ့ကျသည့် လုပ်ငန်းစဉ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေများဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၇

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (JCCI) ဥက္ကဋ္ဌ မစ္စတာ အကီအို မီမူရ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ လက်ခံတွေ့ဆုံသည်။

မူဘောင်တစ်ရပ်ထားရှိရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေအနေများ၊ မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုဝင်ရောက်လာစေရန် အဓိကလိုအပ်သည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေဆိုင်ရာများ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေးနှင့် နှစ်ဖက်သက်ဆိုင်သူများအကြား စဉ်ဆက်မပြတ် အမြင်ချင်းဖလှယ်နိုင်မည့် မူဘောင်တစ်ရပ်ထားရှိရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဦးကျော်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Tateshi Higuchi တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (JCCI) ဥက္ကဋ္ဌ မစ္စတာ အကီအို မီမူရ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ရမည့်ကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ပီစနု ဆူဗာနာဂျာတာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ပီစနု ဆူဗာနာဂျာတာ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

◆ *ကျောဖုံးမှ*

လေဆိပ်ဆိုင်ရာလုပ်ငန်းများအား ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်း ၆၀၀၊ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်း ၁၅၀၀ စုစုပေါင်း ကျပ်သန်း ၂၁၀၀ အကုန်အကျခံကာ တည်ဆောက်ခြင်းဖြစ်သည်။

လေဆိပ်အဆောက်အအုံသစ်ကြီးတိုးချဲ့တည်ဆောက်ရေးစီမံကိန်းအား ၂၀၁၅ စက်တင်ဘာမှ စတင်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဒီဇင်ဘာတွင် လေဆိပ်အဆောက်အအုံသစ်နှင့် ဆက်စပ်လုပ်ငန်းများပြီးစီးခဲ့ကြောင်းသိရသည်။ ထိုလေဆိပ်အဆောက်အအုံသစ်သည် အလျား ပေ ၂၀၀၊ အနံ ပေ ၈၀(ပင်မအဆောက်အအုံ)၊ အလျား ပေ ၁၂၀၊ အနံ ၂၅ ပေ (Landside Portico)၊ အလျား ပေ ၁၈၀၊ အနံ ၂၅ ပေ (Airside Verandah)၊ အလျား ပေ ၁၂၀၊ အနံ ၁၂ ပေ (Landside Verandah) ပါပြီး သံကူကွန်ကရစ် တစ်ထပ်အဆောက်အအုံအမျိုးအစားဖြစ်သည်။ ကြမ်းခင်းဧရိယာ စုစုပေါင်း ၂၅၇၄၀ စတုရန်းပေရှိသည်။ (Reinforced Concrete Roof Slab) နှင့် (Steel Structure Amcan Roof) အမိုးအဖြစ်အသုံးပြုကာ ကြွေပြားကြမ်းခင်း၊ အုတ်နံရံ Glass Partition Composite Parapet Wall ၊ Aircon (5) ton 6 nos , CCTV 12 nos , PA System , Speaker Box (7)nos နှင့် Toliet 24 nos ထည့်သွင်းတည်ဆောက်ထားကြောင်းသိရသည်။

ယခုအခါတွင် လေကြောင်းလိုင်းခြောက်လိုင်းဖြင့် ခရီးသည်များ ဝင်/ထွက် သွားလာနိုင်ပြီဖြစ်သည်။ လေယာဉ်များဆိုက်ရောက်သည့်အချိန် ၁ နာရီအတွင်း ခရီးသည် ၂၀၀ (အဝင်)၊ အထွက် ၂၀၀ စုစုပေါင်း ၄၀၀ တစ်ပြိုင်တည်း အသုံးပြုနိုင်ပြီဖြစ်ကြောင်း လေကြောင်းညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

သီရိပျံချီ ဃာဇီ ဟာရှင်မ်၏ မွေးနေ့ နှစ် ၁၀၀ ပြည့် ဂုဏ်ပြုအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၇

နိုင်ငံတော်အစိုးရက ချီးမြှင့်ခဲ့သည့် သီရိပျံချီ ဃာဇီ ဟာရှင်မ်၏ မွေးနေ့ နှစ် ၁၀၀ ပြည့် ဂုဏ်ပြုအခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် ညနေ ၄ နာရီက ရန်ကုန်မြို့ဆရာဝန်များ အသင်းခန်းမ၌ စည်ကားစွာကျင်းပခဲ့သည်။

အနယ်နယ်အရပ်ရပ်မှ ဧည့်ပရိသတ် တစ်ထောင်ကျော် တက်ရောက် ဂုဏ်ပြုခဲ့သည့် အဆိုပါအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အစ္စလာမ်ကောင်စီမှ ရှိက်ခ်ရှာဟိဒ်က အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ပြီး အစ္စလာမ်ကောင်စီဌာနချုပ်ဥက္ကဋ္ဌ ဦးညွှန့်မောင်သျှိန်က နှုတ်ခွန်းဆက်စကားပြောကြားကာ ဆရာမ ဒေါ်တင်တင်ရီက ဆရာကြီး၏ ကိုယ်ရေးအကျဉ်းကို ဂုဏ်ပြုဖတ်ကြားသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုထံမှ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီး သာသနာရေးမှူး ဦးစိန်မော်က ဂုဏ်ပြုဖတ်ကြားခဲ့ပြီး အငြိမ်းစား သံအမတ်ကြီး ဦးလှမောင် (ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့)၊ အလ်ဟာဂျ် ဦးအေးလွင်၊ မောင်လာနာ ဦးအုန်းသောင်၊ ဦးမြအေး(၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း)၊ မောင်လာနာ အုမရ်မြင့်နိုင်၊ ပါမောက္ခ ဒေါက်တာစိုးနိုင်၊ စာရေးဆရာ ဝါးခယ်မ မောင်မင်းနိုင်၊ ပါမောက္ခဒေါက်တာသန်းဝင်း၊ ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီးလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးသိန်းမြင့်တို့က အမှတ်တရ ဂုဏ်ပြုစကားများ ပြောကြားကာ ဆရာကြီး၏ သမီး ပါမောက္ခ ဒေါ်ကြည်ကြည်လေးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြကြောင်း သိရသည်။

ဆရာကြီး ဃာဇီ ဟာရှင်မ် သည် ကျောင်းသားဘဝတွင် ဝေလမင်းသား ငွေတံဆိပ်ဆုရရှိခဲ့ပြီး ဘီအိုင်အေခေတ်တွင်လည်း ဘီအိုင်အေတရားများဟောကြားကာ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပါဝင်ခဲ့သည့် မြန်မာပြည်ကိုချစ်မြတ်နိုးသူတစ်ဦးဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ သီရိပျံချီဘွဲ့ကို ချီးမြှင့်ခြင်းခံရသူဖြစ်ကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

သစ်တောသစ်ပင်တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

ဘူတန်နိုင်ငံ ဘုရင်မင်းမြတ်၏ ခွေးတော်ဖြစ်သူ ယခင်ဘူတန်ဘုရင်၏ ပထမမြောက်မိဖုရား ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မန္တလေး မဟာမြတ်မုနိရုပ်ရှင်တော်မြတ်အား သွားရောက်ဖူးမြော်

မန္တလေး ဇန်နဝါရီ ၂၇

မန္တလေးမြို့တွင် ရောက်ရှိနေသော ဘူတန်နိုင်ငံဘုရင်မင်းမြတ်၏ ခွေးတော်ဖြစ်သူ ယခင် ဘူတန်ဘုရင်၏ ပထမမြောက်မိဖုရား Her Majesty the Queen Mother Ashi Dorji Wangmo Wangchuck ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေး မဟာမြတ်မုနိရုပ်ရှင်တော်မြတ်အား သွားရောက် ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီး၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်သည်။

ကြည့်ရှုလေ့လာ

ထို့နောက် ဘူတန်နိုင်ငံ ဘုရင်မင်းမြတ်၏ ခွေးတော်သည် မဟာမြတ်မုနိရုပ်ရှင်တော်မြတ် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး မဟာမြတ်မုနိဂေါပက ဥက္ကဋ္ဌ ဦးစိုးလင်းက ဗုဒ္ဓရုပ်ပွားတော်အား အမှတ်တရ လက်ဆောင်ပေးအပ်သည်။ ဧည့်သည်တော်အဖွဲ့သည် ဘုရားတောင် ဘက် ရင်ပြင်တော်၌ ဆီမီးများထွန်းညှိပူဇော်၍ ကြေးရုပ်ပြတိုက်သို့ လေ့လာပြီး မဟာမြတ်မုနိဘုရားအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုကာ ဘုရားစောင်းတန်းဈေးမှ မြန်မာ့လက်မှုပစ္စည်းများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြရာ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူနှင့် တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

စက်မှုဇုန်များတွင် ဖြစ်ပေါ်နေသော ကျူးကျော်၊ ခိုးခြောက်မှုများနှင့်ပတ်သက်၍ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များတွင် လတ်တလော ဖြစ်ပေါ်နေသော ကျူးကျော်၊ ခြိမ်းခြောက်မှုများနှင့် ပတ်သက်၍ စက်မှုဇုန်တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် တိုင်းဒေသကြီးလွှတ်တော် ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးကော်မတီတို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI ရှိမြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဘဏ္ဍာရေး၊ စီမံကိန်းနှင့်စီးပွားရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်စန္ဒာမင်း ဆွေးနွေးနေစဉ်

စက်မှုဇုန်များတွင် ကျူးကျော်၊ ခြိမ်းခြောက်ငွေတောင်းနေသူများအကြောင်းကို လှိုင်သာယာမြို့နယ် ရွှေလင်ဗန်း စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီမှ အထွေထွေအတွင်းရေးမှူးဖြစ်သူ ဦးနေလင်းဇင်က "ကျူးကျော်ပြဿနာဆိုတာက မိမိဘာသာနေရာမရှိလို့ ကျူးတာမျိုးမဟုတ်ဘဲ စက်မှုဇုန်တွေမှာ စက်ရုံလုပ်ငန်းတွေရဲ့ဝင်ပေါက်ဝတွေကို ပိတ်ဆို့ပြီးတော့ အုပ်စုဖွဲ့ပြီး ရန်ပြုငွေကြေး တောင်းခံတဲ့ကိစ္စတွေကတိုင်းအနှံ့မှာရှိတဲ့ စက်မှုဇုန်တော်တော် များများဖြစ်နေပါတယ်။ စက်မှုဇုန်တွေဝယ်တဲ့အခါကျတော့ ခြံစည်းရိုးခတ်တယ်။ တည်ဆောက်ရေးလုပ်ငန်းတွေလုပ်ပါတယ်။ အဲဒီလို လုပ်တဲ့အခါမှာ အမည်မသိသူတွေ ရောက်လာပြီး ပိတ်ဆို့ပြီး ငွေကြေးအကျပ်ကိုင် ခြိမ်းခြောက်ပြီးတောင်းတဲ့ အပိုင်းတွေရှိပါတယ်"ဟု ပြောကြားသည်။

စက်မှုလုပ်ငန်းရှင်များမှ ဥပဒေကြောင်းအရ အမှုဖွင့် တရားစွဲသော်လည်း အချိန်ကြာမြင့်လွန်းပြီး ဥပဒေရေးရာ အားနည်းမှုများကြောင့် ကျူးကျော်မှုများမှာ အတင့်ရဲလာပြီး ယင်းကဲ့သို့ဖြစ်ရပ်များ များပြားလာကြောင်း သိရသည်။ ပြည်တွင်းစက်မှု ကုန်ထုတ်လုပ်ငန်းများတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုဖန်တီးနိုင်ရေးတို့အတွက် ကြီးမားသောစိန်ခေါ်မှုဖြစ်ကြောင်း လုပ်ငန်းရှင်တို့က တင်ပြခဲ့ကြသည်။

အဆိုပါဖြစ်ရပ်များအား ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဘဏ္ဍာရေး၊ စီမံကိန်းနှင့်စီးပွားရေးကော်မတီမှ စိစစ်ခဲ့မှုနှင့် ပတ်သက်၍ ကော်မတီဥက္ကဋ္ဌဖြစ်သူ ဒေါ်စန္ဒာမင်းက "လယ်သမားမှန်ခဲ့သည်ရှိသော် လယ်ယာမြေစိစစ်ရေးကော်မတီကို တင်ပေးပါ။ အဲဒီတုန်းက သိမ်းခဲ့တာ စက်မှုလုပ်ငန်းရှင်တွေက သိမ်းခဲ့တာ မဟုတ်ဘူး။ အစိုးရကသိမ်းခဲ့တာဖြစ်တယ်။ ဒါကြောင့် အစိုးရမှာ လျော်ကြေးပေးဖို့ ဝတ္တရားရှိတယ်။ ဝန်ကြီးချုပ်ကလည်း သေသေချာချာ စစ်ပေးပါလို့ ပြောထားတယ်။ အဲဒီတော့ စက်မှုလုပ်ငန်းရှင်တွေကို သူတို့က တောင်းတယ်ဆိုရင် မှားနေတယ်။ ကျွန်မတို့ အစိုးရဘက်ကို တင်ပေးပါလို့ ပြောခဲ့တယ်"ဟု ပြောကြားသည်။

ဆွေးနွေးပွဲ ကျင်းပခြင်းကြောင့် လုပ်ငန်းရှင်များ၏ အဖြစ်အပျက်များကို အမှန်အတိုင်းသိရှိရပြီး သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း မည်သို့ဆက်လက်ဖြေရှင်းဆောင်ရွက်ရမည်ကို သိရှိသွားနိုင်ကြောင်း ကော်မတီဥက္ကဋ္ဌက ဆက်လက်ပြောကြားခဲ့သည်။

တိုင်းဒေသကြီးလွှတ်တော် လှိုင်သာယာမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်က "ဥပဒေကို ချိုးဖောက်ရင် ဥပဒေနဲ့အညီ ထိထိရောက်ရောက် အရေးယူသွားမယ့်ကိစ္စတွေဟာ မကြာခင်မှာ ပေါ်လာမှာပါ" ဟု ခြိမ်းခြောက်ငွေတောင်းနေမှုများနှင့် ပတ်သက်၍ ပြောကြားသည်။

စက်မှုဇုန်များကို ၁၉၉၀ နောက်ပိုင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယခုဆွေးနွေးပွဲမှ ရရှိသော အချက်အလက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြမည်ဖြစ်ကြောင်းနှင့် အစိုးရ၏ မူဝါဒအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ စက်မှုဇုန်များမှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲမှူးကြီးမျိုးဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ-ထိန်လင်း

ရသေ့တောင်မြို့နယ် ကျေးရွာသုံးရွာသို့ စားနပ်ရိက္ခာများ ထောက်ပံ့လှူဒါန်း

ရသေ့တောင် ဇန်နဝါရီ ၂၇

တူရကီနိုင်ငံဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေးကိုယ်စားလှယ် Ms, Nilufer, Karmer, Esra, Zora တို့အဖွဲ့သည် ဇန်နဝါရီ ၂၅ ရက်မွန်းလွဲ ၂ နာရီတွင် ရသေ့တောင်မြို့နယ် ခြေရာတော်ဘုရားသို့ ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော်အား ဆန်အိတ် ၂၀ လှူဒါန်းကာ မြသီတာ (နတလ)ကျေးရွာအတွက် ဆန်အိတ် ၅၀ ထောက်ပံ့ပေးအပ်ပြီး ကြာပင်ရင်းကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆန်အိတ် ၁၀၀၊ ဘေထုပ်တစ်ထုပ် ၊ ၂၅၀ ဂရမ် သီးစုံတစ်အိတ်နှင့် ၁၉၀ ဂရမ် သီးစုံတစ်အိတ်တို့ အားထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် အနောက်ပြင်ကျေးရွာသို့ ထွက်ခွာခဲ့ရာ (အ.မ.က)ကျောင်း၌ အနောက်ပြင် ကျေးရွာသူကျေးရွာသားများအား တွေ့ဆုံ၍ ဆန်အိတ် ၁၀၀၊ ဘေထုပ် တစ်ထုပ်၊ ၂၅၀ ဂရမ် သီးစုံတစ်အိတ်နှင့် ၁၉၀ ဂရမ်သီးစုံတစ်အိတ်တို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်ကျော်(ပြန်/ဆက်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ကားပေါ်တွင် ပိုက်ဆံအိတ်ခါးပိုက်နှိုက်ခံရမှု ရဲတပ်ဖွဲ့ဝင်များ ကူညီရှာဖွေပေးသဖြင့် ပြန်လည်တွေ့ရှိ

ရန်ကုန် ဇန်နဝါရီ ၂၇

ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီ ၁၅မိနစ်တွင် လသာမြို့နယ်ရဲစခန်းရှေ့သို့ အနော်ရထာလမ်းအတိုင်း အရှေ့မှအနောက်သို့ မောင်းနှင်သော မြို့လယ်မြို့တွင်းပတ်ယာဉ်လိုင်းမှ ယာဉ်ကြီးတစ်စီး ပေါ်တွင် လှိုင်မြို့နယ်နေ အသက် ၅၀ အရွယ် ဦးကျော်လှိုင်ဆိုသူသည် ကုန်ဈေးတန်းမှတ်တိုင်နှင့် လသာမှတ်တိုင်ကြား ယောကျ်ားကိုင်ပိုက်ဆံအိတ် ခါးပိုက်နှိုက်ခံရကြောင်း သိရှိသည့်အတွက် လသာရဲစခန်းသို့ ယာဉ်လုပ်သားများအကူအညီဖြင့် မောင်းနှင် အကူအညီတောင်းခံရာမှ ပိုက်ဆံအိတ်ပြန်လည် ရရှိခဲ့သည်။

ရဲစခန်းမှတာဝန်ရှိသူများအနေဖြင့် ယာဉ်ပေါ်ပါ ခရီးသွားများအားယာဉ်ပေါ်မှ အသုတ်လိုက် ခွဲဆင်းစေပြီး အမျိုးသမီးများအား ရဲမေများဖြင့်လည်းကောင်း၊ အမျိုးသားများအား ရဲတပ်ဖွဲ့ဝင်အမျိုးသားများဖြင့်လည်းကောင်း တစ်ဦးချင်း

ရှာဖွေခဲ့သည်။

ပထမအသုတ်ရှာဖွေနေစဉ်မှာပင် တံခါးပိတ်ထားသော ယာဉ်ကြီး၏တံခါးပေါက်ဝတွင် ပိုက်ဆံအိတ်ပြန်လည်တွေ့ရှိသွားသဖြင့် ခါးပိုက်နှိုက်ခံရသူအမျိုးသားက ရဲစခန်း၌ အမှုမဖွင့်တော့ဘဲ ခရီးသည်များ ယာဉ်ပေါ်ပြန်တက်ကာ ခရီးစဉ်အတိုင်း ပြန်လည်မောင်းနှင်သွားခဲ့သည်။

ရန်ကုန်မြို့လယ် တစ်ဆင့်ကားပြောင်းစီးရသည့် သခင်မြပန်းခြံ၊ မော်တင် (လမ်းသစ်)၊ ဆူးလေ၊ ဗိုလ်တထောင်ဘုရားလမ်း ဝန်းကျင်စုရပ်များရှိ ယာဉ်လိုင်း ၂၂ လိုင်းဝန်းကျင်ရှိ မြို့တွင်းသွားယာဉ်လိုင်းသုံးလိုင်းသို့ ချိတ်ဆက်ကားပြောင်းစီးခြင်းအပါအဝင် မြို့တွင်းခရီးတိုသွားသူများ စီးနင်းမှုများပြားနေဆဲ ဖြစ်သည်။ ဇန်နဝါရီ ၂၇ ရက်နံနက် ၉ နာရီ ဝန်းကျင် မဟာဗန္ဓုလလမ်းအတိုင်း အနောက်မှအရှေ့သို့ မောင်းနှင်သော မြို့တွင်းပတ်ယာဉ်လိုင်းတွင်ယာဉ်ကြီး-ငယ်-လတ်ဆယ်စီး ဝန်းကျင်ဆက်တိုက်နီးပါး ရောက်ရှိလာသဖြင့် လသာ (မောင်ခိုင်)မှတ်တိုင်တွင် ခရီးသည်များ စုပုံနေရာမှ လျော့ကျသွားသည်ကို မြင်တွေ့ရသော်လည်း ကားအတက်-အဆင်းနှင့်ယာဉ်ပေါ်တွင် အလစ်သုတ်ခြင်း၊ ခါးပိုက်နှိုက်ခံရခြင်းမဖြစ်ပေါ်ရန် ခရီးသွားများအထူးသတိထားနေရသည်ဟု ခရီးသွားများက ပြောဆိုနေကြသည်။

ခင်ဆိုင်

သုတရသစုံလင် ပျော်ရွှင်စွာဆင်နွှဲနေကြတဲ့ ကလေးစာပေပွဲတော်အပေါ် သူတို့အမြင်ကိုဖွင့်ပြောနေကြပြီ

မန္တလေးမြို့၌ မကျင်းပမီအချိန်ကတည်းက သတင်းစကားပျံ့နှံ့နေသည့် ကလေးစာပေပွဲတော်ကြီးကို ယနေ့ ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက နိုင်ငံတော်သမ္မတကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများသာမက မိဘပြည်သူများပါ တက်ကြွသောခြေလှမ်းများဖြင့် ပျော်ရွှင်စွာ လာရောက်ဆင်နွှဲလျက်ရှိသည်။ ပွဲတော်ကျင်းပသည့် မြန်မာ့သတင်းအချက်အလက်နှင့်နည်းပညာတက္ကသိုလ်အတွင်း၊ အပြင်တစ်ဝိုက် အထူးစည်ကားလျက်ရှိသည်နှင့်အညီ သုတရသပြည့်စုံသည့် ကလေးစာပေပွဲတော်ခင်းကျင်းပြင်ဆင်ပြသထားရှိမှုအစီအစဉ်များအပေါ် ကျေနပ်ပီတိစကားများကို ယခုလိုပြောကြားခဲ့ကြသည်။

ဒေါ်သန်းသန်းနွယ်

မရွှန်းလဲ့ထွန်း

နန်းစုစုစံ

မောင်ထူးအောင်ဝေ

ကိုရန်နိုင်

ကိုဇော်မင်းဦး

နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်

အခု မန္တလေးမှာကျင်းပတဲ့ ကလေးစာပေပွဲတော်က ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကပံ့ပိုးပြီး နိုင်ငံတော်အဆင့် ဆောင်ရွက်တာဖြစ်ပါတယ်။ ကျန်တာတွေကိုလည်း လိုအပ်ရင် လိုအပ်သလို လုပ်ရမယ်။ အခုဟာက ဒေသအနေနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကလုပ်တယ်။ နိုင်ငံတော်ကလည်း ပညာရေးအနေနဲ့ လုပ်နေတယ်။ ကျောင်းသင်ရိုးညွှန်တမ်းတွေမှာ သင့်တော်ရာတွေကို ထည့်ဖို့ပြန်ပြီး လုပ်ပါ့မယ်လို့ ပြောထားတာရှိသလို ဆက်လုပ်ဖို့ အစီအစဉ်ရှိပါတယ်။ တဖြည်းဖြည်း ပြန်ပေါ်လာပါလိမ့်မယ်၊ အချိန်အခါအားလျော်စွာ တိမ်မြုပ်သွားပေမယ့် ပြန်ပေါ်လာပါလိမ့်မယ်။ ကလေးတွေအတွက် အကျိုးရှိတဲ့ ကဗျာစာပေတွေ ပေါ်လာလိမ့်မယ်။

ဒေါက်တာဇော်မြင့်မောင်
မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်

အခုတွေ့ရတဲ့ မြင်ကွင်းကြီးက စာပေပန်းခင်းကြီးတစ်ခုလိုပါပဲ။ နိုင်ငံ့အနာဂတ်ဟာ ကလေးသူငယ်တွေ ရှင်သန်ဖွံ့ဖြိုးမှုအပေါ်မှာ အများကြီး မူတည်ပါတယ်။ ကျွန်တော်တို့ရဲ့အနာဂတ်ဆိုတာ ကလေးတွေရဲ့ကျန်းမာကြံ့ခိုင်ပြီး စာရိတ္တပြည့်ဝတဲ့ နိုင်ငံသားကောင်းတွေအပေါ်မှာမူတည်ပါတယ်။ သူတို့ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ မိသားစုတစ်စုတည်းက ပဲလုပ်ရမလားဆိုတော့ မဟုတ်ပါဘူး။ နိုင်ငံတော်အပိုင်းကလည်း တာဝန်ယူဆောင်ရွက်ရမယ့်အပိုင်းတွေ ရှိပါတယ်။ ရုပ်ပိုင်းတွင်မက စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုအတွက် ကလေးစာပေတွေက အရေးပါတယ်။ ဒါကြောင့် ကလေးစာပေဟာ မြှင့်တင်ပေးရမယ့် ကဏ္ဍတစ်ခု ဖြစ်တယ်လို့ထင်မြင်မိပါတယ်။ ကလေးစာပေဖွံ့ဖြိုးတိုးတက်ဖို့ ရည်ရွယ်ပြီး ဆောင်ရွက်တဲ့ ယနေ့ပွဲတော်ကြီးကို မန္တလေးမှာ ဆောင်ရွက်ခွင့်ရတဲ့အတွက် ကျေးဇူးတင်ကြောင်းပြောလိုပြီး သမ္မတကြီးကိုယ်တိုင် တက်ရောက် ဖွင့်လှစ်ပေးတဲ့အတွက်လည်း မန္တလေးလူထုကိုယ်စားသမ္မတကြီးနဲ့ဇနီးတို့ကို ကျေးဇူးတင်ကြောင်း သတ်သတ်မှတ်မှတ် ပြောလိုပါတယ်။

မရွှန်းလဲ့ထွန်း (အဋ္ဌမတန်း)
မင်းမြန်မာကိုယ်ပိုင်ကျောင်း

ကစားနည်းပြိုင်ပွဲအစုံရှိတဲ့အပြင် သမီးတို့ကြိုက်တဲ့ စာအုပ်တွေလည်း အများကြီးတွေ့ခဲ့ရတယ်။ သမီးအခု အရုပ်ဆက်၊ စကားပုံဆက်ပြိုင်ပွဲနဲ့ ပန်းချီပြိုင်ပွဲတွေ ဝင်ပြိုင်ခဲ့ပါတယ်။ မနက်ဖြန်ကျောင်းကလည်း ထပ်ပြီးလိုက်ပို့ ပေးမယ်လို့ ပြောပါတယ်။ သူများတွေ ပျော်နေတာကို ကြည့်ပြီး သမီးလည်းပျော်ပါတယ်။ သမ္မတကြီးနဲ့ ရုပ်ရှင်မင်းသမီးယွန်းယွန်းကို တွေ့ခွင့်ရလို့ အလွန်ပျော်နေတယ်။ ဖြစ်နိုင်ရင် တစ်နေကုန်နေပြီး ပြိုင်ပွဲတွေမှာ ဝင်ပြိုင်ချင်ပါတယ်။

နန်းစုစုစံ (ဆဋ္ဌမတန်း)
ကံတက်ကုန်းမစိုးရိမ် ဘကကျောင်း

သမီးဒီကို ရောက်ရောက်ချင်း အရုပ်ကြီးနဲ့တွဲပြီး ဓာတ်ပုံရိုက်ခဲ့တယ်။ ဂိမ်းပြိုင်ပွဲတွေလည်း ပြိုင်ခဲ့တယ်။ သမီးရောသူငယ်ချင်းတွေရော အားလုံးပျော်နေကြပါတယ်။ မနက်ဖြန် အမေနဲ့လာရင် ဝယ်ခိုင်းဖို့ ကာတွန်းနဲ့ ကဗျာစာအုပ်တွေကြည့်ခဲ့တယ်။ သမီးကျောင်းပေါင်းစုံက ကျောင်းသား ကျောင်းသူတွေအစုံနဲ့ ပျော်ရွှင်စရာ ကစားနည်းမျိုးစုံကို ဒီလိုတစ်ခါမှ မကြုံခဲ့ဘူး။ ဒီကပြန်ရင်သူငယ်ချင်းတွေကို ပျော်စရာတွေကောင်းတဲ့အကြောင်းကို ပြောပြမှာပါ။

ဒေါ်သန်းသန်းနွယ် (အထက ၂၂)

ကျောင်းသူ ကျောင်းသားတွေအများကြီး ဒီလိုပျော်ရွှင်နေကြတာကို မြင်ရတာ ကြည်နူးစရာကောင်းပါတယ်။ သူတို့ကို ကြည့်ရတာ လွတ်လပ်ပေ့ါပါး တက်ကြွနေကြတယ်။ ပြခန်းမှာ ပြသထားတဲ့ ပစ္စည်းတွေကလည်း ကလေးတွေအတွက် ဗဟုသုတရစရာတွေ အများကြီးဖြစ်စေတဲ့အတွက် ဒီပွဲလုပ်ပေးတာကို အလွန်ဝမ်းသာနေပါတယ်။ ကလေးတွေအတွက် တကယ့်ကိုရှိသင့်တဲ့ ပွဲတော်တစ်ခုပါပဲ။ ဒါကြောင့် မိဘတိုင်း ကိုယ့်သားသမီးရဲ့နောင်ရေးအတွက် ဒီပွဲတော်ကို မဖြစ်မနေပို့ပေးဖို့ ပြောလိုပါတယ်။

မောင်ထူးအောင်ဝေ (နဝမတန်း)
CAE ကိုယ်ပိုင်အထက်တန်းကျောင်း

ကျွန်တော်တို့ ပြခန်းမှာ သိပ္ပံပြခန်း သင်္ချာပြခန်း၊ အင်္ဂလိပ်စာပြခန်းဆိုပြီး အပိုင်းသုံးပိုင်းခွဲပြီး ပြထားပါတယ်။ ကလေးတွေအများကြီးလာပြီး ပျော်ပျော်ရွှင်ရွှင်နဲ့လေ့လာကြတယ်။ ပြခန်းမှာရှိတဲ့ စာလုံးဆက်နည်းတွေကို လာပြိုင်နေကြတာတွေ့တော့ ကျွန်တော်တို့လည်း သူတို့လိုပျော်ရွှင်နေပါတယ်။ ဉာဏ်စမ်းဆိုတာ ဉာဏ်ရည်ကို ထက်မြက်စေပြီး ပျော်စရာကောင်းတဲ့ ပြိုင်ပွဲဖြစ်လို့ နောက်ရက်တွေလည်း လာပြီးပြိုင်ပွဲဝင်ကြဖို့ ဖိတ်ခေါ်ပါတယ်။

ကိုဇော်မင်းဦး (ကျောင်းသားမိဘ)
ပြည်ကြီးတံခွန်မြို့နယ်

ဒီပွဲတော်ကျင်းပမယ့် သတင်းတွေကို တီဗွီနဲ့သတင်းစာတွေမှာ ဖော်ပြတာ တွေ့ရကတည်းက စိတ်ဝင်စားနေတာပါ။ ဒါကြောင့် သားနဲ့သမီးကို ပွဲတော်ဖွင့်ဖွင့်ချင်းပဲ လိုက်ပို့ဖြစ်တာပါ။ သူတို့က အရုပ်ဆက်ပြိုင်ပွဲနဲ့ ပန်းချီပြိုင်ပွဲတွေမှာ ဝင်ပြိုင်ပြီး ဆုတွေလည်းရခဲ့တယ်။ သူတို့လိုချင်တဲ့ စာအုပ်တွေလည်း ဝယ်ပေးခဲ့တယ်။ အလွန်သဘောကျတယ်ဗျာ။ ကလေးတွေအတွက် တကယ်ကို လုပ်ပေးသင့်တဲ့ လိုအပ်ချက်တစ်ခုပါ။ ဒါကြောင့် သူတို့ကို လိုက်ပို့ပေးရတာ ကျေနပ်ပါတယ်။ နောက်ရက်တွေလည်း အားရင်အားသလို လိုက်ပို့ပေးဦးမှာပါ။ မိဘတိုင်း ကျွန်တော့်လို မဖြစ်မနေလိုက်ပို့ကြမယ်လို့ ထင်ပါတယ်။

ကိုရန်နိုင်(နိုင်နိုင်စာပေ)

ရန်ကုန်ကနေ မန္တလေးကို ပထမဆုံးအကြိမ် လာဖွင့်တာပါ။ ပွဲတော်ကလည်း ကြက်ပျံမကျစည်ကားသလို ယူလာတဲ့ စာအုပ်တွေလည်း တစ်နေ့တည်းကုန်သွားလို့ နောက်နှစ်ရက်အတွက် ထပ်မှာထားရပါတယ်။ ကျွန်တော့်ဆိုင်မှာ အဓိကရောင်းပေးတာက ကလေးအကြိုက်စာပေဖြစ်တဲ့ ပုံပြင်တို့ ဗုဒ္ဓသမိုင်းစာအုပ်ကလေးတွေ ဉာဏ်ရည်ဖွံ့ဖြိုးမှုကို အထောက်အကူပြုစေမယ့် စာအုပ်တွေရောင်းချပါတယ်။ ဒီနေ့တစ်နေ့တည်း အုပ်ရေ ၄၀၀၀ ကျော်၊ ငွေကျပ်ငါးသိန်းကျော်ဖိုး ရောင်းရပါတယ်။ ရောင်းဈေးတွေကတော့ တစ်အုပ်ကို ငွေကျပ် ၃၀၀ နဲ့ ၁၀၀၀ ကြား ပုံမှန်ဈေးအတိုင်း ရောင်းပေးပါတယ်။ သမ္မတကြီးကိုယ်တိုင် လာရောက်ဖွင့်လှစ်ပေးတယ်။ ကျောင်းတွေကလည်း ကားတွေနဲ့စုစုစည်းစည်း လိုက်ပို့ပေးတဲ့အပြင် မိဘတွေကလည်း ကလေးတွေ ပူဆာသမျှ ဝယ်ပေးနေတာ တွေ့ရပါတယ်။

မင်းထက်အောင်(မန်းကိုယ်ပွား)

သီပေါ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသရုပ်ပြ

သီပေါ ဇန်နဝါရီ ၂၇

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း သိုလှောင်ဖြန့်ဖြူးရေးဌာန မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြသခြင်းကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက အဆိုပါဌာန၌ ကျင်းပရာ မြို့နယ်မီးဘေးတားဆီးရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင် ရှမ်းပြည်နယ်မြောက်ပိုင်းရောင်းဝယ်ရေးအရာရှိ ဦးတင်မောင်မောင်၊ မြို့မိမြို့ဖများ၊ မြို့နယ်မီးဘေးတားဆီးရေးကော်မတီဝင်များနှင့် ရေနံဝန်ထမ်းများတက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းဌာနခွဲ မြို့နယ်မန်နေဂျာ ဦးတင်မောင်အေးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်း ကွပ်ကဲသော မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်စက်၊ မီးသတ်ပိုက်များဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးသတ်ဆေးဘူးများဖြင့် အသုံးပြုပြသခြင်း၊ မီးသတ်ဆေးဘူးများ စစ်ဆေးခြင်းတို့ကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

ကျေးလက်လမ်းများဖွံ့ဖြိုးရေးဆိုင်ရာ မဟာဗျူဟာမူကြမ်း အကြံဉာဏ်ရယူခြင်းအလုပ်ရုံဆွေးနွေး

မုံရွာ ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံ၌ ဆင်းရဲနွမ်းပါးမှုဖြစ်ရခြင်း အခြေခံအကြောင်းရင်းသည် ကျေးလက်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုမရှိခြင်းကြောင့်ဖြစ်ရာ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်းတံတား ဖွံ့ဖြိုးရေးသည် အလွန်အရေးကြီးကြောင်း ဇန်နဝါရီ ၂၇ ရက်က မုံရွာမြို့ ကျောက္ကာလမ်း King & Queen ဟိုတယ်ခန်းမ၌ ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လမ်းများ ဖွံ့ဖြိုးရေးဆိုင်ရာ မဟာဗျူဟာမူကြမ်း အကြံဉာဏ်ရယူခြင်း အလုပ်ရုံဆွေးနွေးပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းကျော်မျိုးက ထည့်သွင်းပြောကြားသည်။

"၂၀၁၆ ခုနှစ် ဒီဇင်ဘာလက ကောက်ယူတဲ့စာရင်းအရ ကျေးရွာ ၅၇၂၂၈ ရွာမှာ အဆင့်မြင့်လမ်းမကြီးတွေနဲ့ ချိတ်ဆက်တဲ့ရွာ ၁၂၄၀၅ ရွာရှိပြီး ရာသီမရွေးသွားလာနိုင်တဲ့ လမ်းရှိတဲ့ရွာ ၁၆၂၃၈ ရွာရှိပါတယ်။ ခြောက်သွေ့ရာသီမှာ သွားလာနိုင်တဲ့ရွာ ၂၀၃၅၅ ရွာနဲ့ လမ်းမပေါက်သေးတဲ့ရွာက ၈၂၃၀ ရွာရှိပါတယ်။ မြန်မာနိုင်ငံရဲ့ အဲဒီလမ်းလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် ကျေးလက်ဦးစီးဌာနဟာ ADB နဲ့ပူးပေါင်းပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာကို ရေးဆွဲခဲ့ပါတယ်"ဟု ဦးဝင်းကျော်မျိုးက ရှင်းပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းကျော်မျိုးက ကျေးလက်လမ်းများ ဖွံ့ဖြိုးရေးမဟာဗျူဟာ ဒုတိယမူကြမ်းကို ရှင်းလင်းပြသကာ မဟာဗျူဟာမူကြမ်းအပေါ်၊ မေးမြန်းအကြံပြုချက်များအပေါ် ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အာရှဖွံ့ဖြိုးရေးဘဏ်က ၂၀၁၅ ခုတွင် ထုတ်ပြန်ခဲ့သော Myanmar Transport Sector Policy Note အရလည်း နိုင်ငံလူဦးရေသန်း ၂၀ ခန့်သည် ရာသီမရွေးဆက်သွယ်သွားလာနိုင်သော လမ်းများကို အသုံးပြုနိုင်ခြင်းမရှိခြင်းကြောင့် မိမိတို့၏ ဒေသထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်နိုင်ခြင်းမရှိသကဲ့သို့ ၇၅ ရာခိုင်နှုန်းသော မိခင်ကလေးသေဆုံးမှုဖြစ်စဉ်များ၊ ရာခိုင်နှုန်း ၉၀ သော မူလတန်းအဆင့်ကျောင်းထွက်မှုနှုန်းများသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုနှင့် ဆက်စပ်နေပြီး ကျေးလက်ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းများသည် ကျေးလက်သယ်ယူပို့ဆောင်ရေး လွယ်ကူချောမွေ့မှုအပေါ်များစွာအခြေခံနေခြင်းတို့ကြောင့် ကျေးလက်လမ်းတံတားဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ရန် အကြံပြုထားကြောင်း သိရသည်။

မျိုးဝင်းထွန်း (မုံရွာ)

လျှပ်စစ်ဓာတ်အား သုံးစွဲမှုသတိပြု

လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ခြင်း (Short Circuit)၊ လျှပ်စစ်ဓာတ်အားပမာဏ ပိုမိုလွန်ကဲစွာဖြစ်ပေါ်ခြင်း (Over Heating or Over Loading)နှင့် ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းကိရိယာများသုံးစွဲခြင်းမှ အပူနှင့်မီးပွားများ ဖြစ်ပေါ်ခြင်းတို့ကြောင့် မီးလောင်မှုစတင်ဖြစ်ပွားနိုင်သဖြင့် စံချိန်စံညွှန်းကိုက်ညီကောင်းမွန်သည့်လျှပ်စစ်ဝိုင်ယာကြိုးကိုသုံးပါ။ မီးအားမြှင့်စက်(Transformer) အတင်အချသတိမမေ့ပါနှင့် မီးအားထိန်းကိရိယာ(Safe Guard)ချွတ်ယွင်းပါက အလိုအလျောက် (Auto)ပြတ်မကျသည်ကို သတိပြုပါ။ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သော နေရာများတွင်သာ တပ်ဆင်၍ အနီးအနား၌ မီးလောင်လွယ်သောပစ္စည်းများမထားရန် သတိပေးနှိုးဆော်အပ်ပါသည်။

မီးသတ်ဦးစီးဌာန

စိတ်ရှည်သည်းခံရန် လိုအပ်သည့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးခရီးစဉ်

ဦးသောင်းထွန်း

ရခိုင်ဒေသတွင် မကြာသေးခင်က ဖြစ်ပွားခဲ့သည့် အခြေအနေများကြောင့် နိုင်ငံတကာမှ အာရုံစိုက်ခံခဲ့ရပြီး မီဒီယာများတွင်လည်း မြန်မာနိုင်ငံနှင့် ပတ်သက်သည့် သတင်းများ နေရာအနှံ့ ထွက်ပေါ်ခဲ့ပါသည်။ ဆိုးရွားသည့် ရက်စက်ကြမ်းကြုတ်သည့်အပြုအမူများရှိသယောင် ပျံ့နှံ့နေသည့် သတင်းဖော်ပြချက်များကို အကြောင်းပြု၍ မြန်မာနိုင်ငံအရေး စောင့်ကြည့်နေသူများမှ ဝေဖန်သုံးသပ်မှုများကို အလျင်စလို ပြုလုပ်လျက်ရှိပါသည်။

မြန်မာအစိုးရအနေဖြင့် ရခိုင်ဒေသရှိ ပြည်သူများ၏ ဒုက္ခများအား ခံစားချက်မဲ့စွာ လက်ပိုက်ကြည့်နေသည်ဟူ၍လည်းကောင်း၊ မြန်မာနိုင်ငံ၏ စစ်မှန်သော ဒီမိုကရေစီလမ်းစဉ်အတွက် အခက်အခဲများကိုအန်တုလျက် ကြံ့ကြံ့ခံလှုပ်ရှားရုန်းကန်ခဲ့သည့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ရေငုံနှုတ်ပိတ်နေသူဟူ၍လည်းကောင်း စွပ်စွဲမှုအမျိုးမျိုး ပြုလုပ်နေကြပါသည်။

ထိုစွပ်စွဲချက်များသည် အမှန်တရားနှင့် ကင်းကွာသွားစေပါသည်။ မြန်မာအစိုးရအနေဖြင့် ရခိုင်ဒေသရှိ ပြဿနာများအား ဖြေရှင်းနိုင်ရန်အတွက် လည်းကောင်း၊ အဆိုပါဒေသအတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ပြန်လည်တည်ဆောက်ပေးနိုင်ရန်အတွက် လည်းကောင်း ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်လျက်ရှိနေပါသည်။ ကျွန်တော့်အား အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ပေးအပ်သည့် အကြောင်းရင်းမှာ မြန်မာပြည်သူများ၏လုံခြုံမှု အာမခံရှိရေးနှင့် အထူးသဖြင့် ရခိုင်ဒေသနှင့် ပတ်သက်သည့် နိုင်ငံတကာ၏ စိုးရိမ်မှုများကို တုံ့ပြန်နိုင်ရန်အတွက်ပင်ဖြစ်ပါသည်။

ကျွန်တော့်အနေဖြင့် မြန်မာနိုင်ငံ၏ တည်ငြိမ်လုံခြုံမှုရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်ပါသည်။ ထို့အတူ ရခိုင်ဒေသရှိ ပြည်သူအားလုံး၏အကျိုးစီးပွားကို ကာကွယ်နိုင်ရန်အတွက်လည်း အထူးအလေးထား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လက်ရှိအချိန်သည် ပြစ်တင်ရှုတ်ချမှုများကို အလေသုံးဆယ်မပြုလုပ်ဘဲ အမှန်နှင့်အမှားကို ခွဲခြားသုံးသပ်ရမည့်အချိန်ဖြစ်ပါသည်။ ရခိုင်ဒေသအခြေအနေမှာ စိန်ခေါ်မှုများနှင့် ရှုပ်ထွေးနက်နဲသည့် အနေအထားဖြစ်ပါသည်။ နှစ်ပေါင်းများစွာပြုခဲ့ကြသည့် အမှားအယွင်းများကြောင့် အကြောက်တရားနှင့် သံသယများကို ကြီးထွားလာစေခဲ့ပါသည်။ ဖွံ့ဖြိုးတိုးတက်မှု အလွန်အမင်း နောက်ကျနေသည့် အခြေအနေကလည်း အခြေအနေကို အဆိုးဘက်သို့ ပိုမို၍တွန်းပို့ရာရောက်စေခဲ့ပါသည်။ အဆိုပါဒေသရှိ မွတ်စလင်အသိုက်အဝန်းအနေဖြင့် ထိခိုက်ခံစားနေရသလို ဗုဒ္ဓဘာသာအသိုက်အဝန်းအနေဖြင့်လည်း ကိုယ့်မွေးရပ်မြေ ကိုယ့်ဌာနေမှာပင် လူနည်းစုဘဝသို့ ရောက်ရှိလာသည့် အနေအထားကို ကြောက်ရွံ့စိုးရိမ်နေရသည်မှာ ငြင်းဆန်၍မရသည့် အချက်ဖြစ်ပါသည်။

ထို့ကြောင့် ရခိုင်ဒေသရှိ ပြည်သူအားလုံးအတွက် အနာဂတ်မျှော်လင့်ချက်များကို ဖန်တီးဖြည့်ဆည်းပေးရန် ကျွန်တော်တို့တွင် တာဝန်ရှိပါသည်။ ထိုသို့ ဖန်တီးဖြည့်ဆည်းပေးနိုင်ရန်အတွက် လက်ရှိပြဿနာများကို ပိုမိုဆိုးရွားအောင်မလုပ်ဘဲ ဖြေရှင်းကျော်လွှားနိုင်ရန် အာရုံစူးစိုက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ လက်တွေ့ရင်ဆိုင်နေရသည့် အခက်အခဲများကို မျက်စိမှိတ်ငြင်းဆန်နေမည်ဆိုပါက အခြေအနေများအား တိုးတက်ကောင်းမွန်လာရေး ဆောင်ရွက်နိုင်ရန်အတွက် မည်သို့မျှ အထောက်အကူပြုမည်မဟုတ်ပါ။

မြန်မာနိုင်ငံတွင် ပြည်ပမှ အထောက်အပံ့ပေးထားသည့် အစွန်းရောက်ဝါဒ အခြေခံ လက်နက်ကိုင် သောင်းကျန်းမှုတစ်ခု စတင်ဖြစ်ပေါ်နေကြောင်းကို International Crisis Group မှ မကြာသေးမီကပင် ထောက်ပြခဲ့ပါသည်။ ဤအချက်မှာ အထူးစိုးရိမ်စရာကောင်းသည့် အနေအထားဖြစ်ပါသည်။ အစွန်းရောက် လက်နက်ကိုင်လှုပ်ရှားသူများသည် ဒေသခံပြည်သူများ၏ အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားမည်မဟုတ်ဘဲ ၎င်းတို့အား လူတစ်စုအကျိုးအတွက် အသုံးချသွားမည်သာ ဖြစ်ပါသည်။

> **ယခင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဖြစ်သည့် မစ္စတာ ကိုဖီအာနန် ဦးဆောင်သည့် ကော်မရှင်သည် မြန်မာအစိုးရအနေဖြင့် ရေရှည်အတွက် နည်းလမ်းများရှာဖွေရာတွင် အထောက်အကူပြုမည်ဖြစ်ပါသည်။ ဒေသအတွင်း တည်ငြိမ်မှုရရှိစေရေးအတွက် ကျွန်တော်တို့၏ ကြိုးပမ်းမှုတွင်သာမက ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများမှလည်း လူသားချင်းစာနာထောက်ထားမှု အကူအညီများအား ပံ့ပိုးပေးလျက်ရှိပါသည်။ ယင်းသို့ ဆောင်ရွက်မှုသည် ညီညွတ်သော မြန်မာနိုင်ငံအတွင်းမှ ရခိုင်ဒေသရှိပြည်သူများအတွက် ပိုမိုကောင်းမွန်သော အနာဂတ်ကို ဆောင်ကြဉ်းပေးနိုင်ရန် ကြိုးပမ်းလျှောက်လှမ်းသည့် ခြေလှမ်းများဖြစ်**

ထိုကဲ့သို့သော အနေအထားကို သတင်းမှားနှင့် လိုရာဆွဲဝါဒဖြန့်သည့် လုပ်ဆောင်ချက်များက ပိုမို၍ ဆိုးရွားလာစေပါသည်။ မကြာသေးမီက ကလေးငယ်တစ်ဦးအား လျှပ်စစ်ကျဉ်စက်ဖြင့် နှိပ်စက်မှုကို မြန်မာနိုင်ငံမှ လုံခြုံရေးတပ်ဖွဲ့များက ဆောင်ရွက်သည်ဆိုပြီး နိုင်ငံတကာသတင်းများတွင် ဖော်ပြခဲ့ကြပါသည်။ အမှန်တကယ်တွင် ယင်းဖြစ်စဉ်မှာ မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့ခြင်းမဟုတ်ဘဲ ကမ္ဘောဒီးယားနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ် ဖြစ်နေခဲ့ပါသည်။

အင်အားအလွန်အကျွံ အသုံးပြုမှု၊ လူသတ်မှုနှင့် မုဒိမ်းမှုများကဲ့သို့သော ဆောင်ရွက်မှုများအတွက် ကျွန်တော်တို့မည်သို့မျှ သည်းခံမည်မဟုတ်ပါ။

ထင်ရှားသည့် ဥပမာတစ်ခုပြရမည်ဆိုပါက လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် မွတ်စလင်အချို့အား ကန်ကျောက်ရိုက်နှက်သည့် ဗီဒီယိုမှတ်တမ်းထွက်လာသည့်အခါ အဆိုပါလုံခြုံရေးတပ်ဖွဲ့များအား ချက်ချင်းပင် ထိန်းသိမ်းအရေးယူခဲ့ပါသည်။ ထို့အပြင် စွပ်စွဲမှုများကို စုံစမ်းစစ်ဆေးနိုင်ရန်အတွက် ဗုဒ္ဓဘာသာနှင့် မွတ်စလင်အသိုက်အဝန်းနှစ်ခုမှ ပုဂ္ဂိုလ်များပါဝင်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်ကိုလည်း ဖွဲ့စည်းဆောင်ရွက်ထားရှိပါသည်။

မြန်မာအစိုးရအား ထိုးနှက်သိက္ခာချရန်နှင့် နိုင်ငံမတည်မငြိမ်ဖြစ်စေရန်အတွက် ရည်ရွယ်ပြီး လှုပ်ရှားမှုတစ်ရပ်ဆောင်ရွက်လျက်ရှိနေသည်ကို အထောက်အထား အတော်များများက ညွှန်ပြလျက်ရှိပါသည်။ ဤအခြေအနေကို တုံ့ပြန်နိုင်ရန် မိမိတို့အနေဖြင့် အမှန်တကယ်ဖြစ်ပေါ်နေသည့် ပြဿနာအတွက် လက်တွေ့ကျပြီး ရေရှည်အကျိုးပြုမည့် နည်းလမ်းများကို အလေးထားရှာဖွေ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း ယခင်ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဖြစ်သည့် မစ္စတာ ကိုဖီအာနန် ဦးဆောင်သည့် လွတ်လပ်သည့် အကြံပေးကော်မရှင်တစ်ရပ် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ ကော်မရှင်သည် မြန်မာအစိုးရအနေဖြင့် ရေရှည်အတွက် နည်းလမ်းများရှာဖွေရာတွင် အထောက်အကူပြုမည်ဖြစ်ပါသည်။ ဒေသအတွင်း တည်ငြိမ်မှုရရှိစေရေးအတွက် ကျွန်တော်တို့၏ ကြိုးပမ်းမှုတွင်သာမက ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများမှလည်း လူသားချင်းစာနာထောက်ထားမှု အကူအညီများအား ပံ့ပိုးပေးလျက်ရှိပါသည်။ ယင်းသို့ ဆောင်ရွက်မှုသည် ညီညွတ်သော မြန်မာနိုင်ငံအတွင်းမှ ရခိုင်ဒေသရှိပြည်သူများအတွက် ပိုမိုကောင်းမွန်သောအနာဂတ်ကို ဆောင်ကြဉ်းပေးနိုင်ရန် ကြိုးပမ်းလျှောက်လှမ်းသည့် ခြေလှမ်းများဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့် ပတ်သက်လျှင် ရခိုင်ဒေသ၌ ဖြစ်ပေါ်နေမှုသက်သက်ကို ကွက်ကွက်ကလေး ကြည့်၍မရနိုင်ပါ။ နှစ်ပေါင်းငါးဆယ်အတွင်း ပထမဆုံးသော ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ပြီး ငြိမ်းချမ်းသော၊ သာယာဝပြောသော၊ ဒီမိုကရေစီခိုင်မာသော နိုင်ငံတစ်နိုင်ငံအဖြစ် တည်ဆောက်နိုင်ရန် ကြိုးပမ်းနေသည်မှာ အချိန်ကာလအားဖြင့် တစ်နှစ်မျှသာရှိပါသေးသည်။

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ရွေးကောက်ပွဲမဝင်မီကာလက ၁၅ နှစ်ကြာမျှ နေအိမ်အကျယ်ချုပ်ဖြင့် နေထိုင်ခဲ့ရပါသည်။ ယင်းအခြေအနေကို သုံးသပ်ပါက စိတ်ရှည်သည်းခံနိုင်စွမ်း၏အကျိုးကို တွေ့ရမည်ဖြစ်ပါသည်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုသည်မှာ ညတွင်းချင်း ဖြစ်ပေါ်လာသည်မျိုးမဟုတ်ဘဲ အပြင်းအထန်ကြိုးပမ်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် ရှေ့တွင်ဆက်၍ ဆောင်ရွက်ဖွယ်ရာကိစ္စရပ်များ အပုံအပင်ရှိနေသည့်နည်းတူ မိမိတို့လျှောက်လှမ်းခဲ့သော ခရီးလမ်းကို လည်ပြန်ကြည့်ရန်လိုအပ်ပါသည်။

ကျွန်တော်တို့၏ အကြီးမားဆုံးသော အမျိုးသားရေးဦးတည်ချက်မှာ ကမ္ဘာ့သက်တမ်းအရှည်ဆုံး ပြည်တွင်းစစ်များထဲမှ တစ်ခုဖြစ်နေသည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခကို အဆုံးသတ်နိုင်ရေး ဖြစ်ပါသည်။ အဆိုပါ အမျိုးသားရေးဦးတည်ချက်အတွက် လက်နက်ကိုင်အဖွဲ့အစည်းများအကြား ဆွေးနွေးမှုများဖြင့် စတင်လျက်ရှိပါသည်။ ထို့အတူ နှစ်ပေါင်းများစွာ သီးခြားရပ်တည်ခဲ့မှုအား အဆုံးသတ်ခဲ့ပြီး ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့မှုကို ကျော်လွှားနိုင်ရန်အတွက် နိုင်ငံ၏စီးပွားရေးကို ပြန်လည်တည်ဆောက်နေသလို လူမှုဘဝဖွံ့ဖြိုးရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါသည်။

ကျွန်တော်တို့၏ လွတ်လပ်ခွင့်အတွက် ရုန်းကန်လှုပ်ရှားခဲ့စဉ် ဆယ်စုနှစ်များစွာ ကာလများ၌ နိုင်ငံတကာအနေဖြင့် ထောက်ခံမှု၊ ပံ့ပိုးမှုများ ပေးခဲ့ပါသည်။ အလားတူ မြန်မာနိုင်ငံသည် ရခိုင်ဒေသအရေးကိစ္စတစ်ခုတည်းအတွက်သာမက ပျိုမျစ်နုနယ်ထိခိုက်လွယ်သည့် ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်ရေးလမ်းစဉ်ကြီးတစ်ခုလုံး အပါအဝင် ကျန်ရှိနေသေးသည့် စိန်ခေါ်မှုများကို ဖြေရှင်းကျော်လွှားနိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေရသည်ဖြစ်၍ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ဆက်လက်ပြီး အားပေးကူညီထောက်ခံကြပါရန် တိုက်တွန်းလိုက်ရပေသည်။

[ဦးသောင်းထွန်းသည် သံတမန်ဟောင်းတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံအစိုးရ၏ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ်ဖြစ်သည်။]

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းများကို မောင်တောဒေသ၌ စနစ်တကျခွဲဝေထောက်ပံ့

မောင်တော ဇန်နဝါရီ ၂၇

အင်ဒိုနီးရှားနိုင်ငံမှ ပေးပို့လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းများကို ယနေ့ နံနက်ပိုင်းတွင် မောင်တော ဒေသရှိ ကျေးရွာများ၌ စနစ်တကျ ခွဲဝေထောက်ပံ့ခဲ့သည်။ (ယာပုံ)

ခရိုင်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ၊ မောင်တောမြို့မိမြို့ဖများနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက် ၇ နာရီတွင် ခွဲဝေထောက်ပံ့ပေးအပ်ရေးအဖွဲ့ငယ် ခုနစ်ဖွဲ့ ဖွဲ့စည်း၍ အဆိုပါထောက်ပံ့ရေးပစ္စည်းများကို ကျေးရွာများအရောက် ကွင်းဆင်းသွားရောက် ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးရဲထွင်က "ထောက်ပံ့ရေးပစ္စည်းတွေဖြစ်တဲ့ ဂျုံ၊ ဘီစကစ်၊ ခေါက်ဆွဲနဲ့ ပုဆိုးတွေကို တာဝန်ရှိသူတွေပါဝင်တဲ့ အဖွဲ့ငယ်တွေဖွဲ့စည်းပြီး မောင်တောဒေသမှာရှိတဲ့ ကျေးရွာအုပ်စု ၂၄ အုပ်စု၊ ကျေးရွာ ၅၂ ရွာကို ဒီနေ့နံနက်ပိုင်းမှာ စနစ်တကျ ခွဲဝေထောက်ပံ့ပေးခဲ့တယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ၊ မောင်တော မြို့မိမြို့ဖတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေက ကျေးလက်ဒေသတွေမှာရှိတဲ့ ဘာသာရေးအဖွဲ့အစည်းတွေ၊ ဒေသခံပြည်သူတွေရှေ့မှာ စနစ်တကျပေးအပ်ခဲ့ခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

"ဒီလိုထောက်ပံ့ရေးပစ္စည်းတွေကို လာရောက်ထောက်ပံ့ပေးတယ်ဆိုတော့ ရွာသူ ရွာသားတွေအားလုံးက ဝမ်းသာနေကြတယ်၊ နောက်ထပ် ထောက်ပံ့ပေးမယ်ဆိုရင်လည်း ဝမ်းပန်းတသာ ကြိုဆိုလက်ခံသွားမယ်"ဟု မောင်တောမြို့နယ် ကြက်ရိုးပြင်ကျေးရွာမှ ဦးနူရ်ဟူဆင်က ပြောသည်။

ဖားဝပ်ချောင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက "ကျွန်တော်တို့ကျေးရွာအရောက် လာရောက်ထောက်ပံ့ပေးတဲ့အတွက် နှစ်ဖက်အဖွဲ့အစည်းတွေကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးအနေနဲ့ အထူးဝမ်းသာရပါတယ်"ဟု ၎င်းက ဆိုသည်။

မောင်ဇော်(သတင်းစဉ်)၊ ဓာတ်ပုံ-ဖိုးဇော်

မောင်တောမြို့နယ်၌ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်မှုများ

နေပြည်တော် ဇန်နဝါရီ ၂၇

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်ခံရမှု ကြုံတွေ့ပြီးနောက်ပိုင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နိုင်ငံတကာအဖွဲ့အစည်းများ (WFP အပါအဝင်)၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် ပြည်တွင်းအလှူရှင်များက ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၄ ရက်မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၆ ရက်အထိနှင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၆ ရက်အထိ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်မှုအခြေအနေနှင့် ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားမှုမှာ အောက်ပါအတိုင်းဖြစ်သည်-

ရက်စွဲ၊ ၂၆-၁-၂၀၁၇

စဉ်	စားသောက်ကုန်ပစ္စည်းများ အိမ်သုံးနှင့်လုပ်ငန်းသုံး ပစ္စည်းများထောက်ပံ့မှု အခြေအနေ		ဌာန/ အဖွဲ့အစည်း					စုစုပေါင်း
			လူမှုဝန်ထမ်း ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန	နယ်စပ်ရေးရာ ဝန်ကြီးဌာန	နိုင်ငံတကာအဖွဲ့ အစည်းများ(WFP အပါအဝင်)	ရခိုင်ပြည်နယ် အစိုးရအဖွဲ့	ပြည်တွင်း အလှူရှင်များ	
၁	ငွေသား(ကျပ် သန်း)		၁၄၀.၂၂	-	၉.၃၉၅	၄.၉၅	၁၄၂.၉၀၉	၂၉၇.၄၇၄
၂	ဆန်(အိတ်)		၃၃၅၁	၄၅၀၀	၁၂၂၇၀.၅၆	၄၃၀၀	၂၈၂၇ . ၅၀	၂၇၂၄၉.၀၆
၃	ငါးခြောက်(ပိဿာ)		၄၃၄၄	၄၀၀	၆၅၀	၁၀၀၀	၁၂၇၅	၇၆၆၉
၄	စက်သုံးဆီ(ဂါလံ)		၆၂၆၉	-	-	၈၄၈၈	-	၁၄၇၅၇
၅	စားဆီ(ပိဿာ)		၂၉၆၈	၈၂၁၂	၇၉၈၅.၆၇	၅၀	၁၄၉၄	၂၀၇၀၉.၆၇
၆	ဆား(ပိဿာ)		၃၂၁၃	၈၂၁၂	၁၄၁၇.၁၂	-	၇၉၈	၁၃၆၄၀.၁၂
၇	ပဲ(ပိဿာ)		၆၄၇၀	၈၂၁၂	၁၂၀၇၄.၅၉	၁၃၅၀	၁၂၁၀၉	၄၀၂၁၅.၅၉
၈	ငါးသေတ္တာ(ဗူး)		၃၄၈၀၀	-	-	-	-	၃၄၈၀၀
၉	သီးစုံ(ထုတ်)		-	-	၄၁၁	-	-	၄၁၁
၁၀	ဘီစကစ်	(ဖာ)	-	-	၁၀၄၈	-	-	၁၀၄၈
		(တန်)			၅ . ၇၇၁			၅ . ၇၇၁
၁၁	ကြက်သွန်(ပိဿာ)		-	-	-	-	၉၆၈	၉၆၈
၁၂	ခေါက်ဆွဲခြောက်(ဖာ)		-	-	၅၅၇၉	-	၈၀	၅၆၅၉
၁၃	အဝတ်အထည်(ထုတ်)		-	-	၇၁	-	၆	၇၇
၁၄	ငရုတ်သီးမှုန့်(ထုတ်)		-	-	-	-	၃၂၂	၃၂၂
၁၅	ဟင်းချိုမှုန့်(ထုတ်)		-	-	-	-	၁၄၂	၁၄၂
၁၆	အာလူး(အိတ်)		-	-	-	-	၅၆	၅၆
၁၇	ဂေါ်ဖီခြောက်(အိတ်)		-	-	-	-	၃	၃
၁၈	ငါးပိ(အိတ်)		-	-	-	-	၁၂	၁၂
၁၉	ငရုတ်သီးခြောက်(ပိဿာ)		-	-	-	-	၁၆၅	၁၆၅
၂၀	ကြက်ဥ(လုံး)		-	-	-	-	၅၀၀	၅၀၀
၂၁	ခြင်ထောင်(လုံး)		-	-	-	-	၈၀	၈၀
၂၂	စပါးရိတ်သိမ်းခြွေလှေ့စက်(လုံး)		-	-	-	၃၀	-	၃၀
၂၃	မီးစက်(လုံး)		-	-	-	၅	-	၅
၂၄	အာဟာရမှုန့်(တန်)		-	-	၅၄.၂၂	-	-	၅၄.၂၂
၂၅	ဂျုံ(အိတ်)		-	-	၂၂၂၂	-	-	၂၂၂၂
၂၆	ရွက်ဖျင်တဲ (ခု)		-	-	၁၂	-	-	၁၂

ရခိုင်ပြည်နယ်၊ မောင်တောဒေသအတွင်း
အကြမ်းဖက်တိုက်ခိုက်ခံရမှု ကြုံတွေ့ပြီးနောက်ပိုင်း
လူသားချင်းစာနာထောက်ထားမှု
အကူအညီများပေးအပ်မှုအခြေအနေ
(၄-၁၁-၂၀၁၆ မှ ၂၆-၁-၂၀၁၇ ထိ)

မောင်တောမြို့နယ် ပြောင်ပိုက်ကျေးရွာတွင် စားနပ်ရိက္ခာများ ဖြန့်ဝေစဉ်

ရက်စွဲ၊ ၂၆-၁-၂၀၁၇

စဉ်	စားသောက်ကုန်ပစ္စည်းများ အိမ်သုံး နှင့် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့မှုအခြေအနေ		ဌာန/ အဖွဲ့အစည်း					စုစုပေါင်း
			လူမှုဝန်ထမ်း ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန	နယ်စပ်ရေးရာ ဝန်ကြီးဌာန	နိုင်ငံတကာအဖွဲ့ အစည်းများ (WFP အပါအဝင်)	ရခိုင်ပြည်နယ် အစိုးရအဖွဲ့	ပြည်တွင်း အလှူရှင်များ	
၁	ငွေသား(ကျပ်သန်း)		၄၆.၄	-	၉.၀၉၅		၁၅.၀	၇၀.၄၉၅
၂	ဆန်(အိတ်)		၁၈၄၅	၄၀၀၀	၁၁၀၈၂.၅၆	၃၀၀	၃၀၀	၁၇၅၂၇.၅၆
၃	ငါးခြောက်(ပိဿာ)		-	၄၀၀	၆၅၀	-	-	၁၀၅၀
၄	စက်သုံးဆီ(ဂါလံ)		-	-	-	-	-	
၅	စားဆီ(ပိဿာ)		-	၈၂၁၂	၆၀၇၉.၆၇	၅၀	၁၆၅	၁၄၅၀၆.၆၇
၆	ဆား(ပိဿာ)		-	၈၂၁၂	၁၀၁၂.၆၂	-	-	၉၂၂၄ .၆၂
၇	ပဲ(ပိဿာ)		၃၆၉၀	၈၂၁၂	၁၁၉၈၁.၃၄	၁၃၅၀	၁၃၅၀	၂၆၅၈၃.၃၄
၈	ငါးသေတ္တာ(ဗူး)		-	-	-	-	-	
၉	သီးစုံ(ထုတ်)		-	-	၄၁၁	-	-	၄၁၁
၁၀	ဘီစကစ်	(ဖာ)	-	-	၁၀၄၈	-	-	၁၀၄၈
		(တန်)			၅ . ၇၇၁			၅ . ၇၇၁
၁၁	ကြက်သွန်(ပိဿာ)		-	-	-	-	-	
၁၂	ခေါက်ဆွဲခြောက် (ဖာ)		-	-	၅၅၇၉		-	၅၅၇၉
၁၃	အဝတ်အထည်(ထုတ်)		-	-	၇၁	-	-	၇၁
၁၄	ငရုတ်သီးမှုန့်(ထုတ်)		-	-	-	-	-	-
၁၅	ဟင်းချိုမှုန့်(ထုတ်)		-	-	-	-	-	-
၁၆	အာလူး(အိတ်)		-	-	-	-	-	-
၁၇	ဂေါ်ဖီခြောက်(အိတ်)		-	-	-	-	-	-
၁၈	ငါးပိ(အိတ်)		-	-	-	-	-	-
၁၉	ငရုတ်သီးခြောက်(ပိဿာ)		-	-	-	-	-	-
၂၀	ကြက်ဥ(လုံး)		-	-	-	-	-	-
၂၁	ခြင်ထောင်(လုံး)		-	-	-	-	-	-
၂၂	စပါးရိတ်သိမ်းခြွေလှေ့စက် (လုံး)		-	-	-	-	-	-
၂၃	မီးစက်(လုံး)		-	-	-	-	-	-
၂၄	အာဟာရမှုန့်(တန်)		-	-	၅၄.၂၂	-	-	၅၄.၂၂
၂၅	ဂျုံ(အိတ်)		-	-	၂၂၂၂	-	-	၂၂၂၂
၂၆	ရွက်ဖျင်တဲ (ခု)		-	-	၁၂	-	-	၁၂

ရခိုင်ပြည်နယ်၊ မောင်တောဒေသအတွင်း
အကြမ်းဖက်တိုက်ခိုက်ခံရမှု ကြုံတွေ့ပြီးနောက်ပိုင်း
လူသားချင်းစာနာထောက်ထားမှု
အကူအညီများပေးအပ်မှုအခြေအနေ (၁၇-၁၂-၂၀၁၆ မှ
၂၆-၁-၂၀၁၇ ထိ)

အင်ဒိုနီးရှားနိုင်ငံအစိုးရမှ ထောက်ပံ့ပစ္စည်းများလှူဒါန်း

အမ်း ဇန်နဝါရီ ၂၇

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်၌ အင်ဒိုနီးရှားနိုင်ငံအစိုးရမှ လူသားချင်းစာနာမှုဖြင့် လူမှုရေးအသင်းအဖွဲ့များဖြစ်ကြသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်း လေးကျောင်း၊ ကြက်ခြေနီအသင်း၊ အရန်မီးသတ်တပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့များအား ခေါက်ဆွဲခြောက် ဖာ ၁၉၀၊ ဂျုံမှုန့် ၆၆ အိတ်တို့အား ထောက်ပံ့လှူဒါန်းခဲ့သည်။ အဆိုပါ ခေါက်ဆွဲခြောက်နှင့် ဂျုံမှုန့်တို့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်က လူမှုရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများထံသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၇ ရက် နံနက် ၁၁ နာရီက လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မက္ကဆီကို နယ်စပ်ဖြတ်ကျော်သွင်းကုန်များအပေါ် အခွန် ၂၀ ရာခိုင်နှုန်း ထရန့်ကောက်ခံလို

ဝါရှင်တန် ဇန်နဝါရီ ၂၇

မက္ကဆီကိုနိုင်ငံ၏ နယ်စပ်ဖြတ်ကျော်သွင်းကုန်အားလုံးပေါ်တွင် အခွန် ၂၀ ရာခိုင်နှုန်း ကောက်ခံရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဆန္ဒရှိကြောင်း အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ စီယမ်စပိုင်ဆာက ယမန်နေ့က ပြောခဲ့သည်။

ထရန့်သည် အမေရိကန်နိုင်ငံနှင့် မက္ကဆီကိုနိုင်ငံကြား တံတိုင်းတည်ဆောက်မှုပြုရန်အတွက် အခွန်ကောက်ခံမှုစနစ်သစ်ကို လိုလားကြောင်း ပြောခဲ့သည်။ ဇန်နဝါရီ ၃၁ ရက်တွင် ထရန့်နှင့် ဝါရှင်တန်မြို့၌ တွေ့ဆုံမည့် ဆွေးနွေးပွဲအား ပယ်ဖျက်ကြောင်း မက္ကဆီကိုနိုင်ငံသမ္မတ အန်းရစ်ပီနာနီတိုက ယမန်နေ့က ပြောကြားခဲ့ပြီးနောက် စပိုင်ဆာ၏ ပြောကြားချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ထရန့်က အခွန်ကောက်ခံမှုလမ်းကြောင်းအသစ်အတိုင်း သွားပါက အမေရိကန်ပြည်ထောင်စု၏ ကုန်သွယ်ရေးလိုငွေပြမှုကို လျှော့ချပေးနိုင်မည်ဖြစ်ပြီး ပို့ကုန်များ တိုးတက်လာစေမည်ဖြစ်ကာ တံတိုင်းကာကွယ်မှုအတွက် မက္ကဆီကိုနိုင်ငံမှ ငွေကြေးများရရှိနိုင်မည်ဖြစ်ကြောင်း ဖီလာဒယ်ဖီးယားမြို့တွင် ယမန်နေ့က ထရန့်က ပြောကြားခဲ့သည်။

လေ့လာသုံးသပ်သူများက အခွန်စည်းကြပ်ခွင့်အာဏာသည် ထရန့်တွင်ရှိသော်လည်း ၎င်းအနေဖြင့် မက္ကဆီကိုနိုင်ငံမှသွင်းကုန်များအပေါ် အခွန်စနစ်သစ်ပြဋ္ဌာန်းခြင်းသည် ပြောသလောက် မလွယ်ကူကြောင်း၊ အဘယ်ကြောင့်ဆိုသော် ကနေဒါ၊ အမေရိကန်နှင့် မက္ကဆီကိုနိုင်ငံများကြား လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် NAFTA ရှိနေသောကြောင့် ဖြစ်ကြောင်း ပြောခဲ့သည်။

ထရန့်အနေဖြင့် မက္ကဆီကိုနိုင်ငံအပေါ် နယ်စပ်ဖြတ်ကျော်အခွန်ကောက်ခံလိုပါက ပထမဆုံးအနေဖြင့် သဘောတူညီချက်မှ နုတ်ထွက်ရမည်ဖြစ်သလို အခြား လက်မှတ်ရေးထိုးထားသော နှစ်နိုင်ငံအား ခြောက်လကြိုတင်ကာ အသိပေးရမည်ဖြစ်သည်။ ထိုသို့ပြုလုပ်ပြီးမှသာ မက္ကဆီကိုနိုင်ငံအပေါ် ကုန်သွယ်ရေးအတားအဆီးများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း လေ့လာသုံးသပ်သူများက ဆိုသည်။ **(ဆင်ဟွာ)**

ကုလအတွင်းရေးမှူးချုပ် တရုတ်နှစ်သစ်ကူးဆုတောင်းပေးပို့

ဂျီနီဗာ ဇန်နဝါရီ ၂၇

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်သည် ဇန်နဝါရီ ၂၈ ရက်တွင် ကျရောက်မည့် တရုတ်နှစ်သစ်ကူး အခါသမယအတွက် ဆုတောင်းမေတ္တာများပို့သခဲ့ကြောင်း သိရသည်။

တရုတ် ကြက်နှစ်သစ်ကူးနေ့တွင် တရုတ်ပြည်သူများ စိတ်ချမ်းသာ ကိုယ်ကျန်းမာနှင့် ပြည့်စုံစေကြောင်း ဆုမွန်ကောင်းတောင်းခဲ့သလို ကြက်နှစ်သည် အသစ်စတင်ခြင်း၏ သင်္ကေတဖြစ်ပြီး စွမ်းအင်၏အရေးပါပုံ၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အလုပ်လုပ်ကိုင်ရာတွင် အလေးအနက်တာဝန်ယူမှုကို ကိုယ်စားပြုကြောင်း ပြောသည်။

၂၀၁၇ခုနှစ်သည် ငြိမ်းချမ်းသည့်နှစ်တစ်နှစ်ဖြစ်လာမည်ဖြစ်ကြောင်းနှင့် ပဋိပက္ခများ၊ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ၊ ဆင်းရဲမွဲတေမှုနှင့် အခြားသော အရေးကိစ္စများကို အတူတကွ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ယမန်နေ့က ပေးပို့ခဲ့သည့် ဗီဒီယိုမိန့်ခွန်းတွင် ဂူတာရက်စ်က ပြောကြားခဲ့သည်။

နွေဦးပွဲတော်အဖြစ် နာမည်ကြီးသည့် တရုတ်နှစ်သစ်ကူးပွဲတော်သည် တရုတ်နိုင်ငံတွင် အရေးကြီးသော ပွဲတော်တစ်ခုဖြစ်ပြီး ယင်းပွဲတော်သည် ယခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ကျရောက်မည်ဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

ဖိလစ်ပိုင်စစ်အခြေစိုက်စခန်းများကို အမေရိကန်ပြန်လည်ပြုပြင်ဖွဲ့စည်းသွားမည်

မနီလာ ဇန်နဝါရီ ၂၇

အမေရိကန်သည် ယခုနှစ်အတွင်း ဖိလစ်ပိုင်စစ်အခြေစိုက်စခန်းများရှိ ဝန်ဆောင်မှုဆိုင်ရာများကို ပြန်လည်ပြုပြင်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

ပင်တဂွန်စစ်ဌာနချုပ်သည် အဆင့်မြှင့်ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်(EDCA)၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် စစ်အခြေစိုက်စခန်းများ ပြန်လည်ဖွဲ့စည်းမှုကို စတင်လုပ်ဆောင်ရန် မီးစိမ်းပြလိုက်ခြင်းဖြစ်သည်။

အဆင့်မြှင့်ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီမှုသည် ယခုထက်တိုင် ဆောင်ရွက်နေဆဲဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဒယ်လ်ဖင်လိုလိုရန်ဇာနာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

EDCA သဘောတူစာချုပ်သည် အမေရိကန်စစ်သင်္ဘောများ၊ တိုက်လေယာဉ်များနှင့် တပ်ဖွဲ့ဝင်များအား ဖိလစ်ပိုင်ရှိ စစ်အခြေစိုက်စခန်းငါးခုတို့တွင် အလှည့်ကျဖြန့်ချထားရန်ခွင့်ပြုသည့်စာချုပ်ဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် ရေကြောင်းလုံခြုံရေးအတွက် စစ်လက်နက်များကို သိုလှောင်စုဆောင်းမှုကိုလည်း ခွင့်ပြုထားသည့် သဘောတူညီမှုဖြစ်သည်။

(ရိုက်တာ)

မော်ရိုကို အကြမ်းဖက်နှိမ်နင်းမှုများတွင် ခုနစ်ဦးအားဖမ်းဆီးနိုင်ခဲ့

ရာဘတ် ဇန်နဝါရီ ၂၇

မော်ရိုကိုနိုင်ငံ၏ ဆက်လက်လုပ်ဆောင်နေသော အကြမ်းဖက်တိုက်ဖျက်ရေးလုပ်ငန်းများတွင် သံသယရှိသူခုနစ်ဦး အား ဖမ်းဆီးနိုင်ခဲ့ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောခဲ့သည်။

အကြမ်းဖက်ဆန့်ကျင်တိုက်ဖျက်ရေးစစ်ဆင်မှုများ ဆင်နွှဲနေစဉ်အတွင်း သေနတ်သံများနှင့် ပေါက်ကွဲသံများကို ကြားခဲ့ရကြောင်း ဒေသခံများ၏ ပြောကြားမှုကို ကိုးကား၍ ဒေသတွင်း သတင်းစာများတွင် ဖော်ပြသည်။

မော်ရိုကိုနိုင်ငံ၏ မြို့တော်ငါးမြို့တွင် အကြမ်းဖက်ဆန့်ကျင်တိုက်ဖျက်ရေး စစ်ဆင်မှုများ အကြီးအကျယ် ဆင်နွှဲခဲ့ကြောင်း ဒေသတွင်း သတင်းစာများတွင် ဆက်လက်ဖော်ပြထားသည်။

(ဆင်ဟွာ)

ဂျပန်တွင် ပြည်ပမှလာရောက်လုပ်ကိုင်သည့် အလုပ်သမားဦးရေ တစ်သန်းအထိရှိလာ

တိုကျို ဇန်နဝါရီ ၂၇

၂၀၁၆ခုနှစ်တွင် ဂျပန်နိုင်ငံရှိ ကုမ္ပဏီများသို့ ပြည်ပမှလာရောက်လုပ်ကိုင်သည့် အလုပ်သမားအရေအတွက်သည် တစ်သန်းအထိ မြင့်တက်သွားခဲ့ပြီး အဆိုပါအရေအတွက်သည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း အစိုးရစစ်တမ်းကောက်ယူမှုများက ဖော်ပြသည်။

အလုပ်သမားဝန်ကြီးဌာနက ဂျပန်ကုမ္ပဏီများအား အိမ်တွင်းမှုလုပ်ငန်းများ၌ ပြည်ပအလုပ်သမားမည်မျှ ငှားရမ်းထားကြောင်းကို အစီရင်ခံစာ မဖြစ်မနေပေးပို့ရန် ညွှန်ကြားထားသည်။ အောက်တိုဘာလကုန်လောက်က ဂျပန်နိုင်ငံအတွင်းရှိ ကုမ္ပဏီများတွင် အလုပ်ခန့်ထားသည့် ပြည်ပမှ လာရောက်သူ အလုပ်သမားအရေအတွက်သည် ၁ ဒသမ ၀၈ သန်းခန့်ရှိသည်ဟု အလုပ်သမားဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အစောပိုင်းနှစ်တစ်နှစ်က အရေအတွက်ပမာဏထက် ၁၉ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပြည်ပမှ လာရောက်သည့် အလုပ်သမားအရေအတွက် စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းမှာ တရုတ်အလုပ်သမားများဖြစ်ပြီး ၃၄၄၆၅၈ ဦးရှိကာ ဗီယက်နမ်အလုပ်သမား ၁၇၂၀၁၈ ရှိသည်။ ဖိလစ်ပိုင်အလုပ်သမားဦးရေ ၁၂၇၅၁၈ ဦးရှိကြောင်း သိရသည်။

စက်မှုကဏ္ဍ၌ ကုန်ထုတ်လုပ်ငန်းတွင် နိုင်ငံခြားသား အလုပ်သမားများ၏ ဝင်ရောက်လုပ်ကိုင်နေမှုသည် ရာခိုင်နှုန်းအားဖြင့် အများဆုံးဖြစ်ပြီး ၃၁ ဒသမ ၂ ရာခိုင်နှုန်းရှိသည်။

ဝန်ဆောင်မှု လုပ်ငန်းများတွင် ပြည်ပအလုပ်သမား ၁၄ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး လက်လီလက်ကားရောင်းဝယ်မှုများတွင် ၁၂ ဒသမ ၉ ရာခိုင်နှုန်းအထိရှိကြောင်း သိရသည်။

လုပ်ငန်းရှင်များသည် အလုပ်သမားပြတ်တောက်မှုကို အစားထိုးဖြည့်ဆည်းရန် နိုင်ငံခြားသားအလုပ်သမားများကို

ငှားရမ်းလိုကြကြောင်း ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဝန်ကြီးဌာန အာဏာပိုင်များက ဂျပန်ကုမ္ပဏီများသည် အသက်မွေးလုပ်ကိုင်မှုအရည်အသွေးပြည့်မီသည့် နိုင်ငံခြားအလုပ်သမား အမြောက်အမြားကို ငှားရမ်းလျက်ရှိပြီး အချိန်ပိုင်းအလုပ်သမားများနှင့် နိုင်ငံတကာမှ ကျောင်းသားကျောင်းသူများလည်း ပါဝင်နေကြောင်း အလုပ်သမားဝန်ကြီးဌာန အာဏာပိုင်များက ပြောကြားခဲ့သည်။

(အင်န်အိတ်ချ်ကေ)

အခွန်ထမ်းကိုယ်တိုင်စည်းကြပ်သည့်စနစ်အောင်မြင်ရေး အခွန်ထမ်းပြည်သူများ ဥပဒေနှင့်အညီ လိုက်နာရန်လိုအပ်

သတင်းဆောင်းပါး - မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - မင်းထက်

နိုင်ငံတစ်နိုင်ငံ တိုင်းပြည်တစ်ပြည်ဖွံ့ဖြိုးမှုတွင် အခွန်သည် အရေးပါသော အခန်းကဏ္ဍတစ်ခုတွင် ရပ်တည်နေသည်။ ယနေ့ ကမ္ဘာ့နိုင်ငံများတွင် တိုင်းပြည်သယံဇာတအရင်းအမြစ် ပေါကြွယ်ဝမှုကို အခြေခံကာ ဖွံ့ဖြိုးတိုတက်နေသောနိုင်ငံများရှိသလို အခွန်ရရှိမှုဖြင့် တိုင်းပြည်ဖွံ့ဖြိုးမှုကို အထောက်အကူပြုနေသော နိုင်ငံအများစုလည်း ရှိနေသည်။ နိုင်ငံတစ်နိုင်ငံ တိုင်းပြည်တစ်ပြည် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍမျိုးစုံ ဖွံ့ဖြိုးတိုးတက်မှုမှာ သယံဇာတအရင်းအမြစ်ကြွယ်ဝမှု လုံးဝအခြေခံ၍လည်း မဖြစ်။ ရေရှည်မှာ မတည်တံ့နိုင်။

သို့ဖြစ်၍ အခွန်ရရှိမှုဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် တစ်နည်းတစ်လမ်းက ကြိုးပမ်းလာကြသည်မှာ ယနေ့တိုးတက်နေသော နိုင်ငံကြီးအချို့တွင် တွေ့မြင်နေရသည်။ ဆိုလိုသည်မှာ အခွန်အခဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် အခွန်ထမ်း/တစ်နည်းအားဖြင့် ပြည်သူများလက်ဝယ်တွင် တည်မှီနေသည်။ ယနေ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)က ဦးစီးကာ ယခုဘဏ္ဍာနှစ်မှစတင်ပြီး အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှု တစ်ခုကို စတင်တော့မည်ဖြစ်သည်။

ယခင်အခွန်ရုံးက စည်းကြပ်သည့်စနစ်မှ ယခုအခါ ကမ္ဘာ့နိုင်ငံကြီးအများစုတွင် အသုံးပြုနေသော အခွန်ထမ်းကိုယ်တိုင်စည်းကြပ်သည့်စနစ်သို့ စတင်ပြောင်းလဲတော့မည်ဖြစ်သည်။ ယင်း အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ် (Self- Assessment System- SAS) ပြောင်းလဲကျင့်သုံးရာတွင် အောင်မြင်မှုရရှိရန်မှာ အဓိကအခွန်ထမ်းပြည်သူများအနေဖြင့် တည်ဆဲအခွန်ဥပဒေစည်းမျဉ်းများနှင့်အညီ တိတိကျကျလိုက်နာရန်မှာ အရေးကြီးလှပေသည်။ သို့မှသာ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်မှုကို အမှန်တကယ်အထောက်အကူပြုနိုင်မည်ဖြစ်သည်။

အခွန်ထမ်းကိုယ်တိုင်စည်းကြပ်သည့်စနစ်သို့ စတင်ပြောင်းလဲ

"ကျွန်တော်တို့ ပြည်တွင်းအခွန်များဦးစီးဌာနရဲ့ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုထဲက တစ်ခုဖြစ်တဲ့ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)ကို ဒီဘဏ္ဍာနှစ်မှာ စတင်ပြောင်းလဲမှာပါ။ အရင်က အခွန်ထမ်းတွေကို အခွန်ရုံးက စည်းကြပ်တဲ့စနစ်ကနေ အခုအခွန်ထမ်းကိုယ်တိုင် စည်းကြပ်တဲ့စနစ်ကို ပြောင်းတာဖြစ်တယ်။ အရင်အခွန်ရုံးက အခွန်စည်းကြပ်တဲ့ စနစ်ဆိုတာ အခွန်ထမ်းတင်ပြမှုအပေါ်မှာ ကျွန်တော်တို့က တွက်ချက်တယ်၊ စည်းကြပ်တယ်။ အခုစနစ်ကတော့ အခွန်ထမ်းက သူကိုယ်တိုင် တွက်ချက်၊ သူကိုယ်တိုင် ဘယ်လောက်မြတ်တယ်၊ နိုင်ငံတော်ကို ဘယ်လောက်အခွန်ပေးမယ်။ အဲဒီအပေါ်မှာပဲ မှန်ကန်မှု ရှိ/မရှိ ပြန်စစ်တာပဲ။ ဒီစနစ်ကို သွားမှာဖြစ်ပါတယ်။ အဓိကတော့ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်ရတာဖြစ်တဲ့အတွက်ကြောင့် အခွန်ထမ်းတွေအနေနဲ့ တိတိကျကျ ဥပဒေကို လိုက်နာရမယ်။ အခွန်တွေကို မှန်မှန်ကန်ကန်ပေးရမယ်။ အချိန်မီပေးသွင်းရမယ်။ အဲဒီသုံးချက်ကတော့ အဓိကအရေးကြီးပါတယ်။ အခုလို ပြောင်းလဲတဲ့အခါမှာ စိန်ခေါ်မှုအပိုင်း နှစ်ပိုင်းပေါ့။ တစ်ပိုင်းက အခွန်ဝန်ထမ်းပိုင်း၊ တစ်ပိုင်းက အခွန်ထမ်းပြည်သူအပိုင်း၊ အခွန်ဝန်ထမ်းပိုင်းဆိုတာက ပြည်တွင်းအခွန်များဦးစီးဌာန ဝန်ထမ်းတွေပေါ့။ ပြည်တွင်းအခွန်များဦးစီးဌာန ဝန်ထမ်းတွေကလည်း ဒီလိုမျိုး အခွန်ထမ်းကိုယ်တိုင် စည်းကြပ်ပြီးပေးသွင်းတဲ့အပေါ်မှာ မှန်ကန်မှုရှိမရှိကို စိစစ်နိုင်ဖို့အတွက် အခွန်စာရင်းစစ်ဆေးခြင်းဆိုတဲ့ပညာကို ကျွမ်းကျင်ဖို့ လိုအပ်ပါတယ်။ ဒါက ပြည်တွင်းအခွန်များဦးစီးဌာန ဝန်ထမ်းတွေရဲ့ အဓိကစိန်ခေါ်မှုပါ။ နောက်အခွန်ထမ်းပြည်သူတွေရဲ့စိန်ခေါ်မှုကတော့ ယခင် အခွန်ရုံးကစည်းကြပ်တဲ့ စနစ်မှာတုန်းကတော့ တချို့အခွန်ထမ်းတွေက စာရင်းဇယားတွေထားသိုမှုမှာ စနစ်တကျမရှိခဲ့တာတွေရှိတယ်။ နောက်တစ်ခုက အခွန်ဆိုင်ရာ လိုက်နာဆောင်ရွက်မှု အားနည်းခဲ့တာတွေ ရှိခဲ့တယ်။ ဒါကလည်း အခုလို ပြောင်းလဲလိုက်တဲ့ အခွန်ထမ်းကိုယ်တိုင် စည်းကြပ်တဲ့စနစ်မှာ သူတို့အတွက်လည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပါတယ်" ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်က ပြောသည်။

ကမ္ဘာ့နိုင်ငံကြီးများနည်းတူပြောင်းလဲလုပ်ဆောင်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနသည် အဆိုပါ အခွန်ထမ်းကိုယ်တိုင်စည်းကြပ်သည့်စနစ် (Self- Assessment System- SAS) ကို ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှစတင်ကာ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးကို ပြောင်းလဲခဲ့သည်။ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး အခွန်ထမ်းကြီး ၄၅၀ ကို ကနဦး ပြောင်းလဲခဲ့ရာ အောင်မြင်ခဲ့သည်။ ယခု ဒုတိယအကြိမ် အလယ်အလတ်တန်းဆိုင်ရာ အခွန်ရုံး(၁)ကို ယခု ဘဏ္ဍာနှစ်တွင် စတင်ပြောင်းလဲခြင်းဖြစ်သည်။ ယင်းသို့နောက်ပိုင်းဘဏ္ဍာနှစ်များတွင် တစ်ဆင့်ချင်းစီကို ကမ္ဘာ့နိုင်ငံကြီးများနည်းတူ ပြောင်းလဲလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"အရင် အခွန်ရုံးက စည်းကြပ်တဲ့စနစ်ကတော့ တာဝန်ကျအခွန်မှူးတစ်ယောက်တည်းကပဲ အခွန်ပညာပေးတာတွေ လုပ်ရတယ်။ အခွန်ထမ်းဝန်ဆောင်မှုလည်း လုပ်ရတယ်။ အခွန်ကောက်ခံခြင်းလည်း လုပ်ရတယ်။ အခွန်စာရင်းတွေကိုလည်း သူတစ်ယောက်တည်းက လုပ်ရတာ။ သူ့မှာ လုပ်ပိုင်ခွင့်တွေအများကြီးရှိနေတယ်။ အခွန်ထမ်းပြည်သူများဘက်က ကြည့်ရင်လည်း မိမိပိုက်ဆံပေးရတာဖြစ်တဲ့အတွက် မပေးချင်ဘူး။ ဒါက မြန်မာနိုင်ငံမှာပဲ မဟုတ်ဘူး။ ကမ္ဘာမှာလည်း အခွန်ထမ်းတွေဟာ မိမိအိတ်ထဲက ထုတ်ပေးရမှာဖြစ်တဲ့အတွက် မပေးချင်တာတော့ သဘာဝပဲ။ အရင်အခွန်ရုံးက စည်းကြပ်တဲ့စနစ်မှာတော့ မှန်မှန်ကန်ကန်တင်ပြတဲ့ အခွန်ထမ်းတွေက မှန်မှန်ကန်ကန်တင်ပြပေမယ့်လည်း အခွန်ရုံးက စည်းကြပ်တဲ့အခါ အမှန်အမြတ်ငွေနဲ့ ကွဲလွဲသွားတာလည်းရှိနိုင်တယ်။ အခုစနစ်ကတော့ အခွန်ထမ်း ကိုယ်တိုင်စည်းကြပ်ပြီးပေးသွင်းရတာဆိုတော့ သူ့အတွက်ကတော့ အမှန်ကန်ဆုံးအဖြေရမှာ ဖြစ်ပါတယ်။ နောက်တစ်ခုက ယခင်အခွန်ဝန်ထမ်းတွေမှာ လုပ်ပိုင်ခွင့်တွေအများကြီးရှိတာကြောင့် ညှိနှိုင်းမှုတွေဖြစ်နိုင်တယ်။ အမှားတွေဖြစ်နိုင်တာပေါ့။အခုအခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်တဲ့စနစ်မှာတော့ အခွန်မှူးတစ်ဦးတည်းကိုပဲ တာဝန်မပေးတော့ဘူး။ အပိုင်းလိုက်၊ အဖွဲ့လိုက်မှာ တာဝန်ပေးထားတယ်။ အခု အလယ်အလတ်ပိုင်းဆိုင်ရာအခွန်ရုံး(၁) ဆိုရင် သူ့မှာ လုပ်ပိုင်ခွင့်က တစ်ရုံးလုံးမှာ ရှိနေတယ်။ တစ်ယောက်တည်းမှာမရှိတော့ဘူး။ အဲဒါက နိုင်ငံတော်အတွက် ကောင်းတဲ့အချက်ပဲ။ နောက်တစ်ခုက အခွန်ဝန်ထမ်းပိုင်းကြတော့ ဒီလိုမျိုးလုပ်လိုက်တဲ့အတွက်ကြောင့် အမှားလည်း မရှိနိုင်တော့ဘူး။ အခွန်ထမ်းတွေဘက်က ပြန်ကြည့်ရင်လည်း အချိန်သက်သာသွားမယ်။ ခေါ်ပြီးတော့ ကြားနာတာတွေ၊ ဘဏ်သွားဖို့အတွက် ချလန်သွားယူတာတွေ မရှိတော့ဘူး။ အတတ်နိုင်ဆုံး အခွန်ထမ်းပြည်သူနဲ့ အခွန်ဝန်ထမ်း မတွေ့ခိုင်းတော့ဘူး။ အကန့်အသတ်နဲ့ပဲ တွေ့ရတော့မယ်။ ဘဏ်လည်း ခဏခဏသွားစရာမလိုတော့ဘဲ MPU နဲ့ ချိတ်ဆက်ပြီးတော့ ကိုယ့်အိမ်ကကို သွင်းလို့ရအောင်လည်း ဆက်ပြီးလုပ်ဆောင်သွားမယ်။ တစ်နည်းအားဖြင့်ပြောရရင် အခွန်စည်းကြပ်တဲ့ လုပ်ငန်းတွေကို ခေတ်မီအောင်လုပ်မှာဖြစ်တဲ့အတွက်ကြောင့် အချိန်သက်သာ၊ ငွေသက်သာသွားမယ်" ဟု ပြောင်းလဲကျင့်သုံး မည့်စနစ်နှင့်ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ်က ထပ်မံရှင်းပြသည်။

Call Center တစ်ခုကို ထပ်မံတိုးချဲ့

ယခုအခါ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ပိုင်းဆိုင်ရာ ပညာပေးလုပ်ငန်းများကို တစိုက်မတ်မတ်လုပ်ဆောင်လျက်ရှိသည်။ အခွန်နှင့် သက်ဆိုင်သော Talk Show များ၊ အခွန်စကားဝိုင်းများ၊ အခွန်ဆိုင်ရာ ရုပ်ရှင်ဇာတ်လမ်းတိုများ၊ ရုပ်မြင်သံကြားပိုင်းဆိုင်ရာ သတင်းများ၊ သတင်းစာများထဲတွင်လည်း အခွန်ပညာပေးဆောင်းပါးများနှင့် သတိပေးချက်များကို ထုတ်ပြန်လျက်ရှိသည်။ အလားတူ ယခုနှစ် ဧပြီ ၁ ရက်တွင်လည်း အခွန်ဆိုင်ရာ Call Center တစ်ခုကို နေပြည်တော်တွင် ထပ်မံတိုးချဲ့သွားမည်ဖြစ်သည်။ ယခုအခါ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကောက်ခံရရှိငွေ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစတင်ပြီး

ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်

ဒေါ်ခင်ယမုန်အောင်(ဌာနမှူး)

မလွင်လွင်ကြည်

နှစ်စဉ် ဘီလီယံ ၆၀၀ ကျော်၊ ၇၀၀ ဝန်းကျင်နီးပါး တိုးတက်လာလျက်ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၄၆၃၇ ဒသမ ၀၅၇ ဘီလီယံ ကောက်ခံရရှိခဲ့ပြီး Tax/GDP အချိုးမှာ ယခုနောက်ပိုင်းနှစ်များတွင် နှစ်ဆနီးပါး တိုးတက်မှုရှိလာကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနမှ သိရသည်။

ပြောင်းလဲမှုကို ယခုဘဏ္ဍာနှစ်ကစ

ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)မှ ဌာနမှူး ဒေါ်ခင်ယမုန်အောင်က "အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)ဟာ ပြည်တွင်းအခွန်များဦးစီးဌာနရဲ့ ဒုတိယခြေလှမ်းတစ်ရပ်အနေနဲ့ အခွန်ကောက်ခံတဲ့စနစ်တစ်ခုပုံစံကို ပြောင်းလဲတာဖြစ်ပါတယ်။ ပြောင်းလဲမှုကိုတော့ ဒီဘဏ္ဍာနှစ်ကစမှာပါ။ ဒါက ဒုတိယအကြိမ် ရှင်းလင်းပွဲဖြစ်တယ်၊ ယခင်နှစ်အောက်တိုဘာက အခွန်ထမ်းတွေကို ပထမအကြိမ် ချပြဆွေးနွေးခဲ့ပြီးပါပြီ။ အဲဒီတော့ ဒီစနစ်ဟာ ပြည်သူလူထုအတွက် ဘယ်လိုအကျိုးရှိမလဲ ၊ပြည်သူလူထုဆိုတာလည်း အခွန်ထမ်းတွေအားလုံးပဲလေ။ အခွန်ထမ်းတွေအားလုံးဟာ ဒီအခွန်ကို လွယ်လွယ်ကူကူပေးလာနိုင်တယ်။ အရင်လို နိုင်ငံတော်ဘက်က နစ်နာတာတွေ၊ အခွန်ထမ်းဘက်က နစ်နာတာတွေမရှိနိုင်တော့ဘဲ ဒီစနစ်က ကိုယ်တိုင်စည်းကြပ်တာဖြစ်တဲ့အတွက်ကြောင့် စာရင်းဇယားတွေ မှန်မှန်ထားမယ်။ ကိုယ်ပေးရမယ့် အခွန်ကို ပေးရမယ့်အချိန်မှာပေးမယ်။ အခွန်ထမ်းတွေအနေနဲ့ အခွန်ကို ကိုယ်တိုင်တွက်ချက်ပေးရမှာဖြစ်တဲ့အတွက် လိုလိုလားလားနဲ့ ပေးသွင်းလာနိုင်မယ်။ အဲ့ဒီအတွက်ကြောင့် နိုင်ငံတော်အနေနဲ့ပိုပြီးအခွန် တိုးတက်ကောက်ခံရရှိလာမယ်၊ ပိုတိုးတက်ကောက်ခံရမယ်ဆို ကျွန်မတို့ နိုင်ငံအတွက် အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစတဲ့ ကုန်ကျစရိတ်တွေကို ပိုပြီးတော့ကျခံသုံးစွဲလာနိုင်မှာဖြစ်ပါတယ်။ အဲဒါကြောင့် ဒီစနစ်ကို ပြောင်းလဲသင့်တဲ့အချိန်မှာ ပြောင်းလဲတာဖြစ်ပါတယ်။ အခုလို ပြောင်းလဲလိုက်တဲ့အတွက် အခွန်တွေအနေနဲ့ လစဉ်ပေးရမယ့်အခွန်ကို လစဉ်ပေးလာမယ်။ သုံးလတစ်ကြိမ်ပေးရမယ့်အခွန်က သုံးလတစ်ကြိမ် ပေးလာမယ်။ အဲဒီအတွက် နိုင်ငံတော်အနေနဲ့ ကြည့်မယ်ဆိုရင် အဲဒီလမှာပဲ သုံးစွဲလို့ရလာမယ့်အနေအထားပါ။ အခွန်ထမ်းတွေအနေနဲ့ အစိုးရဆီက ရလာမယ့်ဝန်ဆောင်မှုတွေကိုလည်း ပိုပြီးရလာနိုင်မယ်။ ဥပဒေရဲ့အရိပ်အောက်မှာ အားလုံးဟာ တန်းတူညီမျှ အခွန်ပေးနေတဲ့သူတွေ အခွန်ပေးနေသလို အခွန်မပေးတဲ့သူကိုလည်း အခွန်ရုံးက ဖော်ထုတ်ပြီးတော့ နိုင်ငံတော်ရဲ့အခွန်အကောက်ကို အမြင့်ဆုံးရဖို့အတွက် ဆောင်ရွက်မှာဖြစ်ပါတယ်။ အရင်ကဆို လိုက်နာဆောင်ရွက်မှုတွေမရှိခဲ့ဖူး မဟုတ်ဘူး။ အကန့်အသတ်နဲ့ရှိခဲ့တာ။ ဘဏ္ဍာနှစ်ကုန်ခါနီးမတ်လမှ အခွန်ဝိုင်းသွင်းတာတွေရှိတယ်။ အရင်တုန်းကလို အခွန်ရုံးက အခွန်တောင်းခံလာမှ ပေးမယ်ဆိုတာမျိုးမဟုတ်တော့ဘဲ အခွန်ထမ်းတွေ အနေနဲ့ အမှန်ရတဲ့အပေါ်မှာ ပေးလာတဲ့အတွက် အခွန်ရရှိမှုက အမှန်တကယ်မြင့်လာမှာပါ။ ဒီစနစ်က ကမ္ဘာ့နိုင်ငံကြီးတော်တော်များများမှာ ကျင့်သုံးနေကြတာကြာပြီ။ အခွန်ထမ်းပြည်သူတွေအတွက်ရော၊ တိုင်းပြည်အတွက်ပါ ကောင်းမွန်တဲ့စနစ်ဖြစ်ပါတယ်" ဟု ဇန်နဝါရီ ၂၄ ရက်က UMFCCI ၌ ကျင်းပသော အလယ်အလတ်အခွန်ထမ်းများအား အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်အကြောင်း ရှင်းလင်းပွဲတွင် ပြောကြားသည်။

ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)က ယခုကျင့်သုံးမည့် အခွန်ထမ်းကိုယ်တိုင်စည်းကြပ်သည့်စနစ် (Self- Assessment System- SAS) သည် အမေရိကန်၊ ဂျပန်နှင့် ဖွံ့ဖြိုးပြီး ကမ္ဘာ့နိုင်ငံကြီးတော်တော်များများတွင် ကျင့်သုံးနေပြီမှာ ကြာပြီဖြစ်သည်။ ယခု ပြည်တွင်းအခွန်များဦးစီးဌာနသို့ အဆိုပါအခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ် (Self- Assessment System- SAS) ကို အကူအညီပေးနေသော နိုင်ငံတကာအဖွဲ့အစည်းများမှာ ကမ္ဘာ့ဘဏ် (World Bank) အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေ အဖွဲ့(IMF)၊ အမေရိကန်နည်းပညာအကူအညီပေးရေးအဖွဲ့(OTA) တို့ ဖြစ်ပြီး ယခုကျင့်သုံးမည့် စနစ်ဟာ ဘယ်နိုင်ငံရဲ့ပုံစံကိုမှ ပုံတူကူးယူထားတာမျိုးမဟုတ်ဘဲ နိုင်ငံတော်တော်များများမှာ ကျင့်သုံးနေတဲ့စနစ်ကိုပဲ မြန်မာနိုင်ငံ၏ လိုအပ်ချက်များကိုအခြေခံထားခြင်းဖြစ်သည်။ ယင်းစနစ်သည် နိုင်ငံကြီး/သေးပေါ်မူတည်ပြီး နိုင်ငံအလိုက် ကျင့်သုံးလျက်ရှိရာ အိမ်နီးချင်းနိုင်ငံအတော်များများတွင် ကျင့်သုံးနေသည်မှာ ကြာပြီဖြစ်သည်။

ဌာနကလည်း လိုအပ်တာပံ့ပိုး

"SAS စနစ်က မိမိကုမ္ပဏီက မိမိကိုယ်တိုင်လုပ်ရမှာဆိုတော့ ကောင်းမွန်တဲ့စနစ်လို့ မြင်ပါတယ်။ အရင်တုန်းကတော့ အခက်အခဲတွေအများကြီးရှိတယ်။ အခုတော့ အဲဒီအခက်အခဲတွေလည်းဖြေလျော့သွားမယ်လို့ ထင်ပါတယ်။ အစ်မတို့ အခွန်ထမ်းဘက်ကလည်း မှန်မှန်ကန်ကန် စည်းကမ်းဘောင်ထဲကနေ လုပ်ကြဖို့လိုတယ်။ လုပ်လည်းလုပ်ကြမယ်၊ ဌာနကလည်း လိုအပ်တာပံ့ပိုးမယ်ဆိုတော့ အဆင်ပြေမှာပါ။ ပြောင်းလဲမှုတိုင်းမှာ ကနဦးကတော့ အခက်အခဲအနည်းနဲ့ အများကတော့ရှိမှာပေါ့။ ပွင့်ပွင့်လင်းလင်းပြောရရင် အခုတော့ စာရင်းဇယားတွေက ချွတ်ယွင်းချက်ရှိနေတာပေါ့။ အဲဒီလို ချွတ်ယွင်းချက်တွေရှိနေတာကို စနစ်သစ်တစ်ခုပြောင်းလိုက်တော့ အခက်အခဲတွေကတော့ ရှိလာနိုင်ပါတယ်။ ပူးပေါင်းပြီး ဖြေရှင်းသွားမယ်ဆိုရင်တော့ အကောင်းဆုံးဖြစ်လာမှာပါ။ အရင်ကတော့ စာရင်းတစ်ခုတင်လိုက်ပြီဆိုရင် Assessment ရဖို့ တော်တော် အချိန်ကြာစောင့်ရတယ်။ အစ်မတို့ကလည်း စာရင်းတစ်ခုပြီးလို့ ဘတ်ဂျက်နှစ်ပြီးပြီဆိုရင် မြန်မြန်ရှင်းချင်တယ်။ အခွန်ဖိုးကလည်း Overload တွေဖြစ်တာကတစ်ကြောင်း အချိန်တွေက လည်း အများကြီးပေးရတယ်။ ပြောရရင် စောင့်ရတာတွေများတယ်ပေါ့။ ဒီစနစ်ကတော့ တင်တာနဲ့ တစ်ခါတည်းပြီးသွားပြီ။ စာရင်းတွေကို သေသေချာချာလည်းသိမ်းထားမယ်။ အချိန်မရွေးလည်း လာစစ်ရင် အဆင်ပြေတယ်ဆိုရင်ပေါ့လေ။ လက်ရှိစနစ်နဲ့က အတော်လေးကို ကွာခြားသွားမယ်ထင်ပါတယ်။ အစ်မတို့အနေနဲ့ အရင်ကတည်းက ဒီလိုစနစ်ဖြစ်ချင်နေတာဆိုတော့ အစ်မတို့ဘက်ကလည်း ပြောင်းလဲဖို့ အဆင်သင့်ပါ။ အခွန်ထမ်းတွေအနေနဲ့ တကယ်ကို သမာသမတ်ရှိမယ်ဆိုရင်တော့ တိုင်းပြည်အတွက် အလွန်ကောင်းမယ်လို့ မြင်ပါတယ်။ အခွန်ထမ်းအားလုံးကလည်း ဒီစနစ်ကို ကြိုဆိုကြမှာပါ"ဟု အခွန်ထမ်းပြည်သူတစ်ဦးဖြစ်သည့် ဥက္ကာသီရိကုမ္ပဏီမှ အထွေထွေမန်နေဂျာ မလွင်လွင်ကြည်က အခွန်ကောက်ခံမှုစနစ်ပြောင်းလဲမှုအပေါ် သူ့အမြင်ကို ပြောကြားသည်။

မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် အာမခံလုပ်ငန်းပြပွဲ Insurance Expo 2017 ဖွင့်ပွဲကျင်းပ

မန္တလေး ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် အာမခံလုပ်ငန်းပြပွဲ Insurance Expo 2017 ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ပြပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဘထွန်း၊ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်း၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန္ဒာဦး၊ အာမခံလုပ်ငန်းကြီးကြပ်ရေး အဖွဲ့ဝင် ဦးဝင်းမြင့်ဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် ပြပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌက သဘာဝဘေးအန္တရာယ်ကြုံတွေ့ရပုံ၊ ဆုံးရှုံးခဲ့ရပုံ၊ အာမခံထားရှိသူ၏ ပြန်လည်အကျိုးခံစားရပုံ၊ ဆုံးရှုံးမှုပမာဏနှင့် အာမခံပေးလျော်မှု ပမာဏကွာခြားမှုကိုထောက်ပြ၍ အာမခံထားရှိသူ နည်းသေးကြောင်း၊ အာမခံထားရှိမှုကြောင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ပြသထားသောပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

အာမခံဆိုင်ရာပြပွဲတွင် နိုင်ငံတော်ပိုင် အာမခံပြခန်းတစ်ခုနှင့် ပုဂ္ဂလိကပိုင် အာမခံပြခန်း ၁၁ ခုတို့ကို ဇန်နဝါရီ ၂၇ ရက်အထိ အာမခံလုပ်ငန်းဆိုင်ရာများ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ အာမခံထားရှိသူများကို ၁၀ ရာခိုင်နှုန်း လျှော့ပေါ့ကောက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

နိုင်ငံတကာနည်းပညာပြပွဲကြီး၌ ပြခန်းပေါင်း ၅၀ ကျော် ပြသထား

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံ၏ အနာဂတ်စက်မှုနည်းပညာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် စက်မှုဝန်ကြီးဌာနမှ ကြီးမှူး၍ ကမ္ဘောဇဘဏ်လီမိတက်မှ Main Sponsor အဖြစ် တာဝန်ယူကျင်းပသော နိုင်ငံတကာနည်းပညာပြပွဲကြီး (International Technology & Industry Show - 2 017 Yangon) ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၂၇ ရက် နံနက် ၈ နာရီက ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

နိုင်ငံတကာနည်းပညာပြပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဧည့်သည်တော်များ ကမ္ဘောဇဘဏ်လီမိတက်ပြခန်းအတွင်း လှည့်လည်ကြည့်ရှုကြစဉ်

အဆိုပါ ပြပွဲတွင် ပြခန်းပေါင်း ၅၀ ကျော်ဖြင့် ဌာနဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ၊ ပြည်တွင်း ပြည်ပမှ စက်မှုလုပ်ငန်းသုံး အဆင့်မြင့်နည်းပညာများနှင့် ကုန်ပစ္စည်းများကို စည်ကားသိုက်မြိုက်စွာ ပြသထားပြီး ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း မည်သူမဆို အခမဲ့ လာရောက် ကြည့်ရှုလေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။

သဲနိုင်ဦး(မြန်မာစာ)

ဇန်နဝါရီ ၂၇ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ရန်ကုန်မြို့ပန်းဘဲတန်းမြို့နယ် အမှတ်(၂) ရပ်ကွက် ရွှေတိဂုံဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းဈေးရှေ့ တည်ဆောက်ဆဲ Junction City Tower အဆောက်အအုံတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များ ငြှိမ်းသတ်နေသည်ကို တွေ့ရစဉ်

တင်ဝင်းလေး (ကြည့်မြင်တိုင်)

YBS (၃၆)ယာဉ်လိုင်းမှခရီးသည်တင် မှန်လုံယာဉ်တစ်စီးဝိုင်ယာရှော့ဖြစ်၍ မီးလန့်

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် လမ်းနီလေးမှတ်တိုင် မြန်မာပလာဇာရှေ့တွင် ယနေ့ညနေ ၃နာရီခွဲက ဆူးလေ-ထောက်ကြန့်သို့ ပြေးဆွဲနေသောYBS (၃၆) ယာဉ်လိုင်းမှ မှန်လုံယာဉ်တစ်စီးမှာဝိုင်ယာ ကြိုးအပူလွန်ကဲမှုကြောင့် မီးခိုးများ အူထွက်လာရာ မီးသတ်ဆေးဘူးဖြင့်အချိန်မီ ငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

"ကားမီးလောင်တယ်လို့သတင်းရတာနဲ့ ရောက်လာတာပါ။ ဒီရောက်တော့ မီးသတ်ဆေးဘူးနဲ့ငြှိမ်းထားလို့ ငြိမ်းနေပါပြီ။ ဝိုင်ယာရှော့ဖြစ်တာ။ ယာဉ်နောက်ပိုင်းက အင်ဂျင်အပူလွန်ကဲပြီး ဝိုင်ယာကြိုးက ထွက်လာတဲ့မီးပွားက အင်ဂျင်မှာရှိတဲ့ဆီချေးတွေပေါ်ကျတယ်။ မီးခိုးထွက်လို့ မီးသတ်ဆေးဘူးနဲ့ အချိန်မီဖျန်းနိုင်လို့ ဝိုင်ယာကြိုး မီးလောင်တာပဲရှိတယ်။ မီးလန့်တဲ့သဘောပါ။ မီးလန့်မှုဖြစ်လို့ ခံဝန်ထိုးခိုင်းမှာပါ" ဟု အနောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးဌေးဝင်းက ပြောသည်။

ဆူးလေ-ထောက်ကြန့်ပြေးဆွဲနေသော YBS (၃၆)မှ မှန်လုံယာဉ်ပေါ်တွင် ခရီးသည် ၃၅ဦး လိုက်ပါခဲ့ပြီး လမ်းနီလေးမှတ်တိုင်အနီးတွင် မီးလန့်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

"ယာဉ်တွေကဟောင်းနေတယ်ဆိုတော့ ယာဉ်အသစ်တွေဆိုရင် ပြည်သူတွေအတွက် ပိုကောင်းတာပေ့ါ။ ယာဉ်ဟောင်းတွေဖြစ်တဲ့အတွက် တပ်ဆင်ထားတဲ့ ဝိုင်ယာကြိုးတွေ စစ်ဆေးပြုပြင်မယ်ဆိုရင် မီးလောင်မှုနဲ့ ဝိုင်ယာရှော့ဖြစ်တာတွေ မဖြစ်နိုင်တော့ဘူး။ မီးသတ်ဆေးဘူးအဆင်သင့်ဆောင်ထားလို့ တော်သေးတယ်။ တကယ်တန်းဖြစ်လာရင် ရာသီဥတုပူနေတဲ့အချိန် ယာဉ်ကြောကျပ်နေတဲ့အချိန်ဆိုရင် ခရီးသည်တွေအတွက် အန္တရာယ်ရှိနိုင်တယ်။ မီးခိုးအူတာပဲဖြစ်တဲ့အတွက် တော်သေးတယ်"ဟု ခရီးသည်တစ်ဦးက ပြောသည်။

မြောက်ဥက္ကလာတွင် နေထိုင်သူ ယာဉ်မောင်း ဦးစန်းမြင့်ဦးသည် နောက်ကြည့်မှန်မှ မီးခိုးအူလာသည်ကိုသတိပြုမိပြီး စပယ်ယာအား ကြည့်ရှုစေလျက်မီးသတ်ဆေးဘူးဖြင့် ငြှိမ်းသတ်ခဲ့ကာ အနီးအနားမှလည်း ရေဖြင့် ငြှိမ်းသတ်ကြသည့်အတွက် နှစ်မိနစ်အတွင်း မီးခိုးများ ကင်းစင်သွားခဲ့ကြောင်း၊ ခရီးသည်များ ထိခိုက်ဒဏ်ရာမရရှိကြောင်း ပြောကြားသည်။

သန်းထိုက်(လှိုင်သာယာ)

မူခင်းအသိပညာပေး ပြခန်းယာဉ်ပြသ

ရန်ကုန် ဇန်နဝါရီ ၂၇- ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ မူခင်းအသိပညာပေးပြခန်းယာဉ်သည် မှော်ဘီမြို့နယ် အမှတ်(၁)ရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ဇန်နဝါရီ ၂၅ ရက်က ဖွင့်လှစ်ပြသခဲ့ရာ မှော်ဘီမြို့မရဲစခန်းမှူး ဒုတိယရဲမှူး တင့်နိုင်က အမှုကြီးများဖြစ်ပွားမှုမရှိစေရေး ပညာပေးဟောပြောခြင်း၊ ရဲအုပ်သိန်းဌေးက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများ ရှင်းလင်းဆွေးနွေးခြင်း၊ ရဲအုပ်တေဇာလွင်က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးပညာပေးဟောပြောခြင်းတို့ကိုဆောင်ရွက်ခဲ့ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၃၅၀၀ တက်ရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် ၅၄ဟုခေါ်တွင်သော သွပ်မိုးပျဉ်ကာ ပျဉ်ခင်းတစ်ထပ်အိမ်အဆောက်အအုံနှင့် ယင်းအိမ်အဆောက်အအုံတည်ရှိရာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လူနေရပ်မှတ်၊ အမှတ် (၃၁)၊ မြေကွက်အမှတ်၆၁၈၊ မြေအကျယ် အလျား ၄၄ ပေ၊ အနံပေ၆၀ရှိ ဦးကျော်တင့်အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို ဦးတင်ဝင်း ၁၂/ဗဟန(နိုင်)၀၂၂၁၆၄ ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက် လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားစာရွက်စာတမ်း အပြည့်အစုံဖြင့် ကျွန်ုပ်ထံတွင် လာရောက်တင်ပြကာ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းမြင့် B.Sc(Chem), H.G.P, R.L, Dip In French(I.F.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၆၇)
တိုက် ၁၆/၁၈၊ အခန်း ၃/ခ၊ ၇လမ်း၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၂၁၉၃၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၉၇)၊ ဦးရေခဲလမ်း၊ 4th Floor, Level -5 Unit B, U Yaekhel Condo အကျယ်အဝန်း (1592 Sqft+100 Sqft)-1690Sqft ခန့်ရှိပြီး၊ Room Type ပုံစံဖြင့် ဝယ်ယူသူများတွေ့ရှိသည့် ပုံစံအတိုင်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အပါအဝင် အားလုံးတို့ကို ပိုင်ဆိုင်လက်ရောက်ရခွင့်ရှိသူ ဦးကျော်အောင်ဝင်း(ခ)ဟိန်းဇော် ၁၂/ဗတထ(နိုင်)၀၃၃၁၈၆ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် လက်ရောက်ဝယ်ယူပိုင်ဆိုင်ရန် ရောင်းဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ဤကြော်ငြာပါ ခုနစ်ရက်အတွင်း ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်နိုင်ထွေး(စဉ်-၃၃၆၇၄) LL.B, D.B.L
အထက်တန်းရှေ့နေ
ဖုန်း-၀၉-၇၃၂၁၇၄၆၅၊ ၀၉-၇၈၁၄၅၄၇၈၉

CLAIMS DAY NOTICE
M.V DUTA 1 VOY:NO(11)

Consignees of cargo carried by M.V DUTA 1 VOY:NO(11) are here by notified that the vessel will arrive on about 29-1-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၄၆၂၁၄ Honda Click 125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲရင့်ကျော်၁၃/ရငန(နိုင်)၀၆၃၈၈၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၆၂၂၆၉ Honda C90 Custom CMV M/C ယာဉ်လက်ဝယ်ရှိသူ ဦးစက်ခိုင် ၉/မတရ(နိုင်)၀၀၁၄၆၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား)၏ ၂၀၁၆ -၂၀၁၇ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်း(ဖြည့်စွက်)ရန်ပုံငွေဖြင့် ဝယ်ယူမည့်အောက်ဖော်ပြပါ ယာဉ်/ယန္တရား (၃)စီးအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါ၍ ဘဏ္ဍာရေးနှစ်တွင်း အချိန်မီပေးသွင်းနိုင်မည့်ပစ္စည်းလက်ဝယ်ရှိ ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ယာဉ်/ယန္တရားအမျိုးအစား	အရေအတွက်
(က)	Mini Excavator	(၁)စီး
(ခ)	Vibrator Soil Compator	(၁)စီး
(ဂ)	Truck Crane	(၁)စီး

တင်ဒါပုံစံထုတ်ပေးမည့်ရက် - ၂၆-၁-၂၀၁၇ရက်
တင်ဒါပိတ်မည့်ရက် - ၁-၂-၂၀၁၇ရက် ၁၆း၀၀နာရီ
တင်ဒါပေးသွင်းရမည့်နေရာ - အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်-

အင်ဂျင်နီယာဌာန(လမ်း/တံတား)
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၆၇-၄၃၂၀၃၇

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

မွေးသက္ကရာဇ်အမှန်နှင့် ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(၃)၊ နဝမတန်း(B)မှ မောင်နော်ဆိုင်းလတ်၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၁၁-၂၀၀၁ ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးဇော်တန် ၁၃/သနန(နိုင်)၀၃၀၇၆၄ဖြစ်ပါသည်။

ပျောက်ဆုံးကြောင်း

ကိုဟန်စိုး ၁၂/ရကန(နိုင်)၀၆၁၃၇၄၏ ပတ်စ်ပို့နံပါတ်(မမှတ်မိမှာ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးရန်။ **ဖုန်း-၀၁-၅၈၀၈၉၂**

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျောက်မြောင်းမြို့နယ်ခွဲ၊ အလက(ခွဲ)၊အလကမခေါက်မှ အဋ္ဌမတန်းကျောင်းသားမောင်နေမျိုးသူနှင့် ပဉ္စမတန်းကျောင်းသားမောင်စိုးမင်းမြတ်တို့၏ ဖခင်အမည်မှန်မှာ ဦးသိန်းအောင် ၅/ဝလန(နိုင်)၁၇၁၁၉၀ ဖြစ်ပါကြောင်း။

ဦးသိန်းအောင်

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/7833 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/1998 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/4657 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဇန်းမောက်မြို့နယ်ရှိ ရွှေမော်ကုမ္ပဏီဝင်းအတွင်း ပစ္စည်းများ ဖျက်ဆီးခံရ

ဇန်းမောက် ဇန်နဝါရီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ် စုံတော်ကျေးရွာအုပ်စုရှိ ထာဝရ ရွှေမော်ကုမ္ပဏီဝင်းအတွင်းသို့ ဇန်နဝါရီ ၂၆ ရက် ည ၁၀ နာရီခွဲခန့်တွင် လူအင်အား ၂၅၀ ခန့်က ဝင်ရောက်ဖျက်ဆီးသွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်ရပ်ကြောင့် သရီးကရောင်းယာဉ်တစ်စီး၊ ဘက်ဟိုးယာဉ်တစ်စီး ပျက်စီးသွားပြီး ရုံးခန်းအတွင်း ဗီရိုထဲမှငွေကျပ်သိန်း ၁၅၀ နှင့် ရုံးဝင်းအတွင်း၌ စုပုံထားသော ရွှေမြေစာပုံ ငွေကျပ်သိန်း ၅၀ ဖိုး ယူဆောင်သွားကာ လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ၏ ဆိုင်ကယ်များအား ဖျက်ဆီးသွားကြောင်း သိရသည်။

အဆိုပါနေရာသို့ ဇန်းမောက်မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ကသာခရိုင်ရုံးမှ ရဲတပ်ဖွဲ့ဝင်များသည် ဇန်းမောက်မြို့နယ် စုံတော်ကျေးရွာနှင့် တုံးပင်ကျေးရွာတို့၌ ပြစ်မှုကျူးလွန်သူများ၏ သတင်းကို စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

လူအောင်(ကသာ)၊ ဓာတ်ပုံ-(မြို့နယ် ပြန်/ဆက်)



မီးသွေးဖိုမှတစ်ဆင့် ကြက်ခြံမီးကူးလောင်

မော်လမြိုင် ဇန်နဝါရီ ၂၇

မွန်ပြည်နယ် ပေါင်မြို့နယ် ကျခတ်ငူကျေးရွာ ကွင်းအမှတ်(၉၀၀)ရှိ ဦးကျော်ညွန့် ပိုင်ဆိုင်သည့် ကြက်မွေးမြူရေးခြံ၌ ဇန်နဝါရီ ၂၆ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်က ကြက်များ အနွေးဓာတ်ရရန်အတွက် မီးဖိုထားသည့် မီးသွေးဖိုမှတစ်ဆင့် ကြက်ခြံသို့ မီးကူးစက်လောင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားသည့်နေရာသို့ ပေါင်မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက မီးသတ်ယာဉ် သုံးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် ပေ(၄၀×၂၀၀)ရှိ ကြက်ခြံအဆောက်အအုံတစ်လုံးနှင့် ၁၅ ရက်သားအရွယ် ကြက်ကောင်ရေ ၂၈၀၀ ခန့် မီးလောင်သွားကြောင်း သိရသည်။

တင်ထွန်း(မော်လမြိုင်)

ပူးပေါင်းအဖွဲ့ဖြင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

ဘားအံ ဇန်နဝါရီ ၂၇

သာယာကုန်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာကားဂိတ် ဘားအံ-မြဝတီ ကားလမ်းပေါ်၌ ဇန်နဝါရီ ၂၅ ရက်က ကျုံဒိုးမြို့ဘက်မှ သာယာကုန်းကျေးရွာဘက်သို့ အောင်ဆန်းဦး မောင်းနှင်၍ နောက်မှ မသန်းဝင်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဆိုင်ကယ်ဘောက်အတွင်းမှ WY ဆေးပြား ၂၄၀၀၊ အလေးချိန် ၂၄၀ ဂရမ်ကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် ရဲအုပ်သက်စိုးဦးက ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

ထို့နောက် မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိသူနှစ်ဦးအား အိန္ဒြနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူ ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

ကျိုက်ထီးရိုးစေတီတော်ရင်ပြင်ပေါ်၌ ဆင်သားရေခြောက်များ ဖမ်းမိ

မော်လမြိုင် ဇန်နဝါရီ ၂၇

မွန်ပြည်နယ် ကျိုက်ထိုမြို့ ကျိုက်ထီးရိုးရင်ပြင်တော် ကျောက်ထပ်ကြီးဘုရား ကျောက်ဆီယိုဘုရားအနီး "အောင်မြင်သူ" ဆေးမြစ်စုံအရောင်းဆိုင်၌ ဆင်သားရေခြောက်များ ရောင်းချနေကြောင်း သတင်းရရှိသဖြင့် ဇန်နဝါရီ ၂၆ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်က ကျိုက်ထိုမြို့ ကင်မွန်းချောင်းနယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်သူရ၊ ကျိုက်ထီးရိုးရင်ပြင်တော်ရဲကင်းမှူး ရဲအုပ်မင်းသီဟနှင့် တပ်ဖွဲ့ဝင်များ၊ ကျိုက်ထိုမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဌေးကြူနှင့် တောတွင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ တောအုပ်ကြီး ဦးသိန်းဌေးတို့အဖွဲ့သည် 'အောင်မြင်သူ' ဆေးမြစ်စုံအရောင်းဆိုင်ကို ဝင်ရောက်ရှာဖွေစစ်ဆေးရာ ဆင်သားရေခြောက် ၉၀ ကျပ်သားကို ရှာဖွေတွေ့ရှိခဲ့သည်။ သို့ဖြစ်၍ ဆိုင်ပိုင်ရှင်ဖြစ်သူ အောင်ကျော်မိုးကို ကင်မွန်းချောင်းနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

တင်ထွန်း(မော်လမြိုင်)

ချိန်ခါမရွေး
သတိပေး
မီးဘေး
ကင်းဝေးမှာ

လေသေနတ်နှင့် ဆက်စပ်ပစ္စည်းများ သယ်ဆောင်လာသူအား အရေးယူ

နေပြည်တော် ဇန်နဝါရီ ၂၇

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၆ ရက်က ချမ်းမြသာယာရပ်ကွက် ချမ်းမြရွှေပြည်ကားကြီးဝင်းရှိ မန္တလေး-လွိုင်ကော်ကားဂိတ်အတွင်း မသင်္ကာဖွယ်တွေ့ရှိသူ ကယားပြည်နယ် ဖရူဆိုမြို့နေ တင်မင်းမောင်(ခ) မင်းမင်း(၄၆ နှစ်)အား စစ်ဆေးရာ ၎င်းသယ်ဆောင်လာသော ပီနံအိတ်အတွင်းမှ ထန်းမြစ်များဖြင့် ရောနှောသယ်ဆောင်လာသည့် လေသေနတ်သုံးလက်နှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။ **(ဓါတ်ပုံ)**

အဆိုပါ သိမ်းဆည်းရမိမှုနှင့် ပတ်သက်၍ တင်မင်းမောင်(ခ)မင်းမင်းအား ပြည်ကြီးတံခွန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ရန်ကုန်ဘူတာကြီးရှေ့ မီးရထားဝန်ထမ်းအိမ်ရာ မီးလောင်မှုဖြစ်

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်ဘူတာကြီးရှေ့ မီးရထားဝန်ထမ်းအိမ်ရာဝင်း၌ ယနေ့ ည ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

မီးလောင်ရာသို့ တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဝင်များက Level 2 အဆင့် မီးငြှိမ်းသတ်ယာဉ်များဖြင့် ထွက်ခွာငြှိမ်းသတ်လျက်ရှိပြီး ည ၁၀ နာရီ ၃၅ မိနစ်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ကနဦးသတင်းများအရ သိရသည်။

(မြန်မာ့အလင်း)၊ ဓာတ်ပုံ-Min Thiha

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)
ကျောက်တန်းမြို့နယ်တရားရုံး
၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃၀

ဒေါ်ညိုညိုဝင်း နှင့် ၁။ ဦးညွှင်း
၂။ ဒေါ်မြတ်နု(ခ)ဒေါ်ဘုတ်ဆုံ
၃။ ကိုဆန်းမြင့်လွင်
၄။ ကိုမြင့်လွင်

တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ မင်္ဂလွန်းကျေးရွာနေ (၃) တရားပြိုင် ကိုဆန်းမြင့်လွင် (ဘ)ဦးညွှင်း (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအေးဝင်းက ငွေကျပ် ၁၆၃၁၄၀၀ (တစ်ဆယ့်ခြောက်သိန်း သုံးသောင်းတစ်ထောင်လေးရာတိတိ)ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေပါစေ၍ဖြစ်စေ၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၈ရက် (၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်) နံနက် ၁၀ နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက် စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မာမာစိုးရင်)
မြို့နယ်တရားသူကြီး
ကျောက်တန်းမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ကျောက်တန်းမြို့နယ်တရားရုံး
၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၃၁

ဦးတင်ဌေး နှင့် ၁။ ဦးညွှင်း
၂။ ဒေါ်မြတ်နု(ခ)ဒေါ်ဘုတ်ဆုံ
၃။ ကိုဆန်းမြင့်လွင်
၄။ ကိုမြင့်လွင်

တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ မင်္ဂလွန်းကျေးရွာနေ(၃)တရားပြိုင် ကိုဆန်းမြင့်လွင်(ဘ)ဦးညွှင်း(ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတင်ဌေးက ငွေကျပ် ၄၉၅၀၀၀၀/-(လေးဆယ့်ကိုးသိန်းငါးသောင်းကျပ်တိတိ)ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၈ ရက် (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၁၂ရက်) နံနက် ၁၀ နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇန်နဝါရီ ၂၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မာမာစိုးရင်)
မြို့နယ်တရားသူကြီး
ကျောက်တန်းမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအ၂မိန့်-၅၊ နည်းဥပဒေ-၂၀)
ကျောက်တန်းမြို့နယ်တရားရုံး
၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၃၂

ဦးအေးဝင်း နှင့် ၁။ ဦးညွှင်း
၂။ ဒေါ်မြတ်နု(ခ)ဒေါ်ဘုတ်ဆုံ
၃။ ကိုဆန်းမြင့်လွင်
၄။ ကိုမြင့်လွင်

တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ကျောက်တန်းမြို့နယ်၊ မင်္ဂလွန်းကျေးရွာနေ(၃)တရားပြိုင်ကိုဆန်းမြင့်လွင်(ဘ)ဦးညွှင်း (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးအေးဝင်းက ငွေကျပ် ၆၂၈၇၄၅၀/-(ခြောက်ဆယ့် နှစ်သိန်းရှစ်သောင်း ခုနစ်ထောင့် လေးရာ့ငါးဆယ်ကျပ်တိတိ)ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၈ ရက် (၁၃၇၈ခုနှစ် တပို့တွဲလ ဆန်း ၁၂ ရက်) နံနက် ၁၀နာရီတွင် တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မာမာစိုးရင်)
မြို့နယ်တရားသူကြီး
ကျောက်တန်းမြို့နယ်တရားရုံး

ပျောက်ဆုံးကြောင်း

ကျွန်တော်များ Matsuya R&D (My-anmar) Co.,Ltd ၏ Import License YILC 16-17 1598 (28-9-2016) သည် ၁၃-၁၁-၂၀၁၆ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၅၁၄၃၁၄၀

ပျောက်ဆုံးကြောင်း

Hs International Co.,Ltd ၏ သွင်းကုန်လိုင်စင်အမှတ် IL6/ 16-17/ 5372 (23-11-2016) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဟိုတယ်အသစ်ငှားမည်

တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်းမကြီးပေါ်၊ ကရဝိက်နှင့်နီး၊ ၈ ½ ထပ်၊ ဓာတ်လှေကားပါ၊ လုံးချင်း၊အခန်း၃၅ခန်း၊ ပရိဘောဂအစုံ၊ ရေပူရေအေး၊ CCTV, PABX ဖုံး၊ ထရန်စဖော်မာ၊ မီးစက်ပါ၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ နေရာကောင်း၊ ငှားမည်။

ဖုန်း-၀၉-၇၃၂၄၀၅၀၇၊ ၀၉-၅၁၄၉၆၈၉

မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်တို့ ကြီးမှူး၍ မြန်မာပီဂျီအေ၊ Asian Tour နှင့် Japan Golf Tour တို့ ပူးပေါင်းကာ Leopalace 21 ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် 2017 Leopalace 21 မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းမှစ၍ ရန်ကုန်မြို့ရှိ ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပရာ ဂျပန်ကစားသမား Yusaku MIYAZATO က ထိပ်ဆုံးမှဦးဆောင်လျက်ရှိသည်။

ဒုတိယနေ့အပြီးတွင် Yusaku MIYAZATO (ဂျပန်)က သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက် လျှော့ရိုက်ကာ ထိပ်ဆုံးမှ ဦးဆောင်နေပြီး Keith HORNE (တောင်အာဖရိက)က သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျှော့ရိုက်ပြီး ဒုတိယ၊ K.T. KIM (တောင်ကိုရီးယား)နှင့် Makoto INOUE (ဂျပန်)တို့က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျှော့ရိုက်ကာ တတိယနေရာတို့တွင် ရပ်တည်နိုင်ခဲ့သည်။ Miguel TABUENA (ဖိလစ်ပိုင်)၊ Masahiro KAWAMURA (ဂျပန်)၊ Sihwan KIM (အမေရိကန်)၊ Michio MATSUMURA (ဂျပန်)၊ Richard T. LEE (ကနေဒါ)၊ Kyungnam KANG (တောင်ကိုရီးယား) နှင့် Junggon HWANG (တောင်ကိုရီးယား)တို့ သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်ဖြင့် နောက်မှလိုက်နေသည်။ ဒုတိယနေ့အပြီးတွင် လက်ကျန်ပွဲများအတွက် Cut သတ်မှတ်ရာ လက်ရှိချန်ပီယံရှောင်နောရစ် (တောင်အာဖရိက)၊ မြန်မာကစားသမားများမှာ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

ယင်းပြိုင်ပွဲကို နိုင်ငံပေါင်း ၁၇၀ ကျော်တွင် ရုပ်သံမှ တိုက်ရိုက်ပြသနေပြီး ပြည်တွင်းရုပ်သံလိုင်းဖြစ်သည့် Sky Net မှလည်း ပြသလျက်ရှိသည်။

ယင်းပြိုင်ပွဲကို မြန်မာအားကစားပရိသတ်များ အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ပြီး ကံစမ်းမဲအစီအစဉ်များလည်း ပါဝင်ကြောင်း သိရသည်။ ပြိုင်ပွဲတတိယနေ့ပွဲစဉ်များကို ဇန်နဝါရီ ၂၈ ရက် **(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

သတင်း-ရဲရင့်ရှိန်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်

ထိပ်ဆုံးမှဦးဆောင်နေသည့် Yusaku MIYAZATO (ဂျပန်)

မကွေးနှင့် ရတနာပုံအသင်းယှဉ်ပြိုင်ရာ လက်ရှိချန်ပီယံရတနာပုံအသင်း နိုင်ပွဲဆက်

ရန်ကုန် ဇန်နဝါရီ ၂၇

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃) ပထမနေ့အဖြစ် မကွေးနှင့် ရတနာပုံအသင်းတို့သည် ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရတနာပုံအသင်းက တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

လက်ရှိချန်ပီယံ ရတနာပုံအသင်းသည် အဖွင့်ပွဲတွင် နိုင်ပွဲပျောက်ဆုံးခဲ့သော်လည်း နှစ်ပွဲဆက်နိုင်ပွဲရယူကာ ချန်ပီယံကာကွယ်နိုင်ရေး အမှားအယွင်းမရှိခဲ့ပေ။ ယခုပွဲတွင်လည်း တိုက်စစ်မှူး ဝင်းနိုင်စိုး၏ တစ်လုံးတည်းသောဂိုးဖြင့် ရတနာပုံအသင်း နိုင်ပွဲဆက်ခဲ့ခြင်းဖြစ်သည်။ ရလဒ်ဆိုးများနှင့် ကြုံတွေ့နေသည့် မကွေးအသင်းမှာ ဒုတိယမြောက်ရှုံးပွဲကြုံတွေ့ခဲ့ပြီး လက်ကျန်ပွဲများတွင် ရုန်းကန်ရတော့မည်ဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး အဓိကတိုက်စစ်မှူး ဆယ်လာမပါနိုင်သေးသည့် မကွေးတိုက်စစ်မှာ ရုန်းကန်နေရဆဲဖြစ်သည်။ ရတနာပုံတိုက်စစ်ကို အောင်သူ၊ ဝင်းနိုင်စိုးတို့က ဦးဆောင်ခဲ့ပြီး ဝါရင့်ကစားသမား ရန်ပိုင်က တိုက်စစ်ကို လိုက်ဖြည့်ပေးခဲ့သောကြောင့် မကွေးခံစစ်ကိုဖိအားပေးနိုင်ခဲ့သည်။ ၂၇ မိနစ်တွင် ရရှိသည့် အပိုင်အခွင့်အရေးကို ဝင်းနိုင်စိုး အသုံးမချနိုင်ခဲ့သော်လည်း ၃၃ မိနစ်တွင် ရန်ပိုင်ဖန်တီးပေးသော ဘောလုံးကို အနိုင်ဂိုးအဖြစ် ပြောင်းလဲပေးခဲ့သည်။ ဒုတိယပိုင်းတွင် မကွေးအသင်း ချေပဂိုးရရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ရတနာပုံခံစစ်ပိုင်း ဆင့်ကဲဆင့်ကဲ ဖျက်ထုတ်ခဲ့ရသည်။ ၈၁ မိနစ်တွင် နောက်ခံလူ မိုက်ကယ် ပိတ်သွင်းယူခဲ့သော်လည်း လူကျွံဘောဖြစ်နေသောကြောင့် မကွေးအသင်းနစ်နာခဲ့ရသည်။

ပွဲပြီးခါနီးတွင် မကွေးကွင်းလယ်ကစားသမား မောင်မောင်စိုး နှစ်ဝါ၊ တစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ မကွေးအသင်းသည် ရာသီအစ သုံးပွဲဆက်တိုက် နိုင်ပွဲ ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် (၂) ဒုတိယနေ့ကို ဇန်နဝါရီ ၂၈ ရက် **(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ရန်ကုန်နှင့် ရွှေဝတီ၊ အောင်ဆန်းကွင်း၌ ဇွဲကပင်နှင့် ရှမ်းယူနိုက်တက်၊ ဝဏ္ဏသိဒ္ဓိကွင်း၌ နေပြည်တော်နှင့် ချင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-စိုးညွန့်

မကွေးနှင့်ရတနာပုံအသင်း ယှဉ်ပြိုင်နေစဉ်

ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းများနှင့် တံတားများပေါ်တွင် တန်ပိုတင်ဆောင်ဖြတ်သန်းခြင်းခွင့်မပြု

နေပြည်တော် ဇန်နဝါရီ ၂၇

ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းများနှင့် တံတားများပေါ်တွင် ကုန်တင်ယာဉ်များ တန်ပိုတင်ဆောင်၍ ဖြတ်သန်းခွင့်မပြုကြောင်းနှင့် လက်ရှိခွင့်ပြုပေးလျက်ရှိသော ယာဉ်အမျိုးအစားအလိုက် (ယာဉ်+ကုန်) တန်ချိန်အတိုင်းသာ ခွင့်ပြုမည်ဖြစ်သည်။

ကုန်တင်ယာဉ်များတန်ပိုတင်ဆောင်ဖြတ်သန်းမှုအား မတ် ၃၁ ရက်အထိ ပြည်သူများသိရှိလိုက်နာဆောင်ရွက်ရန် အသိပေးခြင်း၊ ပညာပေးကာလအဖြစ် သတ်မှတ်ခြင်းဆောင်ရွက်မည်ဖြစ်ပြီး ဧပြီ ၁ ရက်မှစတင်ကာ **"ခွဲခြား၍သော်လည်းကောင်း၊ ဖြတ်တောက်၍ သော်လည်းကောင်း မရသောပစ္စည်းများ(ဥပမာ-စက်ပစ္စည်းများ၊ Transformer ကြီးများ) မှ အပ"** အခြားကုန်တင်ယာဉ်များသည် လမ်းဦးစီးဌာနပိုင် လမ်း၊ တံတားများပေါ်တွင် တန်ပိုတင်ဆောင်ဖြတ်သန်းခွင့်မပြုရေး B.O.T ၊ လေလံလမ်း၊ တံတားဂိတ်များမှ တန်ပိုယာဉ်တားဆီးရေးဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ တန်ပိုယာဉ်တားဆီးရေးဆောင်ရွက်ရာတွင် တန်ပိုတင်ဆောင်လာသောယာဉ်များကို လမ်းမကြီးများဥပဒေ အခန်း(၅) ပြစ်မှုနှင့် ပြစ်ဒဏ်ပုဒ်မ(၈)၊ ပုဒ်မခွဲ(ခ) အရ ထိရောက်စွာအရေးယူဆောင်ရွက်မည်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အသိပေးထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မူလနေရာတွင်သာ ထာဝရကိန်းဝပ်စံပယ်တော်မူတော့မည်

မဟာနီးဘုရားကြီးအား အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် မန္တလေးမြို့တွင်းသို့ လှည့်လည်အပူဇော်ခံပြီးဖြစ်သည်။ မကြာမီတွင် အနေကဇာတင်လျှ ပူဇော်သွားမည်ဖြစ်သည့်အတွက် မူလနေရာတွင်သာ ထာဝရအပူဇော်ခံသွားတော့မည်ဖြစ်ရာ သဒ္ဓါကြည်လင် သူတော်ကောင်းအပေါင်းတို့အနေဖြင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက် ရတနာပုံကျောင်းတိုက်တွင် လာရောက်ဖူးမြော်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

မဟာနီးဘုရားကြီးဂေါပကအဖွဲ့

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်သိန်းထိုက် ၁၄/ဘကလ(နိုင်)၁၆၇၄၄၇၏(CDC-42765)သင်္ဘောသားစာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၇၀၆၂၆၇၃

တစ်ဦးတည်းဖြစ်ပါကြောင်း

အထက(၁)ဟုမ္မလင်း၊ နဝမတန်း (င) ကျောင်းဝင်အမှတ် (၁၂၃၇၆) မောင်နေဆန်းဦး၊ ဟုမ္မလင်းမြို့နယ်၊ ငေါက်စားကျေးရွာ၊ အလက(ခွဲ)သတ္တမတန်းမှ မောင်နေဆန်းလင်း၊ မအိအိဖြိုး တတိယတန်း၊ မောင်ဝဏ္ဏဇော်(KG)တန်းတို့၏ဖခင်ဦးကျော်ဝင်း(ခ)ဦးကျောက်ပွင့် ၅/ဟမလ (နိုင်) ၀၅၅၄၀၄မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။**ဦးကျော်ဝင်း(ခ)ဦးကျောက်ပွင့်**

ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်) သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ်နှစ်ပတ်လည် အစည်းအဝေး အခမ်းအနားကို အလိုတော်ပြည့်ကျောင်းတိုက်၊ တာမွေမြို့နယ်၊ ပင်ရှွေညောင်လမ်း၌ ၁၂-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

အခမ်းအနားတွင် စာအောင်သံဃာတော်များ၊ အသက်(၇၅)နှစ်အထက် သက်ကြီးများ၊ ၂၀၁၅-၂၀၁၆ခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသားကျောင်းသူများနှင့် အခြားထူးခြား၊ ထူးချွန်သူများကို ဂုဏ်ပြုမည်ဖြစ်ပါသည်။

စာအောင်သံဃာတော်များသည် ရသေ့တောင်မြို့နယ် သံဃာအသင်း (ရန်ကုန်) ဥက္ကဋ္ဌဆရာ တော်ဘဒ္ဒန္တကုန္ဒာစာရ ဖုန်း-၀၉-၄၅၀၀၁၀၈၄၀သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ပါသည်။

သက်ကြီးများ၊ ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများနှင့် အခြားထူးခြား၊ ထူးချွန်သူများ သည် မှတ်ပုံတင်မိတ္တူ၊ အမှတ်စာရင်းမိတ္တူများနှင့်အတူ ၄-၂-၂၀၁၇ရက် နောက်ဆုံးထားပေးပို့ရပါမည်။ အသင်းသားများနှင့် မြို့နယ်သူ/သားများ တက်ရောက်ကြပါရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးပါမည်။

၁။ ဦးစံလှမောင်(ဥက္ကဋ္ဌ) ဖုန်း-၀၉-၂၆၁၂၇၈၂၂၉
၂။ ဦးရဲမြင့်(ဒုဥက္ကဋ္ဌ) ဖုန်း-၀၉-၄၅၀၅၇၀၄၂၇
၃။ ဦးမောင်လှဝင်း(တွဲဖက်အတွင်းရေးမှူး) ဖုန်း-၀၉-၄၃၁၆၄၂၈၁
၄။ ဒေါ်ဒေစီသန်း(ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၀၆၂၈၉၆
၅။ ဦးတင်သန်း(စာရင်းစစ်) ဖုန်း-၀၉-၇၉၅၇၃၆၂၃၆

ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)

ဖြည့်စွက်ဖတ်ရှုပါရန်

၂၅-၁-၂၀၁၇ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၇)တွင် အထက (သုဝဏ္ဏ)(၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲဖိတ်ကြားလွှာကြော်ငြာတွင် ကျင်းပမည့်နေရာ- ယခင်အထက (သုဝဏ္ဏ) သီရိပညာခန်းမဟု ဖြည့်စွက်ဖတ်ရှုပါရန်။

မြေပေးမိန့်လျှောက်ထားခြင်းအတွက် ကန့်ကွက်ရန်ရှိ/မရှိကြော်ငြာစာထုတ်ခြင်း

မြောင်းမြမြို့၊ (၇)ရပ်ကွက်၊ မြေစာရင်းရပ်ကွက်၊ အမှတ်(၆-ခ)၊ ရုံးလမ်း၊ ဦးပိုင်အမှတ်(၈၂/၅)၊ ဧရိယာ ၀ဒသမ၉၇၂ ဧက အနက်မှ ဧရိယာ ၀ဒသမ ၄၈၃ဧကရှိ မြေပေါ်၌ ခရိုင်/မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး အဆောက်အအုံအား ဆောက်လုပ်ထားရှိပြီး မြေစာရင်းရပ်ကွက်အမှတ်(၆-ခ)၊ရုံးလမ်း၊ ဦးပိုင်အမှတ်(၈၂/၅)၊ ဧရိယာ ၀ ဒသမ ၉၇၂ဧက အနက်မှ ဧရိယာ ၀ဒသမ ၄၈၃ ဧကရှိမြေအား မြေပေးမိန့် လျှောက်ထားမည်ဖြစ်ကြောင်းနှင့် ယခုလျှောက်ထားသည့် မြေပေးမိန့်အတွက် အခြားမည်သူကမဆိုသတ်မှတ်ပါရှိသည့် စည်းကမ်းချက်များအရ ကန့်ကွက်ရန်ရှိပါက ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၁ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြောင်းမြမြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/1055 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဗိုလ်မှူးကြီးတင်ခ (ငြိမ်း)တက္ကသိုလ်တင်ခ [ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း] (မြန်မာစာအဖွဲ့ဝင်) ၏ ၂၇-၁-၂၀၁၇ရက်တွင် ပြည့်မြောက်သော (၇၇)နှစ်မြောက် မွေးနေ့အတွက် တစ်နေ့တာဆွမ်းကျွေးအလှူအဖြစ် နှင်းဆီကုန်း ဘိုးဘွားရိပ်သာကြီးတွင် လှူဒါန်းရခြင်းအတွက် သာဓုအနုမောဒနာ ခေါ်ဆိုရပါသည်။

ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အောက်ဖော်ပြပါ အမှိုက်သိမ်းယာဉ်နှစ်စီးကို (အဖွဲ့ရုံးအရောက်)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Forland Mini Dumper Truck-4Cylinder 48(Kv)China	(၂)စီး

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ၁-၂-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း ရေတာရှည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါ သည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၁၅-၂-၂၀၁၇ရက် ၁၆း၀၀နာရီ ဖြစ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ရေတာရှည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့
ဖုန်း-၀၅၄-၈၀၀၀၇၊ ၀၅၄-၈၀၀၀၈

အမည်ပြောင်း

လားရှိုးမြို့နယ်၊ နောင်မွန်ကျေးရွာနေ ဦးစိုင်းလှထွန်း- ဒေါ်နန်းငွေယုတို့၏သမီး နန်းစန္ဒာငင်း ၁၃/လရန(နိုင်)၁၅၈၁၆၁ အား ယနေ့မှစ၍ နန်းစန္ဒာဝင်းဟု ပြောင်းလဲခေါ်ပါရန်။ **နန်းစန္ဒာဝင်း**

လူပျောက်

ဖော်ပြပါ ဓာတ်ပုံရှင် ဦးဖိုးတေ ၁၂/သဃက(နိုင်)၀၇၀၁၃၈ အသက်(၇၇)နှစ်သည် ၂၆-၁-၂၀၁၇ရက် နံနက် ၁၀း၃၀နာရီတွင် တောင်ဒဂုံ ၁၈ ကွေ့မှ YBS (၃)စီးပြီး ပန်းဆိုးတန်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးသို့ ပင်စင်ထုတ်ရန်သွားရာမှ ယနေ့အချိန်အထိ အိမ်သို့ပြန်ရောက်လာခြင်းမရှိဘဲ အဆက်အသွယ်မရ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ ကူညီအကြောင်းကြားပေးကြပါရန်။

ဖုန်း-၀၉-၇၇၀၈၆၆၂၅၆

နိုင်ငံခြားသားများ ငှားရမ်းအသုံးပြုခဲ့သည့် စိုက်ခင်းမြေနေရာများတွင် သီးနှံများစိုက်ပျိုး၍ မရတော့ဟုဆို

ရေတာရှည် ဇန်နဝါရီ ၂၇
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့တောင်ဘက် ချောင်းနံဘေးတွင် ယခင်နှစ်က နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင် များမြေငှားရမ်း၍ ငရုတ်မျိုးစေ့ထုတ်စိုက်ပျိုးသည့်မြေနေရာများ၌ မြေဆီလွှာများပျက်စီးကာ မည်သည့်စိုက်ပျိုးသီးနှံမှစိုက်ပျိုးနိုင်ခြင်းမရှိတော့ကြောင်း မြေငှားရမ်းခဲ့သော တောင်သူများထံမှ သိရသည်။

"မိုးတွင်းကစပါးစိုက်တယ်။ မျိုးလောက်ပဲပြန်ရတယ်။ အခု ပဲစိုက်တော့လည်း အသီး မသီးတော့ဘူး၊ မြေဆီလွှာတွေ ပျက်စီးကုန်တော့ ဘာသီးနှံမှ မအောင်မြင်တော့တာ"ဟု ၎င်းတို့ကပင် ဆက်လက်ပြောပြသည်။

တရုတ်နိုင်ငံတွင် ငရုတ်မျိုးသီးသန့်မူပိုင်မှတ်ပုံတင်နိုင်ရန် ကျပ်ငွေသိန်းပေါင်း ၁၇၀၀ ကျော် ရင်းနှီးမြှုပ်နှံ၍ မြေငှားရမ်းသုံးစွဲရာတွင် သီးသန့်အသုံးပြုသည့် ဓာတ်မြေသြဇာအား တရုတ်နိုင်ငံမှ တိုက်ရိုက်မှာယူတင်သွင်း အသုံးပြုခြင်းဖြစ်၍ မည်သည့် အမျိုးအစားဖြစ်ကြောင်း ပြောကြားရန်ခက်ခဲပြီး လက်ရှိဈေးကွက်၌ သုံးစွဲနေသော မြေသြဇာများထက် အာနိသင် ပိုမိုကောင်းမွန်သည်ဟု ယင်းလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်ခဲ့ရသော လုပ်သားတစ်ဦးက ပြောသည်။

"သူတို့သုံးစွဲတဲ့မြေသြဇာကြောင့်ပဲဖြစ်မယ်ထင်တယ်။ စပါးစိုက်တယ်၊ ပဲစိုက်တယ်၊ မြေသြဇာတွေသုံးတယ်။ ရကိုမရတာ ထမင်းသုံးပန်းကန်စားတဲ့သူကို တစ်ပန်းကန်ကျွေးသလို ဖြစ်နေတယ်လို့ ကျွန်တော်တို့ ထင်ပါတယ်။ မြေဆီလွှာတွေ မူလအတိုင်း ပြန်ရနိုင်ဖို့ ၂ နှစ်လောက်စောင့်ရဦးမယ်ထင်တယ်။ ဒီနှစ်တောင်ထပ်ပြီး လာငှားသေးတယ်။ တစ်ဧက ခြောက်သိန်းဆိုလို့ မလုပ်ဖြစ်တော့ဘူး"ဟု ၎င်းကပင် ဆက်လက်ပြောပြသည်။

ကိုလွင်(ဆွာ)

ဖန်းမော်တက္ကသိုလ်၏ Academic Infographic Competition 2017 ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကျင်းပ

ဖန်းမော် ဇန်နဝါရီ ၂၇
ကချင်ပြည်နယ် ဖန်းမော်မြို့ ဖန်းမော်တက္ကသိုလ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၏ Academic Infographic Competition 2017 ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်က တက္ကသိုလ်အားကစားခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲအခမ်းအနားတွင် ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်ဝင်းက အမှာစကားပြောပြီး ပြိုင်ပွဲအကဲဖြတ်ဒိုင်ဥက္ကဋ္ဌဖြစ်သော ရူပဗေဒဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာနွဲ့နွဲ့အေးက ပြိုင်ပွဲနှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက်ပြိုင်ပွဲဝင်ပိုစတာ(၄၂)ချပ်အား ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ပြိုင်ပွဲအကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကထိကများ၊ ဆရာဆရာမများ၊ ပြိုင်ပွဲဝင် ဘာသာရပ် ၁၁ ခုမှ ကျောင်းသား ကျောင်းသူ ၁၆၈ ဦးနှင့် တက္ကသိုလ်ကျောင်းသားကျောင်းသူများ လှည့်လည်ကြည့်ရှုခဲ့သည်။

အဆိုပါပြိုင်ပွဲဝင်ပိုစတာများအား ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ ခင်းကျင်းပြသထားမည်ဖြစ်ကာ ပြိုင်ပွဲတွင် အရောင်ရွေးချယ်မှုမှန်ကန်ပေါ်လွင်ခြင်း၊ စာလုံးအရွယ်အစားရွေးချယ်မှုမှန်ကန်ခြင်း၊ ဘာသာရပ်ဆိုင်ရာ အကြောင်းအရာမှ ပြင်ပလောကကို အထောက်အကူပြုစေခြင်း၊ သင်္ကေတအသုံးပြုမှုထိရောက်မှုရှိခြင်း၊ သဘောထားပေါ်လွင်စေခြင်း၊ ဆွဲဆောင်မှုရှိခြင်း၊ ရှင်းလင်းပြတ်သားခြင်း၊ သဘောကျနှစ်သက်ခြင်း စသည့်အချက်များအပေါ် အကဲဖြတ်ဒိုင်အဖွဲ့မှ ကြည့်ရှုစစ်ဆေးပြီး ဇန်နဝါရီ ၂၆ ရက်တွင် ဆုများ ရွေးချယ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန် / ဆက်)

ကိုယ့်အားကိုယ်ကိုးကျေးရွာလျှပ်စစ်မီးလင်းရေးဆောင်ရွက်

မိတ္ထီလာ ဇန်နဝါရီ ၂၇
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျွဲတလင်းကျေးရွာအုပ်စု နွားစမ်းတောင်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးလင်းရေးအောင်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်က ယင်းကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဒေါက်တာမောင်သင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်နှင့် နွားစမ်းတောင်ကျေးရွာ ရွှေလက်လှဘုန်းတော်ကြီး ကျောင်းဦးစီးပဓာနနာယကဆရာတော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ကျေးရွာလျှပ်စစ်မီးလင်းရေးမတည်အလှူရှင်များနှင့် မီးလင်းရေးကော်မတီဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးမောင်နီက ပေးအပ်ချီးမြှင့်သည်။ နွားစမ်းတောင်ကျေးရွာတွင် တည်ဆောက်ဖွင့်လှစ်သည့် လျှပ်စစ်ထရန်စဖော်မာမှာ ၁၁၀၀၀ ကေဗွီအေ ဖြစ်ပြီး ကျေးရွာတွင် အိမ်ထောင်စု ၃၆၀ ရှိသည့်အနက် ၁၃၁ စု လျှပ်စစ်မီးလင်းပြီးဖြစ်ကာကျန်ရှိနေသေးသည့် အိမ်ထောင်စုများ လျှပ်စစ်မီးရရှိရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲကျင်းပ

ကသာ ဇန်နဝါရီ ၂၇
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့တွင် ဗိုလ်ချုပ်ကြေးရုပ်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲကျင်းပခဲ့သည်။

အဆိုပါဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း(၁၈)သင်းပါဝင်ပြီး ပြိုင်ပွဲကာလမှာ ဇန်နဝါရီ ၁၁ ရက်မှ ဖေဖော်ဝါရီ ၁၂ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဗိုလ်ချုပ်ကြေးရုပ်ဖွင့်ပွဲအထိမ်းအမှတ်တွင် ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ နီမာရသွန်၊ ဝေါက်သီးရိုက်နှင့် ပြေးခုန်ပစ်အားကစားပြိုင်ပွဲများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

လူအောင်(ကသာ)

ထိန်သေးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်

နတ်တလင်း ဇန်နဝါရီ ၂၇
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ထိန်သေးကျေးရွာကျန်းမာရေးဌာနခွဲ ဆေးခန်းပြန်လည် ဖွင့်လှစ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်က ကျင်းပရာ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်းနု၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာရီရီခင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအေမီထွန်း၊ ကျန်းမာရေးမှူး အဆင့်(၁) ဦးသိန်းလွင်၊ သူနာပြုဆရာမကြီး ဒေါ်ကျင်စန်းတို့က ဖွင့်လှစ်ပေးခဲ့သည်။ ထိုသို့ ဖွင့်လှစ်ပေးခြင်းဖြင့် မြို့နယ်ကျန်းမာရေးဦးစီးမှူးက ဒေသနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပြီး တာဝန်ကျ ကျန်းမာရေးဆရာမများအနေဖြင့်လည်း ပြည်သူများအား ထိတွေ့ကုသမှုပေးရာတွင် နွေးထွေးစွာဆက်ဆံတတ်ဖို့လိုကြောင်း ပြောကြားသည်။ အလားတူ ကျေးလက်ကျန်းမာရေးဌာနခွဲများ ကျေးရွာများတွင် ဆက်လက်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **တင်မြင့်(နတ်တလင်း)**

ဝါစိုက်တောင်သူများ ဈေးကောင်းရ

မြင်းမူ ဇန်နဝါရီလ ၂၇
စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်အတွင်း ဒေသခံတောင်သူများ ဒေသနှင့်ကိုက်ညီသော သီးနှံများကို မိမိစိတ်ကြိုက်ရွေးချယ်စိုက်ပျိုးလျက်ရှိရာ ယခုနှစ် ဝါစိုက်တောင်သူများ ဈေးနှုန်းပိုမိုရရှိသည့်အတွက် ဝင်ငွေများစွာ ရရှိလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့တောင်သူတွေအနေနဲ့ကတော့ ဈေးကွက်ကို အခြေခံပြီး ဒေသနဲ့ကိုက်ညီတဲ့ စိုက်ပျိုးသီးနှံကို ရွေးချယ်ရတာပါ။ ဒီနှစ်မှာ ကျွန်တော့်မြေနဲ့ကိုက်ညီတဲ့ ရွှေတောင် ၈ ကိုပဲ စိုက်ပျိုးပါတယ်"ဟု ဝါစိုက်ပျိုးသူ တောင်သူ ဦးစိုးဝင်းထံမှ သိရသည်။ ၎င်းသည် ဝါလေးဧကစိုက်ပျိုးခဲ့ပြီး စိုက်ပျိုးစရိတ်၊ လုပ်အားခ အထွေထွေကုန်ကျစရိတ်မှာ ငွေကျပ်ရှစ်သိန်းခန့် ရင်းနှီးစိုက်ထုတ်ခဲ့ရာ ယခုလက်ရှိ ဒေသပေါက်ဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ ကျပ်ဖြင့် ယင်းဝါခင်းမှ ပိဿာချိန် ၂၀၀၀ ကျော်ထွက်ရှိနိုင်သည်ဖြစ်၍ ဝင်ငွေကျပ် ၂၈ သိန်းရှိကြောင်း သိရှိရသည်။

မြင်းမူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများအား မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ စိုက်ပျိုးရေးဆေးသုံးစွဲမှုမှန်ကန်ရေးတို့အတွက် လက်တွေ့ကွင်းဆင်းပြသလျက်ရှိကြောင်း သိရသည်။

အောင်စိုးဖေ(မြင်းမူ)

ပန်းပဲလုပ်ငန်းမှထွက်ရှိသော ဈေးကွက်ဝင် အိမ်သုံးခြံသုံးပစ္စည်းများကို မှာယူသုံးစွဲမှုများ ရှိနေ

ရေး ဇန်နဝါရီ ၂၇
မွန်ပြည်နယ် ရေးမြို့နယ်တွင် ပန်းပဲလုပ်ငန်းကို ယခုအချိန်အထိ ခြံသုံးအိမ်သုံးရေလုပ်ငန်းများတွင် အဓိက မှာယူသုံးစွဲသူများရှိဆဲ ဖြစ်ကြောင်း သိရသည်။

"အဓိက အိမ်သုံးဓားတွေနဲ့ ခြံလုပ်ငန်းသုံးအပြင် ကွမ်းညှပ် လေ့ကျောက်ဆူးများကို ထုတ်လုပ်ရပြီး ပစ္စည်းအမျိုးအမည် ၁၅ မျိုးလောက်ကို ထုတ်လုပ်ရပါတယ်။ ခုအချိန်မှာ အိမ်သုံးခြံသုံးတွေကိုသာပိုမိုလုပ်ရပါတယ်။ လေ့ကျောက်ဆူးကိုတော့ ရေလုပ်ငန်းရာသီအချိန်မိုးဦးကျမှာ ပိုမိုဝယ်ယူလာကြပါတယ်" ဟု ရေးမြို့ ပန်းပဲလုပ်ငန်းလုပ်ကိုင်နေသူ ဒေါ်ငယ်လေးက ပြောသည်။

ပန်းပဲလုပ်ငန်း သံကုန်ကြမ်းများကို မော်လမြိုင်-ရန်ကုန်မှတစ်ဆင့် ဝယ်ယူလျက်ရှိပြီး သံကုန်ကြမ်း တစ်ပိဿာကို ငွေကျပ် ၁၁၀၀ ကျော်ခန့်ပေးဝယ်ရ၍

ဈေးကွက်အတွင်း အိမ်သုံးဓားများ တစ်ချောင်းကို ငွေကျပ် ၂၅၀၀ မှ ၅၀၀၀အထိ၊ ကွမ်းညှပ်တစ်ခုကို ငွေကျပ် ၅၀၀၀၊ အလေးချိန် ၂ ပိဿာခန့်ရှိ လေ့ကျောက်ဆူးကို ငွေကျပ် ၄၆၀၀၊ အလေးချိန် ပိဿာ ၂၀ ကို ငွေကျပ် ၇၀၀၀၀ အထိရရှိနေကြောင်း သိရသည်။ ရေးမြို့နယ် ပန်းပဲလက်မှုပညာလုပ်ငန်းမှထွက်ရှိသော အိမ်သုံးခြံသုံးပစ္စည်းများကို ရေးကျောင်းရွာ၊ မော့ကနင်ကျေးရွာအပြင် သံဖြူဇရပ်မြို့အထိ မှာယူသုံးစွဲသူများရှိပြီး ယခုအချိန်အထိ တွင်ကျယ်စွာ ပန်းပဲလုပ်ငန်းကို လုပ်ကိုင်နေရဆဲဖြစ်ကြောင်း သိရသည်။

နေမျိုးထွဋ် (ရေး)

ဒက္ခိဏသီရိမြို့နယ်တွင် ဓမ္မကျောင်းတော်ဖွင့်

နေပြည်တော် ဇန်နဝါရီ ၂၇ - နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဒက္ခိဏသီရိရပ်ကွက်ရှိ တောင်ဝိုင်းကြီးဘုရား ဓမ္မကျောင်းတော်ဖွင့်လှစ်ခြင်းကို ဇန်နဝါရီ ၂၄ ရက် နံနက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် ဓမ္မကျောင်းတော်ကို ဒက္ခိဏသီရိမြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် မြို့နယ်ပညာရေးမှူး (ငြိမ်း) ဦးအောင်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဓမ္မကျောင်းတော်ဖြစ်မြောက်ရေးနှင့် ထွန်းကားပြန့်ပွားရေးကော်မတီ ဂုဏ်ထူးဆောင် နာယက မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိုတယ်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ရွှေပြည်တန်ပညာရေးကွန်ရက် အမှုဆောင်အရာရှိချုပ် ဦးသိန်းထွေးတို့က အမှာစကားပြောကြားကြသည်။ ဓမ္မကျောင်းတော်ဖွင့်လှစ်ခဲ့မှုအပေါ် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြောကြားကာ အလှူရှင်များမှ တာဝန်ရှိသူများထံ ဓမ္မကျောင်းတော်နှင့်ပတ်သက်၍ သင်ထောက်ကူပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ် (ရှုပဗေဒ)

မြန်မာပြည်တောင်ဘက်ဖျားမှ ဆလုံ (ခေါ်)မော်ကင်း ပင်လယ်ပျော်များ၏နေထိုင်ကျက်စားမှုဓလေ့စရိုက်

ကျော်စိုး (ကော့သောင်း)

မြန်မာနိုင်ငံ၏ တောင်ဘက်ပိုင်းရှိ တနင်္သာရီတိုင်း ဒေသကြီးသည် သဘာဝပတ်ဝန်းကျင်သာယာလှပ၍ ရေသယံဇာတ၊ သစ်တောသယံဇာတ၊ သတ္တု သယံဇာတပေါကြွယ်ဝသော တိုင်းဒေသကြီးတစ်ခု ဖြစ်သည်မှာ အထူးပြောစရာလိုမည်မထင်ပါ။ ထို တနင်္သာရီတိုင်းဒေသကြီး၏ အစွန်ဆုံးမြို့တစ်မြို့ဖြစ်သည့် ကော့သောင်းမြို့ အနီးတစ်ဝိုက် ကျွန်းများတွင် ရှားပါးလူနည်းစု ဆလုံ(ခေါ်) မော်ကင်း Mawken (သို့) Sea Gypsies ခေါ် ပင်လယ်ပျော်သူတို့ နေထိုင်ကြသည်ဆိုသည်ကို သိသူနည်းမည် ထင်ပါသည်။

ဆလုံတို့သည် ကျွန်းများစွာတွင် လှည့်လည် နေထိုင်ခဲ့ကြရာမှ ယခုအခါ မြိတ်၊ ဘုတ်ပြင်း၊ ကော့သောင်းမြို့နယ် ပင်လယ်အတွင်းရှိ ကျွန်းများ၌ နေထိုင်လျက်ရှိကြသည်။ အဆိုပါ ဆလုံများကို မလေးလူမျိုးများက 'ဩရန်ဘေဆင်း' ဟု ခေါ်ကြပြီး ထိုင်းလူမျိုးများက ဆလုံများကို ထိုင်းဘာသာစကားဖြင့် ချောင်နမ် (Chaunan) (ရေတွင်ကျက်စားသူများ) ဟု ခေါ်ဝေါ်ကြသည်။ ဆလုံတို့ကမူ သူတို့ကိုယ်သူတို့ 'မော်ကင်း' Mawken ဟု ခေါ်ဝေါ်ကြသည်။

ဆလုံတို့သည် ယခင်က တစ်နေရာတည်းတွင် အတည်တကျ နေထိုင်လေ့မရှိဘဲ ပင်လယ်အတွင်း 'ကဗန်း' ခေါ် လှေဖြင့် ပင်လယ်ရေထွက်ပစ္စည်းများကို ရှာဖွေစုဆောင်းရင်း လှည့်လည်ကျက်စားနေထိုင်ကြကာ လှိုင်းလေပြင်းထန်သည့် မိုးရာသီအခိုက်အတန့်တွင်သာ ရေချိုရရှိနိုင်သည့် ကျွန်းများတွင် ယာယီတဲသာသာ အိမ်များ ဆောက်လုပ်၍ခေတ္တနေထိုင်ကြသည်။ ယခုအခါတွင်မူ ကျေးရွာအတည်တကျဖြင့် တစ်စုတစ်ဝေးတည်း နေထိုင်သည့် အလေ့အထဖြစ်နေထိုင်ကြပြီဖြစ်သည်။

ဆလုံတို့သည် ရေကူး၊ ရေငုပ်ခြင်းအတတ်ကို မွေးရာပါ ကျွမ်းကျင်လှပေရာ ရေငုပ်ကိရိယာ အကူအညီမပါဘဲ ရေအနက် ပေ ၈၀ အထိ ပျမ်းမျှ အချိန် ၁၅ မိနစ် ကြာမြင့်အောင် ငုပ်လျှိုး နေထိုင်နိုင်သည့် ထူးဆန်းအံ့ဖွယ် လူမျိုးနွယ်စုတစ်ခုဖြစ်သည်။ လောဘ၊ ဒေါသ မရှိသလောက်နည်းပါးပြီး ဘာသာအယူဝါဒအရ ရိုးရာနတ် 'တူဒါး' ခေါ် ကောင်းကျိုးပေးသောနတ်နှင့် 'ကတွိုင်း' ခေါ် ဆိုးကျိုးပေးသော နတ်တို့ရှိသည်ဟု ယုံကြည်ကြရာ အထူးသဖြင့် ဆိုးကျိုးပေးသော ကတွိုင်းနတ်ကို ကောင်းကျိုးအလို့ငှာ နှစ်စဉ် မြန်မာသင်္ကြန်ပွဲတော်အပြီး ဧပြီလနှောင်းပိုင်းတွင် နတ်ပူဇော်ပွဲကို ပြုလုပ်လေ့ရှိကြသည်။

ဆလုံတို့သည် လှိုင်းလေငြိမ်သက်သည့် ဆောင်းရာသီတွင် ပင်လယ်ရေထွက် သယံဇာတများဖြစ်သည့် ငါး ၊ ကင်းမွန်(ပြည်ကြီးငါး)၊ ခရု ၊ ကမာ၊ သဘာဝပုလဲ ၊ ပင်လယ်မျှော့၊ ကျောက်ခက်ကျောက်ပန်း၊ ငါးကြီးအန်ဖတ်၊ လိပ်ဥ၊ ငှက်သိုက်၊ ပျားရည်ကို ရှာဖွေကာ တာရှည်ခံစေရန် အခြောက်လှမ်း ပြုပြင်ခြင်း၊ စုဆောင်းခြင်း၊ ရောင်းချခြင်းဖြင့် စားသောက်နေထိုင်ကြသည်။

ဆလုံတို့သည် အမိန့်ပေးခိုင်းစေခြင်း၊ တင်းကျပ်သောစည်းကမ်းချမှတ်ခြင်းများကို မနှစ်သက်ကြပေ။ အတင်းအကျပ်စေခိုင်း ဆောင်ရွက်စေလျှင် ထိုအရပ်မှ အလျင်အမြန်ထွက်ခွာပြောင်းရွှေ့သွားတတ်ကြပါသည်။ ယခုအခါ ဆလုံတို့သည် ယခင်ကကဲ့သို့ မဟုတ်ကြတော့ပေ။ လူနှင့် ပတ်ဝန်းကျင်အကြား သဟဇာတကျကျ နေထိုင်တတ်လာကြပြီသည်။

ဆလုံတို့သည် မြိတ်ကျွန်းစုများဖြစ်သည့် ကော့သောင်းခရိုင်အတွင်းရှိ ဗာဒက်ကြီးကျွန်း၊ လန်ပိကျွန်း ၊ ဂျလန်းကျွန်း ၊ မကြုံကလက်ကျေးရွာနှင့် ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ဒုံးကျွန်း (Done Island) စသည်တို့တွင်သာ တွေ့ရှိနိုင်မည် ဖြစ်သည်။

ယခုအခါ ဆလုံတို့သည် နေထိုင်ရာ ကျွန်းရွာများ၌ စီးပွားရှာမည့် အခြားသောဒေသခံများ လာရောက်အခြေချ နေထိုင်မှုများကြောင့် ဆလုံတို့သည် လူနေမှုအဆင့်အတန်းမြင့်မားကာ ခေတ်နှင့်အညီ လူ့ပတ်ဝန်းကျင်နှင့် သဟဇာတကျကျ နေထိုင်တတ်လာကြသည့် ကောင်းကျိုးများရှိသကဲ့သို့ တချို့သော ဝိသမစီးပွားရေးသမားများက ဆလုံများ ခက်ခဲပင်ပန်းကြီးစွာ ရှာဖွေထားသည့် ပင်လယ်ထွက်ပစ္စည်းများ ဈေးပေါစွာ ရရှိနိုင်ရေး ဆလုံတို့အား အရက်နှင့် မူးယစ်ဆေးဝါးများ သုံးစွဲတတ်လာစေရန် ဆွဲဆောင်စည်းရုံးမှု ရှိလာကြသဖြင့် ဆလုံတို့ တဖြည်းဖြည်း သေဆုံးခြင်း ၊ မူးယစ်ဆေးဝါးကျေးကျွန်များဖြစ်ကုန်ခြင်း၊ အခြားလူမျိုးစု အမျိုးသားများနှင့် ဆလုံအမျိုးသမီးတို့ သွေးနှောကာ ဆလုံမျိုးနွယ်စုများ ပျက်ယွင်းမျိုးတုံးပျောက်ကွယ်လာမည့် ဖြစ်စဉ်များ တဖြည်းဖြည်း ရင်ဆိုင်ကြုံတွေ့လာနေကြရပြီဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝခရီးသွားလုပ်ငန်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနေမှုတွင် ကမ္ဘာအရပ်ရပ်မှ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်အများစု စိတ်ဝင်တစား လာရောက်လည်ပတ်ကြည့်ရှုရာ ကော့သောင်းဒေသ ပင်လယ်ကျွန်းများသည် ဆလုံတို့နေထိုင်ရာဒေသများဖြစ်ပေရာ မည်သည့်အရပ်ဒေသတွင်မျှမရှိသော ထူးခြားသည့် ပင်လယ်ပျော် လူသားမျိုးနွယ်စုများ နေထိုင်စားသောက်မှု၊ လှည့်လည် ကျက်စားမှုတို့ကို ခရီးသွားများ စိတ်ဝင်စားမှုရှိသဖြင့် သဘာဝခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုလျက်ရှိပေသည်။

၄၁ ကြိမ်မြောက် စမြုံ့တော်ဓာတ်နှင့် ဂူဝဘုရားပွဲကျင်းပမည်

ပုဏ္ဏားကျွန်း ဇန်နဝါရီ ၂၇

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့မြောက်ဘက် တစ်မိုင်ခန့်အကွာရှိ စမြုံ့တော်ဓာတ်နှင့် ဂူဝဘုရားပွဲတော်ကို ဖေဖော်ဝါရီ ၃ ရက်မှ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ပွဲတော်ကာလအတွင်း ဘုရားအနေကဇာတင်ပွဲ၊ သံဃဒါနဆွမ်းကျွေးပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ ရခိုင်ရိုးရာကျင်ပွဲ(ရွှေမောင်းတန်းနှင့်ငွေမောင်းတန်း) ဇာတ်ပွဲနှင့် အခြားပျော်ပွဲရွှင်ပွဲများဖြင့် စုံလင်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် နောက်ပါရဟန်းငါးရာနှင့် ဓညဝတီရခိုင်ပြည်သို့ ဒေသစာရီကြွချီတော်မူခဲ့ပြီး ပဥ္စလောဟာ ရတနာဖြင့် ရုပ်ရှင်တော်မဟာမြတ်မုနိဘုရားကို သွန်းလောင်းတော်မူခဲ့သည်မှစ၍ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးအရှည်ခန့်၍တည်တံ့စဉ်သောငှာ ပုဏ္ဏားကျွန်းမြို့မြောက်ဘက် တစ်မိုင်ခန့်ရှိ သာလာမယတောင်ပေါ်၌ စမြုံ့တော်ဓာတ်စေတီတော်မြတ်ကြီးကို သက္ကရာဇ် ၂၂၂ ခုနှစ် ရခိုင်ပြည့်ရှင် သူရိယစက္ကမင်းမြတ်ရာဇာတည်ထားကိုးကွယ်တော်မူခဲ့သည်။ သက္ကရာဇ် ၉၉၇ ခုနှစ်တွင် မင်းဗာဘုရင်မင်းမြတ်က အမြင့် ၂၂ပေရှိသော ကျောက်တုံးကြီးအား ဂူပေါက် ၁၁ ပေါက် ဖောက်လုပ်ကာ ဂူဘုရားများကို ထွင်းလုပ်ပြီးတည်ထားပူဇော်ကိုးကွယ်တော်မူခဲ့ကြောင်း သမိုင်းရာဇဝင်အထောက်အထားများအရ လေ့လာသိရှိရသည်။ **သူ(ပုဏ္ဏားမြို့)**

ပြည်ထောင်စုနေ့အကြိုစာစီစာကုံး ကဗျာရွတ်၊ သီချင်းဆိုပြိုင်ပွဲများကျင်းပ

သီပေါ ဇန်နဝါရီ ၂၇

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ နှစ် ၇၀ ပြည့် ပြည်ထောင်စုနေ့အကြို စာစီစာကုံး၊ ကဗျာရွတ်ဆိုပြိုင်ပွဲများကို ဇန်နဝါရီ ၂၆ ရက် နံနက်က မြို့နယ် ပြန်/ဆက်ရုံးစာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါပြည်ထောင်စုနေ့အကြို ပြိုင်ပွဲတွင် မူလတန်းအဆင့် စာစီစာကုံးကို " ပြည်ထောင်စုနေ့တို့မမေ့ " ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်အတန်းအဆင့်တွင် " ထိန်းသိမ်းစို့လေ ပြည်ထောင်စုအမွေ" ခေါင်းစဉ်ဖြင့်လည်းကောင်း ပြုလုပ်ရာ မြို့ပေါ်မှ မူလတန်း၊ အလယ်တန်းကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ နေ့လယ်ပိုင်းတွင် ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ သီချင်းဆိုပြိုင်ပွဲများကျင်းပပြီး ပြည်ထောင်စုနေ့တွင် ဆုများကို ထိုက်တန်စွာ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဇန်နဝါရီ ၁၅ ရက်မှ ၂၃ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

စဉ်	စာရေးသူ	စာအုပ်	ဈေးနှုန်း ထုတ်ဝေသည့်တိုက်
၁	မောင်မောင်ငြိမ်းအေး	ကမ္ဘာကြီးအေးမြကလေးကဗျာများ	၁၅၀၀ိ/-စိမ်းလန်းရင်ခွင်စာပေ
၂	အောင်အောင်	လူချမ်းသာလူဆင်းရဲ (အင်္ဂလိပ်-မြန်မာနှစ်ဘာသာ)	၁၀၀၀ိ/-ဇေယျာမိုးစာပေ
၃	လေးအိမ်စုအရှင်ဝိစိတ္တသာရ	(၁၄)စကားလက်ဆောင်တရားလက်ဆောင်	၂၅၀၀ိ/-ခင်မြတ်သူစာပေ
၄	ဝဏ္ဏစောသိန်း(မြန်မာပြန်)	ဘတ်ဖက်ဗေဒ	၄၅၀၀ိ/-ကမ်းလက်စာပေ
၅	ဒေါင်းဇာမဏီ	မန္တလေး ၈၈ အရေးတော်ပုံနှင့် ကျွန်ုပ်၏ မှတ်တမ်းဒိုင်ယာရီ	၃၅၀၀ိ/-လင်းသန့်စာပေ
၆	ယုယ-(ဆေး-၁)	ပရဟိတပန်းပျိုးလင်းသို့ မေချီလှမ်းလျှောက်လျက်နှင့် အခြားဝတ္ထုတိုများ	၂၅၀၀ိ/-MMA Publishing house
၇	ကျော်အောင်	ချက်ကော့ ဝတ္ထုတိုပေါင်းချုပ်	၃၅၀၀ိ/-မဟာစာပေ
၈	ဖြိုတိသျှကိုကိုမောင်	ခေတ်ဆိုးအိတ်ကပ်ထဲကလူငယ်ဘဝ	၂၈၀၀ိ/-ကံ့ကော်ဝတ်ရည်စာပေ
၉	ဓမ္မနွယ်(ရွှေတည်မြေ)	ရဟန်းပျိုလျှောက်သောလမ်းနှင့် ရသဝတ္ထုတိုများ	၃၀၀၀ိ/-ဇွန်ပွင့်စာပေ
၁၀	ပုညခင်	မောင့်ကိုပြောမပြချင်ဘူး	၂၅၀၀ိ/- ပုညခင်စာပေ
၁၁	လင်းသိုက်ညွန့်(မြန်မာ့မြေ)	ဆန်းသစ်တီထွင်စွာအောင်မြင်ခြင်း	၂၅၀၀ိ/-သင်းစာပေ
၁၂	ရာစုသစ်(ဘာသာပြန်)	အသွင်ကူးပြောင်းရေးကာလ(ချက်နိုင်ငံအတွေ့အကြုံ)	၃၀၀၀ိ/-ဆန်းစသော်တာစာပေ
၁၃	မသီတာ(စမ်းချောင်း)	ရောင်စဉ်များရဲ့အဇ္ဈတ္တရသနယ်ခြားအတွင်းရေး	၃၅၀၀ိ/-ငါတို့စာပေ
၁၄	မြင့်သန်း	မိုးကုန်ပြီးစတစ်နေ့၌ကျေနပ်စွာလွမ်းဆွတ်ရခြင်းနှင့် အခြားဝတ္ထုတိုများ	၁၅၀၀ိ/-The Key Collection
၁၅	ဂျူး	အဝေးကြည့်မှန်ပြောင်းနှင့် အခြားဝတ္ထုတိုများ	၁၅၀၀ိ/-The Key Collection
၁၆	လင်းထက်ဆွေ(ဘာသာပြန်)	ဟိမဝန္တာ ခရီးသည်၏ ဆေးဘုရားရှာပုံတော်	၈၀၀ိ/-စွယ်တော်စာပေ
၁၇		ပုံပြဗုဒ္ဓဝင်	၂၅၀၀ိ/-စိတ်ကူးသစ်စာပေ
၁၈	နန္ဒာမိုးမြေ	Top Ten ရသူများနှင့် Top Ten များရေးသည့် Essay & Letter များ	၂၇၀၀ိ/-ကောင်းထွဋ်စာပေ
၁၉	လင်းယုန်သစ်လွင်	ဓမ္မဝိလာသ(၁၉၇၁ ခုနှစ် အမျိုးသားစာပေဆုရ မြန်မာဝတ္ထုစစ်စစ်ကြီး)	၄၅၀၀ိ/-စိတ်ကူးချိုချိုစာပေ
၂၀	မေသကြိန်ဟိန်(မြစ်မခ)	ပြုစုပျိုးထောင်ခြင်း အနုပညာအောင်မြင်ရေး စာစုများ(၃)	၂၀၀၀ိ/-လဝန်းရိပ်စာပေ
၂၁	မောင်ကံထူး	ရေခြားမြေခြား ဓမ္မမိတ်ဆွေများအတွက် စာလေးနှစ်စောင်	၈၀၀ိ/-စာပေလောက(၆)
၂၂	စိုင်းဝီရလင်းခံ့(မြန်မာပြန်)	မရဏာအနမ်း(A Kiss Before Dying)	၃၀၀၀ိ/-ထူးခြားစာအုပ်အိမ်
၂၃	ဒဂုန်တာရာ	လရောင်ရွှန်းမြသောညတစ်ညနှင့် ဝတ္ထုရှည်များ	၂၃၀၀ိ/-နေရီရီစာပေ
၂၄	မောင်ဝင်းဝါ	စလေဦးပုညနှင့် ရှိတ်စပီးယားတို့၏ ပြဇာတ်စာပေနှိုင်းယှဉ်လေ့လာချက်	၁၅၀၀ိ/-Net.Litt, Publication
၂၅	ဘုတလင်ချစ်လေး	ကချေသည်နှင့် အခြားကဗျာများ	၂၀၀၀ိ/-စံပယ်ပွင့်စာပေ
၂၆	ဟိန်းလတ်	အမေရိကန်သမ္မတအဖြစ်လျှောက်သောလမ်း	၃၀၀၀ိ/-နဂါးမင်းစာပေ
၂၇	မောင်မြတ်မိုး	ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်ကြီးများ	၆၀၀၀ိ/-Quality Publishing House
၂၈	မြသန်းတင့်	လူလေးသို့ပေးစာများ	၃၀၀၀ိ/-တိုးမြစ်စာပေ
၂၉	ပန်းချီမျိုးမာန်	အောင်မြင်သူနဲ့ရှုံးနိမ့်စိတ်ထား	၁၅၀၀ိ/-မြင့်မိုရ်မေမေစာပေ
၃၀	မြင့်စိုး	အင်းဝခရီးသည်	၃၀၀၀ိ/-ဆုပြည့်စုံထွန်းစာပေ

(ဆက်လက်ဖော်ပြပါမည်)

လေးမျက်နှာ...လမ်းဆုံးမြို့လေး မဟုတ်တော့ပါ

မြင့်စိုး (နတလ)

ကျွန်တော်တို့ငယ်စဉ်က ထူပါရုံစေတီတော်ကြီးအနီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော တာဝတိံသာဆင်းဘုရားပွဲတွင် ဝဏ္ဏကျော်ထင်ဦးစိန်အောင်မင်း၊ ရွှေမန်းကျော်အောင်၊ စိန်မာဒင်၊ ပန်တျာကြည်လင် အစရှိသည့် ဇာတ်ပွဲများကို ကြည့်ခဲ့ဖူးသော မြို့ကလေး။ လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ဒုတိယဆင့်) စသည့် ဘွဲ့ထူးဂုဏ်ထူးများအပြင် ဒုတိယဗိုလ်အဆင့်ဖြင့် တာဝန်ထမ်းဆောင်နေစဉ် မျိုးချစ်ဗမာ့တပ်မတော် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် လက်မှတ်ရေးထိုးချီးမြှင့်ခဲ့သော မျိုးချစ်ဗမာ့တပ်မတော် အရေးတော်ပုံဂုဏ်ထူးဆောင်လက်မှတ်ရ ဗိုလ်အောင်ဖေ ပိုင်ဆိုင်သည့် ပြည်လုံးချမ်းသာရုပ်ရှင်ရုံ၌ တိမ်လွှာမှိုမှိုလွှင်၊ မာယာထောင်ချောက်၊ အတွယ်အတာ၊ သမန်းကျား၊ သပွတ်အူ၊ အိပ်မက်တံတား၊ နေထွက်သောည ဆိုသည့် နာမည်ကျော် ရုပ်ရှင်ဇာတ်ကားကြီးပေါင်းများစွာကို ကြည့်ခဲ့ရသော မြို့ကလေး။ ဝေန်မြစ်ကမ်းဘေးတစ်လျှောက် မြို့တောင်ဖျား ခုံကြီးပိုင်းမှ မြို့မြောက်ဖျား ခတ္တာပိုင်းအထိ ဆိုက်ကားနှစ်စီးလွတ်ရုံသာသာရှောင်နိုင်သည့် တစ်သွယ်တည်းသော လမ်းကလေးပေါ်တွင် ခြေကျင်တစ်မျိုး၊ စက်ဘီးဖြင့်တစ်ဖုံ သွားလာကြရင်း ဒေသထွက်ကုန် သင်ဖျာနံ့တသင်းသင်းကို ရှူရှိုက်ခဲ့ကြရဖူးသော မြို့ကလေး။ ကျွန်တော် အလယ်တန်းကျောင်းသားဘဝတွင် ဆရာမောင်နေဝင်း၊ ဆရာနတ်နွယ်၊ ဆရာမင်းကျော်နှင့် ရုပ်ရှင်သရုပ်ဆောင် စာရေးဆရာ ကိုသုမောင်တို့၏ စာပေဟောပြောပွဲ၊ အထက်တန်းကျောင်းသားဘဝ၌ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်၏ စာပေဟောပြောပွဲတို့ကို တက်ရောက်နားထောင်ခွင့်ရခဲ့သော မြို့ကလေး။

ထိုမြို့ကလေး၏အမည်မှာ ဧရာဝတီတိုင်းဒေသကြီး ၂၆ မြို့နယ်ထဲတွင်ပါဝင်သော လေးမျက်နှာမြို့ကလေးပင် ဖြစ်ပါသည်။ မြောက်ဘက်တွင် အင်္ဂပူမြို့နယ်နှင့်လည်းကောင်း၊ အရှေ့ဘက်တွင် ဟင်္သာတမြို့နယ်နှင့်လည်းကောင်း၊ တောင်ဘက်တွင် ရေကြည်မြို့နယ်နှင့်လည်းကောင်း ထိစပ်လျက်ရှိပြီး အနောက်ဘက်တွင်မူ အနောက်ရိုးမခေါ် ရခိုင်ရိုးမအဖျားကိုကျော်၍ ကျိန္တလီ၊ ဂွမြို့တို့နှင့် ရေမြေတောတောင် သဘာဝချင်း ဆက်နွယ်လျက် တည်ရှိနေပါသည်။ ဝေန်မြစ်ရေတိုက်စားခြင်းခံရ၍ တစ်မြို့လုံးနီးပါး မြစ်အရှေ့ဘက်ခြမ်းသို့ ပြောင်းရွှေ့တည်ထားပေးပြီးဖြစ်သော်ငြား ကျွန်တော်၏စိတ်အာရုံတွင်မူ ခုနစ်မိုင်ခန့်ကွာဝေးသည့် ကျွန်တော်တို့ရွာက လှမ်းကြည့်လျှင် အတန်းလိုက်ကလေးမြင်နေရသော လွန်ခဲ့သည့်နှစ်ပေါင်းများစွာက လေးမျက်နှာမြို့ဟောင်းကလေးကိုသာ တစ်ဖျပ်ဖျပ် ထင်ဟပ်နေဆဲ၊ မြင်ယောင်နေဆဲ၊ သတိရနေဆဲ ဖြစ်သည်။ ထိုသို့ သတိရတိုင်းလည်း ဆောင်းပါးထဲတွင် အလျဉ်းသင့်သလို ထည့်ရေးမိသောအခါ လမ်းဆုံမဟုတ်သည့် လမ်းဆုံးမြို့ကလေးဟု သညာပြု ရေးသားခဲ့ဖူးပါသည်။

ယနေ့အချိန်အခါတွင် ပုသိမ်-မုံရွာ ကားလမ်းမကြီးက ထီးထီးမားမားကြီး ပေါ်ပေါက်လာသဖြင့် လေးမျက်နှာမြို့နယ် အနောက်ခြမ်းဒေသအားလုံးသည် ရန်ကုန်၊ ပုသိမ်မြို့များသို့ လည်းကောင်း၊ မြောက်ဘက် အညာအကြေဒေသများသို့လည်းကောင်း သွားလာနိုင်ပြီဖြစ်သကဲ့သို့ ဝေန်မြစ်အရှေ့ခြမ်းက လက်ရှိ လေးမျက်နှာမြို့သစ်နှင့် ဟင်္သာတမြို့သည်လည်း ကားလမ်းပေါက်နေပြီဖြစ်ရာ ဝေန်မြစ်ကိုသာ တံတားဖြင့် ကျော်ဖြတ်နိုင်မည်ဆိုပါက အရှေ့အနောက် ဆက်စပ်သွားပြီး လေးမျက်နှာမြို့၏ အနေအထားသည် လမ်းဆုံးမြို့အစား လမ်းဆုံမြို့ကလေးတစ်ခု ဖြစ်လာပေတော့မည်။ ဆရာသန်းဦး(လေးမျက်နှာ) ကြိုတင်နိမိတ်ဖတ် ရေးသားခဲ့ဖူးသော ဝေန်မြစ်ကူး အိပ်မက်တံတားကြီးတစ်စင်းသည် ယခုအခါ လေးမျက်နှာမြို့၌ ပေါ်ပေါက်လာပြီ ဖြစ်သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တံတားဦးစီးဌာနကိုလည်း ကျေးဇူးအခါခါ တင်မိပါသည်။

ကျွန်တော်ငယ်စဉ်က ကြည့်ခဲ့ဖူးသော သမန်းကျားအဖွဲ့မှ မင်းသားကိုမြင့်၊ ဝင်းလှိုင်၊ တိုးညွန့်တို့အုပ်စု ပါဝင်သည့် အိပ်မက်တံတား ရုပ်ရှင်ဇာတ်ကားကြီးထဲက အိပ်မက်တံတားနှင့်တော့ တူမည်မဟုတ်ပါ။ အိပ်မက်တံတားဇာတ်ကားမှာ မင်းသားကိုမြင့်က ဂျပန်စစ်ဗိုလ် ဗိုလ်မိုးကောင်းအဖြစ်လည်းကောင်း၊ မင်းသားဝင်းလှိုင်တို့က တော်လှန်ရေးတပ်သားများအဖြစ်လည်းကောင်း၊ ဦးဝမ်ချူး (ထိုအချိန်ကအမည်မှာ ဗန်တိုဝမ်ချူး)က တိုင်းရင်းသားကြီး ဂေါ်လူဂန်းအဖြစ်လည်းကောင်း သရုပ်ဆောင်ထားကြပြီး ဖက်ဆစ်ဂျပန်တော်လှန်ရေးကို ကျောရိုးပြုထားသော ဇာတ်ကားဖြစ်သည်။ စစ်ပွဲတွင် အဆုံးအဖြတ်ပေးမည့် တံတားတစ်စင်းအား ဖောက်ခွဲဖျက်ဆီး၍ ဖက်ဆစ်ဂျပန်များကို ချေမှုန်းပစ်လိုက်ခြင်းပင်။

ကျွန်တော်တို့ လေးမျက်နှာတစ်နယ်လုံးမှ လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက အိပ်မက်မက်ခဲ့ကြသော တံတားကြီးတစ်စင်းကမူ မိမိတို့နယ်သူနယ်သားများ၏ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးစေဖို့ အကောင်အထည်ပေါ်လာခဲ့ပြီဖြစ်သည်။ တံတားအမည်က ဝေန်တံတား(လေးမျက်နှာ)ဟူ၍။ သံကူကွန်ကရစ်အမျိုးအစား အရှည် ၁၉၆၈ ဒသမ ၆ ပေ၊ တံတားအကျယ် ၂၄ ပေ၊ တံတား၏ ရေလမ်းကင်းလွတ်အမြင့် ၁၈ ပေဖြစ်ပြီး ဤတံတားကိုဖြတ်ကာ လေးမျက်နှာမြို့နယ်အတွင်း ခတ္တာ-ပန်းတောကြီးလမ်းမှ ပုသိမ်-မုံရွာ လမ်းမကြီးသို့ ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။ ၂၀၁၆ခုနှစ် နိုဝင်ဘာလတွင် စီမံကိန်းလုပ်ငန်းများစတင်ခဲ့ပြီး ၂၀၁၉ခုနှစ် မတ်လ၌ လုပ်ငန်းများ အားလုံးပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိကြသည်။ တစ်နည်းအားဖြင့်ဆိုရသော် ၂၀၁၉ ခုနှစ် မတ်လတွင် ကျွန်တော်တို့ လေးမျက်နှာနယ်သူနယ်သားအားလုံး အိပ်မက်ကလန့်နိုးပြီး ဝေန်မြစ်ကူးတံတား(လေးမျက်နှာ)ကို မျက်ဝါးထင်ထင် တွေ့မြင်ခွင့်ရရှိကြတော့မည်ဖြစ်သည်။

ဆရာမင်းလူကတော့ ကရင်ပြည်နယ် ကော့ကရိတ်မြို့သို့ စာပေဟောပြောပွဲ သွားရောက်စဉ် ဂျိုင်းမြစ်ကို စက်လှေများဖြင့်ဖြတ်ကူးပြီး သွားရသည့်အရသာကို တစ်ရှိုက်မက်မက် ပြန်လည်ရေးဖွဲ့ခဲ့ဖူးသည်။ ဂျိုင်း(ကော့ကရိတ်)တံတားကြီး မတည်ဆောက်မီက အခြေအနေနှင့် ယနေ့ တည်ဆောက်ပြီးကာလ မတူညီသော အခြေအနေများကို ခံစားရေးဖွဲ့ထားခြင်းရယ်ပါ။ ဝေန်တံတား(လေးမျက်နှာ) တည်ဆောက်ပြီးစီးသွားလျှင်လည်း ဆရာမင်းလူကို အားကျပြီး ကျွန်တော် လွမ်းချင်းဖွဲ့မိနေဦးမည်လားမသိ။ ငယ်စဉ်ဘဝမှာ ရွာကနေ ရန်ကုန်သို့သွားရသော ခရီးစဉ်ကို ယနေ့တိုင် မမေ့နိုင်၍ပဲ ဖြစ်သည်။

ကျွန်တော်တို့ စိန်တောင်၊ လှော်ကထားရွာတွေက ပန်းတောကြီး၊ ဆူးပုတ်ကုန်း၊ မကျီးကုန်းရွာများကဲ့သို့ပင် အနောက်ရိုးမတောင်ခြေနှင့် မလှမ်းမကမ်းမှာ တည်ရှိနေပြီး လေးမျက်နှာမြို့မှ ခုနစ်မိုင်ခန့် ကွာဝေးသည်။ ပုသိမ်-မုံရွာလမ်း မပေါ်ပေါက်မီက ကျွန်တော်တို့ရွာမှ ရန်ကုန်သို့သွားလျှင် အနည်းဆုံးနှစ်ရက် အချိန်ယူရသည်။ ရွာမှ မိုးတွင်းအခါ လှေဖြင့်လည်းကောင်း၊ နွေအခါ ခြေကျင်ခရီးဖြင့်လည်းကောင်း လေးမျက်နှာမြို့သို့ တစ်ရက် ကြိုတင်သွားရောက် ညအိပ်ရသည်။ ထိုသို့ ညအိပ်မှသာ နောက်တစ်နေ့နံနက် ၄ နာရီခွဲအချိန်ခန့်တွင် စတင်ထွက်ခွာသော မော်တော်ဘုတ်ကလေးဖြင့် အိုင်သပြုဆိပ်ကမ်းသို့ သွားနိုင်မည်ဖြစ်သည်။ နံနက် ၇ နာရီသာသာလောက်တွင် အိုင်သပြုကားဂိတ်မှထွက်ခွာသော စိန်ဝေလျံ၊ ဝတစ်လုံး အမည်ရ ချက်ပလက်ခေါင်းတို ကားကြီးများစီး၍ ဟင်္သာတမြို့သို့ သွားရသည်။ လမ်းမှာ ခမောက်စု၊ ယုံသလင်း၊ နိဗ္ဗာန်၊ နတ်မော် ကျေးရွာများကို ဖြတ်ရ၏။

ယုံသလင်းသည် အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏ ဇာတိရွာ၊ နိဗ္ဗာန်က အမျိုးသားပညာဝန် ဦးဖိုးကျား၊ နတ်မော်က စာရေးဆရာကြီး ပါရဂူတို့ မွေးဖွားရာ ဇာတိရပ်ရွာများအဖြစ် ထင်ရှားကျော်ကြားသော နေရာဒေသများဖြစ်ကြသည်။ ခမောက်စုသည် ဟင်္သာတ-ပုသိမ် ရထားလမ်းပေါ်မှ ဘူတာရုံကလေးတစ်ခုလည်း ဖြစ်၏။ ထိုထိုသော ခမောက်စု၊ ယုံသလင်းရွာများကိုဖြတ်တိုင်း ငှက်ပျောဖီး၊ ငှက်ပျောခိုင်များ အော်ရောင်းနေသည့်အသံများကို ယနေ့တိုင် ပြန်လည်ကြားယောင်နေဆဲ၊ ငှက်ပျောသီးတွေကလည်း ပေါများလိုက်ပါဘိသနဲ့၊ သူတို့အော်ရောင်းနေသည့် အသံများကို နားထောင်ကြည့်လိုက်လေ။ ငါးဖီးတစ်ကျပ်၊ ခြောက်ဖီးတစ်ကျပ် ဟူသတဲ့၊ ယခုခေတ် ဘယ်မှာမှကြားရမည်မဟုတ်တော့သော ငှက်ပျောသီးဈေးနှုန်းများ။ ဒါတင်ပဲလားဆိုတော့ မဟုတ်သေးပါ၊ သုံးတန်းလေးတန်းအရွယ်က အသုတ်မြို့ကို ရောက်ဖူးခဲ့စဉ် မြို့ထဲမှာ ဝယ်စားခဲ့ဖူးသော ဖရဲသီးတစ်လုံး၏ဈေးနှုန်းက ဆယ်ပြား၊ တစ်သက် မမေ့စရာပင်။

လေးမျက်နှာ-ရန်ကုန်သွား တောလားခရီးကိုဆက်ပါဦးမည်။ ဟင်္သာတမြို့ကားဂိတ်ကို ဗိုက်ပူကားကြီးတွေ တစ်ဂီးဂီးတစ်ဂဲဂဲနှင့် ထိုးဆိုက်ပြီးသကာလ ရွှေပြောင်ဆိပ်ကမ်းသို့ ဆိုက်ကားနှင့်သွားသူက သွား၊ ဆိုက်ကားဖိုး တစ်ကျပ်နှစ်ကျပ်သက်သာလည်း နည်းသလားဟုဆိုကာ ရသလောက်ချွေတာ၍ ခပ်သုတ်သုတ် ခြေကျင်ကြိတ်သူကကြိတ်၊ ရွှေပြောင်ပြောင်ဆိပ်ကမ်းရောက်တော့လည်း ကျဲကျဲတောက်ပူလောင်နေသည့် မွန်းတည့် ၁၂ နာရီအချိန်လောက်ကြီးမှာ ရှေ့တွင်ကြိုနေသည်က ခေါင်းဆေးကျွန်း သဲသောင်ပူပူကြီးဖြစ်သည်။ ငါလားဟဲ့ ယောကျ်ားဘသားတွေရော၊ ငါလားဟဲ့ တောသားတွေရော အစုံပလုံရွတ်၍ အားမာန်တင်းပြီး ခြေကျင်ဖြတ်ကြသည်။ အဲဒီကမှ သင်္ဘောဆိပ်ကိုရောက်၊ ကူးတို့သင်္ဘောပေါ်သို့ ဖင်တစ်နေရာစာရရန် အပြေးအလွှားလုတက်ကြ၊ သည်ခရီးကို သည်နည်းနှင့် သွားနေကြရသည်မို့ ကြာတော့လည်း ကျင့်သားရသွားကြသည်လား မပြောတတ်။ တိုးရင်းဝှေ့ရင်း သင်္ဘောကုန်းပေါင်ပေါ်မှ ပြုတ်ကျသွားသူဟူ၍ မရှိသလောက်၊ မမြင်ဖူး သလောက်ပင်ဖြစ်သည်။

ဟင်္သာတဘက်မှ ကူးတို့သင်္ဘောစီးကာ ဧရာဝတီမြစ်တစ်ဖက်ကမ်း သာရဝေါ ဘူတာသို့ ဆိုက်ရောက်သွားချိန်မှာလည်း ရေဆာတာတွေ၊ ထမင်းဆာတာတွေ အသာထား။ ရထားလက်မှတ်ရဖို့ ဘူတာရုံမှာ အပြေးအလွှား တန်းစီကြရသည်။ ကိုယ့်လက်ထဲသို့ ရထားလက်မှတ်တစ်စောင် ပိုင်ပိုင်ကြီး ရောက်လာမှ ဟင်းခန်းသက်ပြင်းချကာ ထမင်းဆိုင်လေးများရှိရာသွား၍ ထမင်းစားရင်း၊ ရထားစောင့်ရင်း ခဏအမောဖြေကြရသည်။ မွန်းလွဲ ၁ နာရီခန့် ရန်ကုန်ဘက်မှဝင်လာသည့်ရထားက ဟိုဘက်သည်ဘက် ရှန်တိန်လုပ်ပြီး နာရီဝက်တစ်နာရီခန့်အကြာမှာ ပြန်ထွက်သည်။ ဆိုတော့ကာ ... ဘူတာအဆင့်ဆင့်ကို ဖြတ်ကျော်ပြီး ရထား၏ခရီးလမ်းဆုံး ကြည့်မြင်တိုင်ဘူတာကိုဝင်တော့ ည ၈ နာရီဆိုတာ အစောဆုံးဟုပြောရမည်။ ယနေ့အချိန်အခါမှာတော့ ထိုသို့သွားရန် မလိုတော့သဖြင့် သာရဝေါကိုအသာထား ဟင်္သာတမြို့သို့ပင် မရောက်သည်မှာ နှစ်ပေါင်းမနည်းတော့ပြီ။ ထိုခရီးစဉ်အတိုင်း တစ်ခေါက်လောက်တော့ ပြန်သွားကြည့်ချင်စိတ်တွေ မကြာမကြာ ဖြစ်ပေါ်ခဲ့မိသည်။

အကယ်၍သာ ၂၀၁၉ ခုနှစ်၌ ဝေန်တံတား(လေးမျက်နှာ) ပြီးစီးသွားပြီဆိုငြားအံ့၊ ကြည့်မြင်တိုင်မှ သာရဝေါကို ရထားဖြင့်၊ ထိုမှ ဟင်္သာတဘက်ကိုကူး၊ ဟင်္သာတမှ လေးမျက်နှာကို လိုင်းကားဖြင့်သွား၊ လေးမျက်နှာရောက်လျှင် ကားအဆင်မပြေတောင်မှ ဆိုင်ကယ်ဖြင့် ဝေန်တံတားကိုဖြတ်ကာ ပန်းတောကြီး ကျေးရွာသို့ရောက်ပါမည်။ ပန်းတောကြီးရောက်လျှင် မိမိတို့ရွာကို ရောက်သလိုဖြစ်ပြီပေါ့။ သေချာတာကတော့ ၂၀၁၉ ခုနှစ်၌ ဝေန်တံတား(လေးမျက်နှာ)ကို ကျွန်တော် ဖြတ်ကူးဖြစ်ပါလိမ့်မည်။ ။

ယနေ့အချိန်အခါတွင် ပုသိမ်-မုံရွာ ကားလမ်းမကြီးက ထီးထီးမားမားကြီး ပေါ်ပေါက်လာသဖြင့် လေးမျက်နှာမြို့နယ် အနောက်ခြမ်းဒေသအားလုံးသည် ရန်ကုန်၊ ပုသိမ်မြို့များသို့ လည်းကောင်း၊ မြောက်ဘက် အညာအကြေဒေသများသို့ လည်းကောင်း သွားလာနိုင်ပြီဖြစ်သကဲ့သို့ ဝေန်မြစ်အရှေ့ခြမ်းက လက်ရှိ လေးမျက်နှာမြို့သစ်နှင့် ဟင်္သာတမြို့သည်လည်း ကားလမ်းပေါက်နေပြီဖြစ်ရာ ဝေန်မြစ်ကိုသာ တံတားဖြင့် ကျော်ဖြတ်နိုင်မည်ဆိုပါက အရှေ့အနောက် ဆက်စပ်သွားပြီး လေးမျက်နှာမြို့၏ အနေအထားသည် လမ်းဆုံးမြို့အစား လမ်းဆုံမြို့ကလေးတစ်ခု ဖြစ်လာပေတော့မည်

ပြည်သူများအား တိုင်းရင်းဆေးပညာဖြင့် ကွင်းဆင်းဆေးကုသပေး

ရွှေဘို ဇန်နဝါရီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တိုင်းရင်းဆေးကုသရေးဦးစီးဌာန ရွှေဘိုတိုင်းရင်းဆေးရုံမှ ဝန်ထမ်းများက ရွှေဘိုမြို့နယ် ချီပါကျေးရွာမှ ပြည်သူများအား တိုင်းရင်းဆေးပညာဖြင့် အခမဲ့ဆေးဝါးကုသမှုများကို ဇန်နဝါရီ ၂၅ ရက်က သွားရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ကွင်းဆင်းကုသမှုများကို ဒုတိယဆေးရုံအုပ် ဒေါ်မြမြခိုင်နှင့် ဒုတိယဆေးမှူး၊ လက်ထောက်ဆေးမှူးနှင့် ဒုတိယလက်ထောက်ဆေးမှူးများက ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ကျေးရွာနေပြည်သူ ၁၂၃ ဦးအား လေငန်းရောဂါ၊ ခါးနာရောဂါ၊ အဆစ်ရောင်ရောဂါ၊ အဖျားသွေးတိုး၊ ထုံကျင်ရောဂါ စသည်တို့ကို ကုသပေးနိုင်ခဲ့ကာ တိုင်းရင်းဆေးကုသရေးဦးစီးဌာနမှ ဆေးဝါးများ အခမဲ့ပေးသည့်အပြင် ရုပ်ပျိုတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့် ဦးသက်ပြင်းသားဆေးတိုက်တို့မှလည်း ဆေးဝါးများ လှူဒါန်းပံ့ပိုးပေးခဲ့ကြကြောင်း သိရသည်။

ရွှေဘိုခရိုင် တိုင်းရင်းဆေးကုသရေးဦးစီးဌာနသည် ဇန်နဝါရီ ဒုတိယပတ်အတွင်းကလည်း အမှတ်(၁၀) နွားလေးကုန်းရပ်၌ ကွင်းဆင်း၍ ပြည်သူများအား အခမဲ့ ဆေးဝါးကုသပေးခဲ့ရာ လူနာ ၁၀၁ ဦးအား ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ဂျူနိုင်း

တရုတ်နှစ်သစ်ဈေးရောင်းသူများ ကားလမ်းမပိတ် ကုန်ကျစရိတ်မရှိ နေ့တစ်ဝက်ရောင်းချနိုင်၍ အဆင်ပြေ

ရန်ကုန် ဇန်နဝါရီ ၂၇

ဇန်နဝါရီ ၂၄ရက်၊ ၂၅ရက်၊ ၂၆ ရက် သုံးရက်တာကာလ တရုတ်နှစ်သစ်ကူး ဈေးရောင်းချခြင်းကို ယခု ၂၀၁၇ ခုနှစ်တွင် ယခင်နှစ်များကဲ့သို့ မဟာဗန္ဓုလ ကားလမ်း တစ်ဝက်ပိတ်၍ ရောင်းချခြင်း မရှိဘဲ လူသွားပလက်ဖောင်းလမ်းတစ်ဖက် တစ်ချက်စီတွင် နေ့တစ်ဝက် ရောင်းချခွင့် ရရှိသည်။ ယခင်နှစ်များတွင် ကားလမ်းမ တစ်ဝက်ပိတ်၍ ဈေးဆိုင်ခန်းအကွက် ပေါင်း ၄၀၀ ခန်းကျင်းပြီး ဈေးရောင်းချရာ တစ်ကွက်လျှင် ငွေကျပ်သောင်း ဂဏန်း ဝန်းကျင်ဖြင့် ဝယ်ယူရမှုများရှိသည်။

ယခုနှစ်တွင် ကားလမ်းတစ်ဝက်ပိတ်ဈေးရောင်းချခွင့် မပြုသော်လည်း ကား လမ်းဘေး လူသွားလမ်း တစ်ဖက်တစ်ချက်စီတွင် မွန်းတည့် ၁၂ နာရီထိ ရောင်းချခွင့်ရှိရာ ဈေးဝယ်လာသူများဖြင့် စည်ကားနေသည်။ ယခုနှစ်တွင် ဈေးဝယ်သူများ ပုံမှန်အနေအထားဖြင့် ဝယ်ယူနေသည်ကို မြင်တွေ့ရသည်။ ကားလမ်းပေါ် တက်ရောက်ရောင်းချခြင်းမရှိရန် သက်ဆိုင်ရာဝန်ထမ်းများမှ လိုက်လံစောင့်ကြည့် ထိန်းသိမ်းပေးနေသည်ကို မြင်တွေ့ရသည်။နှစ်အတန်ကြာ လမ်းတစ်ဝက်ပိတ်ဈေးရောင်းချ၍ ယာဉ်ပိတ်ဆို့မှုများ ကြုံတွေ့ရသည်။

ယခင်လမ်းအတွင်းရောင်းချခဲ့သော ဈေးသည်များသာမက တိုက်ကြီးဥက္ကံဘက်မှ လာရောက်ရောင်းချသည့် သစ်သီးသည်များသည် ပွဲတော်ရက်အတွင်း ဆိုင်ခန်းခ ငွေကျပ်သောင်းဂဏန်းကို ပေးဆောင်ရသော်လည်း ယခုနှစ်တွင် ယင်းငွေကြေး ပေးဆောင်ရခြင်းမရှိဘဲ ငွေကြေးသက်သာမှုရှိခဲ့ကြောင်း သိရသည်။

ခင်ဆိုင်

ဦးစီးအရာရှိ (ပုံဆွဲ) လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ မွမ်းမံသင်တန်းဖွင့်

ပဲခူး ဇန်နဝါရီ ၂၇ - ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ (ပုံဆွဲ) လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ မွမ်းမံသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲကို ဆည်မြောင်းပညာဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲ ပဲခူးမြို့၌ ဇန်နဝါရီ ၂၃ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်ထွန်းက အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူး ဦးဇော်မင်းထွဋ်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၄ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၃ ရက်အထိဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဆင်ခြေထောက်ရောဂါကာကွယ်ဆေးများအိမ်တိုင်ရာရောက်လိုက်လံတိုက်ကျွေး

ကန်ကြီးထောင့် ဇန်နဝါရီ ၂၇

ပြည်သူများ ဆင်ခြေထောက်ရောဂါ ကင်းဝေးစေရေးအတွက် ရောဂါကာကွယ်ဆေးများကို ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မြို့နယ်အတွင်း၌ ဇန်နဝါရီ ၂၀ ရက်မှစ၍ အိမ်တိုင်ရာရောက် အခမဲ့လိုက်လံတိုက်ကျွေးလျက်ရှိကြောင်း သိရသည်။

ဆင်ခြေထောက်ရောဂါကာကွယ်ဆေး တိုက်ကျွေးရာတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဦးဆောင်ပြီး မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ပြည်သူများရှိရာ အိမ်တိုင်ရာရောက်သွားရောက်ကာ ကာကွယ်ဆေးများ အခမဲ့လိုက်လံ တိုက်ကျွေးကြပြီး ကာကွယ်ဆေးသောက်ခြင်းကြောင့် ရရှိမည့် အကျိုးကျေးဇူးများနှင့် ကာကွယ်ဆေးနှင့်မတည့်သော ရောဂါများအကြောင်းကိုလည်း ပြည်သူများသိရှိရန် ရှင်းလင်းပြောကြားခဲ့သည်။

ကန်ကြီးထောင့်မြို့ပေါ် ရပ်ကွက်များ၌ ဇန်နဝါရီ ၂၀ ရက်မှစ၍ ကာကွယ်ဆေးများကို လိုက်လံတိုက်ကျွေးလျက်ရှိရာ ဇန်နဝါရီ ၂၅ ရက်အထိ ရပ်ကွက် သုံးခုရှိ အိမ်ထောင်စု ၁၃၆၈ စုမှ လူဦးရေ ၆၂၀၀ ကျော်အား တိုက်ကျွေးပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသော ရပ်ကွက်များမှ ပြည်သူများကိုလည်း ဇန်နဝါရီ ၂၉ ရက်အထိ ဆက်လက်တိုက်ကျွေးသွားမည်ဖြစ်ပြီး ကျေးရွာများတွင်လည်း ကျေးလက်ကျန်းမာရေးဌာနများမှ ဝန်ထမ်းများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက ကာကွယ်ဆေးများကို အိမ်တိုင်ရာရောက် လိုက်လံတိုက်ကျွေးပေးလျက်ရှိကြောင်း သိရသည်။ **နန်းထိုက်(ပြန်/ဆက်)**

ပြည်ထောင်စုနေ့အကြို ပန်းချီပြိုင်ပွဲနှင့် ဟောပြောပွဲကျင်းပ

နမ့်ဆန် ဇန်နဝါရီ ၂၇

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ဆန်မြို့၌ နှစ်(၇၀)ပြည့် ပြည်ထောင်စုနေ့ အကြိုအထိမ်းအမှတ်အဖြစ် ပန်းချီပြိုင်ပွဲနှင့် ဟောပြောပွဲကို ဇန်နဝါရီ ၂၅ ရက်က မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားလှိုင်က ပြည်ထောင်စုနေ့အကြောင်း သိကောင်းစရာများနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေဖို့ စာကြည့်တိုက်ကို လာကြစို့ ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး ကလေးစာဖတ်ခန်း၌ ပြည်ထောင်စုနေ့အထိမ်းအမှတ် နံရံကပ်စာစောင်များ၊ စာအုပ်စာစောင်များကို ခင်းကျင်းပြသခဲ့သည်။

ထို့နောက် ပန်းချီပြိုင်ပွဲကို ဆက်လက်ကျင်းပပြီး ပြည်ထောင်စုနေ့နှင့်ပတ်သက်သည့် ပန်းချီကားများကို ရေးဆွဲယှဉ်ပြိုင်စေခဲ့ရာ နမ့်ဆန်မြို့အမက(၁)၊ အမက(၃)၊ အမက(၄)၊ အမက(၅) ကျောင်းများမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ပြီး မြို့နယ်လဝက ဒုတိယဦးစီးမှူး ဦးစောငြိမ်းသောင်းကလည်း ကျောင်းသားကျောင်းသူများအား အာဟာရဒါန ကျွေးမွေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြို့နယ်ကျောင်းကျန်းမာရေး စံပြကျောင်းဆုပေးပွဲကျင်းပ

လွိုင်ကော် ဇန်နဝါရီ ၂၇

လွိုင်ကော်မြို့နယ်၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် မြို့နယ်ကျောင်းကျန်းမာရေး စံပြကျောင်းဆုပေးပွဲကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာ့ရတနာခန်းမ၌ ဇန်နဝါရီ ၂၅ ရက်က ကျင်းပခဲ့သည်။

ဆုပေးပွဲတွင် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးခင်မောင်ရင်က အမှာစကားပြောကြားပြီး နေပြည်တော် ကျောင်းကျန်းမာရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဖြိုးဖြိုးကျော်က ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်သည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားကာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းအဆင့်အလိုက် ကျောင်းကျန်းမာရေး စံပြဆုရရှိသော ကျောင်းများကို ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူးတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ကျောင်းများတွင်အသုံးပြုရန် အရေးပေါ်ဆေးသေတ္တာပုံးများကို ကျောင်းကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသောင်းလင်းက ပေးအပ်ရာ ကျောင်းအုပ်ကြီးများကိုယ်စား အထက(၁)ကျောင်း တာဝန်ခံဆရာမကြီးက လက်ခံရယူပြီး ကျောင်းကျန်းမာရေး ရန်ပုံငွေအလှူရှင်များအား မြို့နယ်ပညာရေးမှူးက ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

သတင်းတိုများ

နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများအား မိုးမိတ်ခရိုင် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဇန်နဝါရီ ၂၅ ရက်က ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ခရိုင် လူဝင်မှုကြီးကြပ်ရေး ဦးစီးအရာရှိက နိုင်ငံသားစိစစ်ရေးကတ်ပြား၏ အရေးပါပုံနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ခြင်း ရည်ရွယ်ချက်များကို ကျောင်းသား ကျောင်းသူများအား ရှင်းလင်းပြောကြားကာ အသက် ၁၀ နှစ်ပြည့်ပြီး သော ကျောင်းသား ကျောင်းသူ ၂၁၃ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ခဲ့ကြောင်းသိရသည်။
(ခရိုင် ပြန်/ဆက်)

ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်

ဇန်နဝါရီ ၂၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာ - ၁၈၌ ဖော်ပြခဲ့သော မိုးညှင်းအကျဉ်းထောင်သို့ စေတနာရှင်လူမှုကူညီရေးအဖွဲ့(မိုးညှင်း) ခြံစောင်များလှူဒါန်း သတင်းတွင် မိုးညှင်းအကျဉ်းထောင်၏ အကျဉ်းသားများ ခြံစောင်လောက်ငမှု မရှိသဖြင့် အအေးပတ်သေဆုံးသူများရှိနေသဖြင့် ရေးသားဖော်ပြချက်တွင် ၄င်းအကျဉ်းသားများမှာ အအေးပတ်သေဆုံးခြင်းမဟုတ်ဘဲ နာတာရှည်ဝေဒနာဖျားနာနှင့် အေအိုင်ဒီအက်စ်ရောဂါများဖြင့်သာ သေဆုံးကြောင်းဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်။
စာရေးသူ - နီတိုး

စိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအပါအဝင် ပြည်သူ့အကျိုးပြု အသိပညာပေးဟောပြောပွဲကျင်းပ

ကလိန်အောင် ဇန်နဝါရီ ၂၇

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့ ဇင်းဘာကျေးရွာ ခရစ်ယာန် အစည်းအဝေးခန်းမ၌ ပြည်သူ့အကျိုးပြု အသိပညာပေးဟောပြောပွဲကို ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ဇန်နဝါရီ ၂၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ကလိန်အောင်မြို့အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစောမင်းနောင်က တောင်သူများအတွက် စိုက်ပျိုးမြေ၏ အရေးပါပုံ၊ စိုက်ပျိုးရာတွင် သဘာဝပတ်ဝန်းကျင် မထိခိုက်စေသော စိုက်ပျိုးနည်းပညာများအကြောင်း၊ စိုက်ပျိုးမြေထဲတွင် သန်းပေါင်းများစွာသော အကျိုးပြု အဏုဇီဝသက်ရှိများ ရှင်သန်နေခြင်းကြောင့် မီးမရှို့သင့်ကြောင်း၊ စိုက်ပျိုးမြေကို တစ်နှစ်တည်း စိုက်ပျိုးထုတ်လုပ်ရန်မရည်ရွယ်ပဲ ရေရှည်ကောင်းမွန်သော စိုက်ပျိုးမြေဖြစ်အောင် ပြုပြင်ထိန်းသိမ်းနည်းပညာများ စသည်တို့ကို ဟောပြောသည်။

ထို့နောက် ကလိန်အောင်မြို့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဌာနမှ ဦးစီးမှူး ဦးအောင်ဆန်းက လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် သတိထားဆောင်ရွက်ရမည့်အချက်များ၊ လျှပ်စစ်အန္တရာယ်ဖြစ်ပွားနိုင်မှု အခြေအနေများ၊ ဓာတ်အားသုံးစွဲသူများ လျှပ်စစ်အသိ လျှပ်စစ်သတိဖြင့် အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်စေရန် စသည်တို့ကိုလည်းကောင်း၊ ကလိန်အောင်မြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မိုးမိုးခိုင်က ဆင်ခြေထောက်ရောဂါကာကွယ်ဆေး တိုက်ကျွေးခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးတင့်လွင်က မြေယာလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းဆိုင်ရာ ကိစ္စများ၊ မြေလွတ် မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားခြင်းဆိုင်ရာ ဥပဒေ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့် လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားခြင်းဆိုင်ရာ နည်းဥပဒေများကိုလည်းကောင်း၊ ကလိန်အောင်မြို့ဆက်သွယ်ရေးစခန်းတာဝန်ခံ ဦးသက်ဝင်းက MPT ဆင်းကတ်များအတွက် မှတ်ပုံတင်ပြုလုပ်ပေးနေသည့် အခြေအနေများကိုလည်းကောင်း ဟောပြောကြပြီး ဒေသခံပြည်သူများက ကဏ္ဍအလိုက် သိရှိလိုသည့်အကြောင်းအရာများကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကြိုးကြာနီတို့ အရှိန်ဟုန်မြှင့်ပြီး ချယ်လ်ဆီးကို ကျော်ဖြတ်ပျံသန်းနိုင်ပါ့မလား

ဒီတစ်ပတ် စနေ၊ တနင်္ဂနွေမှာ အက်ဖ်အေဖလားစတုတ္ထအဆင့်ပွဲတွေ ကစားပေမယ့် ပရီမီယာလိဂ်ပွဲစဉ်(၂၃)ကို လာမယ့် ဇန်နဝါရီ ၃၁ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ အက်ဖ်အေဖလားပွဲကြောင့် ခြေကုန်ထုတ်ယှဉ်ပြိုင်ခဲ့ကြရတဲ့ ထိပ်တန်းအသင်းတွေအတွက်ကတော့ ပွဲပန်းနေမှာ သေချာတာမို့ ဘယ်လိုကစားသမားတွေနဲ့ အားသွန်ခွန်စိုက်စွမ်းဆောင်ပုံဖော်ကြဦးမလဲဆိုတာ စောင့်ကြည့်ချင်စရာကောင်းနေတာတော့ အမှန်ပါပဲ။

အာဆင်နယ်နှင့် ဝက်ဖို့ဒ်

တန်းစီဇယား ဒုတိယနေရာကိုရောက်နေတဲ့ အာဆင်နယ်တို့ ထိပ်ဆုံးက ချယ်လ်ဆီးကို ဖိအားပေးနိုင်ဖို့ ပွဲတိုင်းအမှားအယွင်းမခံရအောင် ကစားနေပြီဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲစလုံးရှုံးပွဲမရှိအောင် ခြေစွမ်းပုံမှန်ရခဲ့တဲ့ အာဆင်နယ်ဟာ အဝေးကွင်းမှာ ကစားအားကျတတ်တဲ့ ဝက်ဖို့ဒ်ကို ဖိအားပေးကစားပါလိမ့်မယ်။ ဝက်ဖို့ဒ်ရဲ့အားနည်းချက်က တိုက်စစ်ရော၊ ခံစစ်ပါဖြစ်ပြီး အထူးသဖြင့် ခံစစ်မှူးတွေ နားလည်မှုလွဲတတ်တာကို အာဆင်နယ်တိုက်စစ်မှူးတွေ အခွင့်ကောင်းယူသွားနိုင်ပါတယ်။ ဒီပွဲက အာဆင်နယ်နိုင်ပွဲဖြစ်ပြီး ပထမအကျော့ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့တဲ့အတိုင်း ပြန်ထွက်ပေါ်နိုင်ပါတယ်။

လီဗာပူးနှင့် ချယ်လ်ဆီး

ပရီမီယာလိဂ်ကို ရယူဖို့ ဦးဆောင်နေတဲ့ ချယ်လ်ဆီးဟာ အခုပွဲရလဒ်က အရေးကြီးနေပါတယ်။ ဆောက်သမ်တန်နဲ့ ဆွမ်ဆီးတို့ကို ဆက်တိုက်ရှုံးပွဲကြုံတွေ့ထားတဲ့ လီဗာပူးဟာ အခုပွဲ အိမ်ကွင်းလည်းဖြစ်တာမို့ ကြိုးကြာနီတို့ရဲ့အကောင်းဆုံးအခင်းအကျင်းနဲ့ အမြင့်မားဆုံး အားထုတ်မှုကို ပြသဖို့ ကြိုးစားပါလိမ့်မယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ လေးဂိုးသာသွင်းယူနိုင်ခဲ့တဲ့ လီဗာပူးရဲ့ တိုက်စစ်ကတော့ အားရစရာမရှိပါဘူး။ လက်ရှိအိမ်ကွင်း နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးမှုကို ချယ်လ်ဆီးနဲ့ ပွဲမှာ ပြန်လည်စတင်နိုင်မလားကြည့်ရမှာပါ။ ချယ်လ်ဆီးတို့ကတော့ ပထမအကျော့ အိမ်ကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးထားတဲ့ ခံစားမှုကို အခုပွဲမှာ ပြန်လည်ချေဖျက်ပြီး အောင်ပွဲခံဖို့ ကြိုးစားပါလိမ့်မယ်။

ဆန်းဒါးလန်းနှင့် စပါး

စပါးကွင်းမှာ ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ စပါးက တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရထားခဲ့ပါတယ်။ တန်းစီဇယား တတိယနေရာမှာ ရပ်တည်နေတဲ့ စပါးတို့က ခြေစွမ်းကောင်းမွန်နေပြီး နောက်ဆုံးငါးပွဲကစားခဲ့ရာမှာ ရှုံးပွဲမရှိဘဲ တိုက်စစ်မှူးတွေက ၁၄ ဂိုးအထိ သွင်းယူခဲ့တာမို့ တန်းစီဇယား အောက်ဆုံးက ဆန်းဒါးလန်းတို့ အိမ်ကွင်းမှာ ကစားရပေမယ့် အမှတ်မရနိုင်ပါဘူး။ စပါးတို့ အမှတ်ပြည့်ရပါလိမ့်မယ်။

ဘန်လေနှင့် လက်စတာ

ပရီမီယာလိဂ် လက်ရှိချန်ပီယံ လက်စတာတို့ကတော့ တန်းဆင်းဇုန်အတွင်း မကျဆင်းအောင် ရုန်းကန်မယ့်ပွဲပါပဲ။ ပထမအကျော့မှာ လက်စတာတို့က သုံးဂိုးပြတ်နိုင်ပွဲရထားပေမယ့် ဒီပွဲမှာ ဘန်လေတို့ ရှုံးကြွေးပြန်ဆပ်နိုင်ရေး ကြိုးစားလာပါလိမ့်မယ်။ ဘန်လေတို့ရဲ့လတ်တလော စွမ်းဆောင်မှုက ဆန်းဒါးလန်းနဲ့ ဆောက်သမ်တန်တို့ကို နိုင်ပွဲဆက်တိုက်ရခဲ့ပေမယ့် အာဆင်နယ်ကို ရှုံးထားပါတယ်။ အမှတ်လိုအပ်နေတဲ့ ဘန်လေဟာ ဒီပွဲမှာ အနိမ့်ဆုံး တစ်မှတ်ရအောင်ယူဖို့ ခြေကုန်ထုတ်ပါလိမ့်မယ်။

ဘုန်းမောက်နှင့် ခရစ္စတယ်ပဲလေ့စ်

တန်းဆင်းဇုန်ထဲ ကျရောက်နေတဲ့ ပဲလေ့စ်တို့က ဒီပွဲမှာတော့ အမှတ်ပြည့်ရယူနိုင်ရေး ရုန်းကန်လာပါလိမ့်မယ်။ ဘုန်းမောက်တို့ကတော့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ဆွမ်ဆီးတစ်သင်းသာနိုင်ပြီး ကျန်ပွဲတွေက သရေပွဲ၊ ရှုံးပွဲတွေချည်းဖြစ်နေပါတယ်။ ပဲလေ့စ်တို့ကလည်း ရလဒ်တွေ ဆိုးရွားနေတာမို့ အခုပွဲဟာ ပထမအကျော့ပွဲ ရလဒ်လို သရေပွဲဖြစ်သွားနိုင်ပါတယ်။

မစ်ဒယ်ဘရောနှင့် ဝက်စ်ဘရွန်း

ကြိုးစားအားထုတ်မှု ကောင်းကောင်းနဲ့ ပွဲတိုင်းအမှတ်ဆုံးရှုံးမှုနည်းအောင် ကြိုးစားနေတဲ့ ဝက်စ်ဘရွန်းတို့ကတော့ ဒီပွဲမှာ အမှတ်ခွဲယူဖို့ ရှိမှာမဟုတ်ပါဘူး။ ခံစစ်ပိုင်းကျစ်လျစ်ပြီး ဂိုးသွင်းအားကောင်းတဲ့ တိုက်စစ်မှူးတွေကြောင့် မစ်ဒယ်ဘရောတို့ အခက်တွေ့နိုင်တဲ့ပွဲပါ။ မစ်ဒယ်ဘရောတို့ကလည်း တန်းဆင်းဇုန်အတွင်း မကျဆင်းအောင် အားကုန်ထုတ်လာမှာမို့ ဒီပွဲဟာ ပထမအကျော့လို တစ်မှတ်စီခွဲယူရနိုင်ပါတယ်။

မန်ယူနှင့် ဟားလ်စီးတီး

နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ပွဲစဉ်မှာ မန်ယူက နှစ်ဂိုးပြတ်နိုင်ပွဲရထားပါတယ်။ သရေပွဲတွေ ဆက်တိုက်ဖြစ်နေတဲ့ မန်ယူအတွက် ဒီပွဲဟာ စိန်ခေါ်မှုတစ်ရပ်ပါပဲ။ ဟားလ်စီးတီးရဲ့ ခြေစွမ်းက အသင်းကြီးတွေနဲ့ဆုံရင် ရလဒ်မကောင်းတတ်တာမို့ အခုပွဲမှာ အမှတ်လိုအပ်နေတဲ့ မန်ယူဟာ အိုးထရက်ဖို့ကွင်းမှာ နိုင်ပွဲယူပြီး အမှတ်ပြည့်ရယူပါလိမ့်မယ်။

ဝက်စ်ဟမ်းနှင့် မန်စီးတီး

မန်စီးတီးတို့ကတော့ ခြေစွမ်းအတက်အကျရှိနေပြီး ရလဒ်တွေကလည်း မငြိမ်ပါဘူး။ ဒါပေမယ့် ဒီပွဲကို အနိုင်ရအောင် ကစားမယ်လို့ မန်စီးတီးနည်းပြ ဂွာဒီယိုလာက ပြောကြားနေတာမို့ ကစားသမား အပြောင်းအလဲရှိလာနိုင်မှာပါ။ ဝက်စ်ဟမ်းတို့က မစ်ဒယ်ဘရောနှင့် ပဲလေ့စ်တို့ကို ဆက်တိုက်နိုင်ပွဲရထားတာမို့ အခုပွဲမှာ မန်စီးတီးကို စိတ်ဓာတ်မြင့်မြင့်နဲ့ ရင်ဆိုင်ပါလိမ့်မယ်။ ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံပွဲမှာမန်စီးတီးက ငါးဂိုးပြတ် အနိုင်ရထားတာမို့ အမှတ်လိုအပ်နေတဲ့ မန်စီးတီးတို့အမှတ်ပြည့်ရယူပါလိမ့်မယ်။

စတုတ်နှင့် အဲဗာတန်

မန်ယူကို သရေကစားခဲ့တဲ့ စတုတ်နဲ့ မန်စီးတီးကို လေးဂိုးပြတ်အနိုင်ကစားခဲ့တဲ့ အဲဗာတန်တို့ပွဲက အကြိတ်အနယ်ရှိမယ့်ပွဲပါပဲ။ ဒီနှစ်သင်း နောက်ဆုံးကစားခဲ့တဲ့ပွဲမှာတော့ အဲဗာတန်တို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ထားခဲ့ပါတယ်။ ခံစစ်ပိုင်းအမှားနည်းပြီး တိုက်စစ်မှူးတွေအဆုံးသတ်ပိုကောင်းမွန်တဲ့ အဲဗာတန်ကို စတုတ်တို့ အိမ်ကွင်းဆိုပေမယ့် အမြင့်ဆုံးတစ်မှတ်လောက်ပဲ ရနိုင်ပါလိမ့်မယ်။ ။

မိုးမြင့်လင်းလက်

စီရော်နယ်ဒို ဂိုးသွင်းပေမယ့် ကိုပါဒယ်ရေးမှ ထွက်ခဲ့ရ

ကိုပါဒယ်ရေးဖလားပြိုင်ပွဲမှာ ရီးရဲမက်ဒရစ်က ဆဲလ်တာဗီဂိုအသင်းကို နှစ်ကျော့ပေါင်း လေးဂိုး-သုံးဂိုးနဲ့ ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရပါတယ်။ ဒုတိယအကျော့အဖြစ် နှစ်ဂိုးစီ သရေကျခဲ့ပေမယ့် ပထမအကျော့မှာ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တဲ့အတွက် ရီးရဲမက်ဒရစ်တို့ မမျှော်လင့်ဘဲ ပြိုင်ပွဲမှ ထွက်ခဲ့ရပါတယ်။ ဒီပွဲမှာ စီရော်နယ်ဒိုက အသင်းအတွက် ဒုတိယမြောက်ဂိုးကို သွင်းယူပေးခဲ့ပေမယ့် နှစ်ကျော့ပေါင်းရလဒ်အရ ကိုပါဒယ်ရေးဖလားပြိုင်ပွဲမှ ထွက်ခဲ့ရပါတယ်။ ဇီဒန်းရဲ့ရီးရဲမက်ဒရစ်အသင်းဟာ ပထမအကျော့ မှာလည်း နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တဲ့အတွက် ကိုပါဒယ်ရေးဖလားပြိုင်ပွဲမှ ထွက်ခဲ့ရပါတယ်။ ရီးရဲမက်ဒရစ်အတွက် ဒုတိယမြောက် ချေပဂိုးကို စီရော်နယ်ဒိုက သွင်းယူပေးခဲ့ပေမယ့် ပြိုင်ပွဲမှ ထွက်ခဲ့ရပါတယ်။ စီရော်နယ်ဒိုဟာ ၂၀၁၉ မှာ တရုတ်စူပါလိဂ်ကို ပြောင်းရွှေ့လိမ့်မယ်လို့ ထင်ကြေးပေးမှုတွေလည်း ရှိပါတယ်။ သို့ပေမယ့်လည်း စီရော်နယ်ဒိုကတော့ အတည်ပြုပြောဆိုခဲ့ခြင်းမရှိသေးဘူးလို့ ဆိုပါတယ်။

ကိုပါအီတာလီယာဖလား ဆီမီးတက်နိုင်ခဲ့တဲ့ ဂျူဗင်တပ်စ်

ဂျူဗင်တပ်စ်အသင်းဟာ ကိုပါအီတာလီယာဖလားပြိုင်ပွဲမှာ မီလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ကစားပြီး ဆီမီးဖိုင်နယ်ကို တက်ရောက်နိုင်ခဲ့ပါတယ်။ လက်ရှိချန်ပီယံ ဂျူဗင်တပ်စ်အသင်းအနေနဲ့ ပထမပိုင်းမှာပဲ နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ အေစီမီလန်အသင်းအနေနဲ့ တစ်ဂိုးသာ ပြန်လည်ချေပနိုင်တဲ့အတွက် နှစ်ဂိုး-တစ်ဂိုးနဲ့ ဂျူဗင်တပ်စ်က အနိုင်ရခဲ့ပါတယ်။ ဒီနှစ်ရာသီထဲမှာ ဂျူဗင်တပ်စ်က အေစီမီလန်အသင်းကို ယခင်နှစ်ကြိမ်ဆုံတွေ့မှုမှာ အနိုင်ရအောင် ကစားနိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ ဂျူဗင်တပ်စ်အသင်းဟာ အီတလီစီးရီးအေမှာလည်း ဇယားထိပ်မှာ လေးမှတ်အသာနဲ့ ဦးဆောင်နေတဲ့ အသင်း ဖြစ်ပါတယ်။ ဂျူဗင်တပ်စ်အသင်းဟာ ကိုပါအီတာလီယာဖလား ကွာတားဖိုင်နယ်မှာ အေစီမီလန်အသင်းကို အနိုင်ရခဲ့တဲ့အတွက် ဆီမီးမှာ နာပိုလီအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ ဂျူဗင်တပ်စ်အသင်းဟာ ယခုနှစ်မှာလည်း ကိုပါအီတာလီယာဖလားကို ဆွတ်ခူးနိုင်ဖွယ်ရှိတဲ့ အသင်းဖြစ်လာပါတယ်။

လီဗာပူးက တစ်ပတ် ပေါင်နှစ်သိန်းနဲ့ ထပ်မံစာချုပ်လိုက်တဲ့ ကော်တင်ဟို

ဖီးလစ်ကော်တင်ဟိုကို လီဗာပူးအသင်းက တစ်ပတ် ပေါင် ၂၀၀၀၀၀နဲ့ ၂၀၂၂ ခုနှစ်အထိ စာချုပ်လိုက်ပါတယ်။ ဒါဟာ လီဗာပူးအသင်းရဲ့သမိုင်းမှာ အကြီးမားဆုံး စာချုပ်မှုဖြစ်ပါတယ်။ နည်းပြဂျာဂျင်ကလော့ လက်ထက်မှာ စာချုပ်လိုက်တဲ့ အမြင့်ဆုံး စာချုပ်မှုလည်း ဖြစ်ပါတယ်။ ဘရာဇီးနိုင်ငံသား ကော်တင်ဟိုဟာ စာချုပ်အရ ၂၀၂၂ အထိ လီဗာပူးနဲ့ ကစားသွားရဖို့ ရှိပါတယ်။ ကော်တင်ဟိုဟာ လွန်ခဲ့တဲ့ လေးနှစ်က အင်တာမီလန်အသင်းမှ လီဗာပူးသို့ ပြောင်းရွှေ့လာခဲ့ပြီး အကောင်းဆုံး ခြေစွမ်းပြ ကစားခဲ့ပါတယ်။ ဥရောပထိပ်သီးကလပ်တွေ စောင့်ကြည့်ရတဲ့ ကစားသမားဖြစ်လာပါတယ်။ ကော်တင်ဟိုကို ဘာစီလိုနာအသင်းကလည်း ပစ်မှတ်ထားနေတဲ့ ကစားသမားဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စာချုပ်သစ်ချုပ်ဆိုနိုင်တဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။ လီဗာပူးအသင်းနဲ့အတူ အကောင်းဆုံးကစားသွားမှာဖြစ်ပါတယ်လို့လည်း ကော်တင်ဟိုက ဆိုပါတယ်။ ကော်တင်ဟိုဟာ လီဗာပူးအသင်းရဲ့ အောင်မြင်မှုတွေအတွက် အဓိက ကူညီပေးနေသူဖြစ်ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

ရှစ်ကြိမ်မြောက် ဘားကမ့်ရန်ကုန် ၂၀၁၇ စိတ်ဝင်စားစရာ အစီအစဉ်များဖြင့် ယနေ့စတင်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇
မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း(MCPA)နှင့် အိုင်တီနည်းပညာကျွမ်းကျင်သူလူငယ်များက ဦးဆောင်ကျင်းပပြီး နည်းပညာဆိုင်ရာများအပါအဝင် မိမိတို့စိတ်ဝင်စား ကျွမ်းကျင်ရာ မည်သည့်အကြောင်းအရာကိုမဆို မျှဝေဆွေးနွေးနိုင်သည့် ဆွေးနွေးပွဲဖြစ်သော ဘားကမ့်ရန်ကုန်(BarCampYangon) ကို လှိုင်တက္ကသိုလ်နယ်မြေရှိ MICT Park အတွင်း၌ ဇန်နဝါရီ ၂၈ ရက်(ယနေ့)တွင် စတင်ကျင်းပပြီး ဇန်နဝါရီ ၂၉ ရက်အထိ နှစ်ရက်ကြာ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်သည်။

ဘားကမ့်ရန်ကုန်ကို ၂၀၁၀ ခုနှစ်မှ စတင်၍ ကျင်းပခဲ့ရာ ယခုအကြိမ်သည် ရှစ်ကြိမ်မြောက်ဖြစ်ကြောင်း၊ ယခုနှစ် ဘားကမ့်ရန်ကုန်သို့ စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့တက်ရောက်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ ဘားကမ့်ရန်ကုန် Organizer Team ၏ ခေါင်းဆောင်ဖြစ်သူ ဦးမင်းဦးက ရှစ်ကြိမ်မြောက်ကျင်းပမည့် ဘားကမ့်ရန်ကုန်အတွက် More Experience! ဆိုသည့် Theme ဖြင့် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထိုအမည်ပေးထားခြင်းမှာ ဘားကမ့်ရန်ကုန်သို့ တက်ရောက်ပြီး အတွေ့အကြုံများ ပိုမိုမျှဝေစေနိုင်ရန်နှင့် ပိုမိုရရှိစေရန်အတွက်ဖြစ်ကြောင်း ပြောကြားသည်။

ဘားကမ့်ရန်ကုန်ဟာ နည်းပညာတစ်ခုတည်းအတွက် ရည်ရွယ်ကျင်းပခြင်းမဟုတ်ပါဘူး။ မည်သူမဆို Topic Board တွင် မိမိပြောကြားလိုတဲ့အကြောင်းအရာကို ကပ်ပြီး နည်းပညာ၊ ဗဟုသုတ၊ ကဗျာ၊ ပညာရေးဆိုင်ရာ စတဲ့မည်သည့်ကဏ္ဍမဆို ဝေမျှနိုင်ပါတယ်၊ ဘားကမ့်ကို နိုင်ငံများ၏ မြို့များပေါ်တွင်အစွဲပြုပြီး ဘားကမ့်ဘန်ကောက်၊ ဘားကမ့်ဖနွမ်ပင် စသည်ဖြင့် နိုင်ငံအများစုမှာ ကျင်းပလျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာတော့ ၂၀၁၀ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး တက်ရောက်သူပေါင်း သုံးထောင်ကျော်နဲ့ နိုင်ငံတကာတွင် ကျင်းပနေသော ဘားကမ့်များထက် လူအများဆုံးတက်ရောက်တဲ့ ဘားကမ့်အဖြစ် ဝီကီပီဒီယားတွင် မှတ်တမ်းတင်ထားခံရခဲ့ပါတယ်”ဟု ၎င်းက ဆက်ပြောသည်။

ထို့အပြင် ဘားကမ့်များအနက် ဘားကမ့်ရန်ကုန်သည် လူငယ်များအတွက် အကျိုးများစွာရှိပြီး စဉ်ဆက်မပြတ် တက်ရောက်လေ့လာသူများအား အကျိုးကျေးဇူး ပိုမိုဖြစ်စေသည့်အတွက် လူငယ်များအချင်းချင်း နီးနွှောဖလှယ်မှုနှင့် အသိပညာမျှဝေမှု အများဆုံးသော ဘားကမ့်တစ်ခုအဖြစ် ယနေ့အချိန်အထိ စံချိန်တင်ထားနိုင်ခဲ့ကြောင်း သိရသည်။

နိုင်ငံတကာ ဘားကမ့်များ၏ မူလ ဦးတည်ချက်များအတိုင်း လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးနိုင်ကြသောနေရာတစ်ခု၊ အဆင့်အတန်းမခွဲခြားသော နေရာတစ်ခု၊ မတူကွဲပြားမှုများကို အတူပူးပေါင်းဆောင်ရွက်နိုင်ရန်၊ လူငယ်များ၏ တီထွင်ဖန်တီးမှု ပိုမိုတိုးတက်လာစေရန်၊ ဝါသနာတူများစုပြီး အောင်မြင်သော အနာဂတ်တစ်ခု ဖန်တီးနိုင်သောနေရာ၊ လူငယ်များ တွေ့ဆုံမိတ်ဖွဲ့ဆွေးနွေးနိုင်သောနေရာတစ်ခုဖြစ်စေရန် စသည့်အချက်များကို အခြေခံပြီး ၂၀၁၇ ဘားကမ့်ရန်ကုန်ကို ယခင်နှစ်များနည်းတူ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း၊ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဘားကမ့်ရန်ကုန်တွင် အမြဲတစေ ဆန်းသစ်မှုများကို ထည့်သွင်းပြုလုပ်လျက်ရှိရာ ယခုနှစ်တွင်လည်း အစီအစဉ်တစ်ခုအနေဖြင့် White Room ဟု အမည်ရသော သတင်းအချက်အလက် အသိပညာပေးသည့် နေရာတစ်ခု စီစဉ်ထားမည်ဖြစ်ကြောင်း၊ ထို့အပြင် ဘားကမ့်ရန်ကုန်သို့ တက်ရောက်မည့်သူများနှင့် နိုင်ငံခြား Barcamper များ အဆင်ပြေနိုင်စေရန်အတွက် BarCamp Yangon မိုဘိုင်းအပလီကေးရှင်းကိုလည်း ထုတ်ပေးထားပြီး ယင်းအပလီကေးရှင်းမှ တစ်ဆင့် ပြောကြားမည့် ခေါင်းစဉ်များ၊ ဟောပြောမည့် အခန်းနေရာများနှင့် အခြားသော အကြောင်းအရာများကို ပွဲနေ့တွင် အချိန်နှင့်တစ်ပြေးညီ ပြသနိုင်ရန် ပြင်ဆင်ထားကြောင်း၊ ယခုနှစ် ဘားကမ့်ရန်ကုန် ၂၀၁၇ ဖြစ်မြောက်ရေးအတွက် ကမ္ဘောဇဘဏ်နှင့် ချင်းတွင်းကောလိပ်တို့က အဓိက ပံ့ပိုးကူညီပေးထားကြောင်း သိရသည်။

ဘားကမ့်ရန်ကုန်သည် အာရှတွင်သာမက ကမ္ဘာပေါ်တွင် ခုနစ်ကြိမ်တိတိ အကြီးဆုံးဘားကမ့်အဖြစ် စံချိန်တင်ခဲ့ကာ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ လူငယ်များ၏ ပါဝင်ဆင်နွှဲမှုနှင့် မိမိတို့ဒေသများတွင် ပြန်လည်ဦးဆောင်ကျင်းပမှုကြောင့် ယခုအချိန်တွင် မြို့ပေါင်း ၁၅ မြို့ရှိ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များတွင် ဘားကမ့်များကို အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ တစ်နှစ်အတွင်း ဘားကမ့်ပေါင်း ၁၀ ခုအထက် ကျင်းပလျက်ရှိပြီး အကြိမ်ရေအားဖြင့် ကမ္ဘာပေါ်တွင် ဒုတိယအများဆုံး ကျင်းပနိုင်သော နိုင်ငံဖြစ်ကြောင်း သိရသည်။

သူရဖြိုး

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး ဝက်ဘ်ဆိုက်သစ် စတင်လွှင့်တင်

ရန်ကုန် ဇန်နဝါရီ ၂၇
နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး၏ တရားဝင်ဝက်ဘ်ဆိုက်သစ်ကို ဇန်နဝါရီ စတုတ္ထပတ် အတွင်းက စတင်လွှင့်တင်ထားပြီဖြစ်ကာ ဝက်ဘ်ဆိုက်လိပ်စာမှာ http://www.statecounsellor.gov.mm ဖြစ်သည်။

ဝက်ဘ်ဆိုက်တွင် သတင်းများ၊ အခန်းကဏ္ဍ၊ မီဒီယာကဏ္ဍနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီဟု အဓိက ကဏ္ဍလေးခုပါဝင်ပြီး သတင်းများကဏ္ဍတွင် နောက်ဆုံးရသတင်း၊ မိန့်ခွန်းနှင့် မှတ်တမ်းများ၊ သတင်းထုတ်ပြန်ချက်၊ သတင်းစာရှင်းလင်းချက်ဟု ခေါင်းစဉ်များပါဝင်သည်။ အခန်းကဏ္ဍတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံ၊ ပြည်သူသို့ ကျေးဇူးတင်လွှာနှင့် နိုင်ငံတကာဆက်ဆံရေး ခေါင်းစဉ်များ ပါဝင်ပြီး မီဒီယာကဏ္ဍတွင် ဓာတ်ပုံ၊ ဗီဒီယိုနှင့် အသံဖိုင်များ၊ သတင်းထုတ်ပြန်ရေးကော်မတီကဏ္ဍအောက်တွင် သတင်းများနှင့် ဗီဒီယိုများ ပါဝင်သည်ကို တွေ့ရသည်။

ဝက်ဘ်ဆိုက်ရှိ နောက်ဆုံးရသတင်းများ ခေါင်းစဉ်အောက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်နှင့် သတင်းများကို အသေးစိတ်တင်ပေးထားပြီး ဇန်နဝါရီ ၂၅ ရက်အထိ သတင်းတင်ပေးမှုများတွင် Update ဖြစ်သည်ကို တွေ့ရသည်။ ဝက်ဘ်ဆိုက်ကို မြန်မာဘာသာဖြင့် ဇော်ဂျီနှင့် ယူနီကုတ် နှစ်မျိုးစလုံးဖြင့် ဖတ်ရှုနိုင်ပြီး အင်္ဂလိပ်ဘာသာဖြင့်လည်း ဖတ်ရှုနိုင်သည်ကို တွေ့ရသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးအနေဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ သတင်းများကို ယခင်က ဖေ့စ်ဘုတ်စာမျက်နှာ Myanmar State Counsellor Office (facebook.com/state.counsellor)မှ တစ်ဆင့်သာ ဖော်ပြခဲ့ရာမှ ယခုဝက်ဘ်ဆိုက်မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး၏ ပထမဆုံး တရားဝင်ဝက်ဘ်ဆိုက်ဖြစ်သည်။

သူရဖြိုး

ကွန်ပျူတာပညာရှင်အသင်း၏ ရွေ့လျား ICT စင်တာ စေတနာ့ဝန်ထမ်းနည်းပြများဖိတ်ခေါ်

ရန်ကုန် ဇန်နဝါရီ ၂၇
ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရွေ့လျား ICT လေ့လာသင်ယူရေးစင်တာဖြင့် ကော့မှူးမြို့နယ်အတွင်း၌ အခြေခံကွန်ပျူတာသင်တန်းကို ဖေဖော်ဝါရီလမှ ဇွန်လအထိ ဖွင့်လှစ်သွားမည်ဖြစ်ရာ အဆိုပါ သင်တန်းအတွက် စေတနာ့ဝန်ထမ်း နည်းပြလေးဦးကို ဖိတ်ခေါ်ထားကြောင်း သိရသည်။

တာဝန်ထမ်းဆောင်မည့် စေတနာ့ဝန်ထမ်းနည်းပြများအနေဖြင့် သင်တန်းအချိန် တစ်ချိန်လျှင် ၁၆ ဦးအား သင်ကြားရမည်ဖြစ်ပြီး နေ့စဉ်ဖွင့်လှစ်မည်ကြောင်း၊ ဘာသာရပ်များအနေဖြင့် Microsoft Windows 8 Operating System အကြောင်း၊ MS Office 2010(Word, Excel, Power Point)၊ အင်္ဂလိပ်စာနှင့် မြန်မာစာ စာစီစာရိုက်၊ အင်တာနက်အသုံးပြုခြင်း စသည့် အခြေခံအသုံးချဘာသာရပ်များကို နည်းပြ/သရုပ်ပြအနေဖြင့် လက်တွေ့လေ့ကျင့်သင်ကြားပေးနိုင်ရမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းနည်းပြများအတွက် နေစရိတ်၊ စားစရိတ်များ စီစဉ်ပေးမည်ဖြစ်ပြီး သင်တန်းကာလ လေးလအတွက် တစ်ဦးလျှင် ငွေကျပ် ၆၅၀၀၀၀ ကို ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်းနှင့် Project ကာလအတွင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ပါက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ထောက်ခံစာ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ စေတနာ့ဝန်ထမ်း သင်တန်းနည်းပြအလုပ်အတွက် စိတ်ပါဝင်စားသူများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်း ဖုန်း-၀၁-၆၅၂၂၇၆ သို့ ဆက်သွယ်၍လည်းကောင်း၊ အီးမေးလ်လိပ်စာ yrcpaoffice@gmail.com သို့လည်းကောင်း ဖေဖော်ဝါရီ ၁ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက သတင်းထုတ်ပြန်ထားသည်။

သူရဖြိုး

အသက်မွေးဝမ်းကျောင်းနှင့် အွန်လိုင်းပညာရေးဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပသွားမည်

ရန်ကုန် ဇန်နဝါရီ ၂၇
တယ်လီနောမြန်မာ၏ အစီအစဉ်တစ်ခုဖြစ်သော လစဉ် Net Monday ဆွေးနွေးပွဲများကို နိုင်ငံတစ်ဝန်းရှိ အစိုးရနှင့် ပုဂ္ဂလိက တက္ကသိုလ်များနှင့် ပူးပေါင်းကာ ၂၀၁၇ ခုနှစ်တစ်လျှောက်လုံး ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် တစ်နှစ်အတွင်းပြုလုပ်မည့် အဆိုပါ Net Monday ဆွေးနွေးပွဲများတွင် ပညာရေး၊ အသက်မွေးဝမ်းကျောင်း၊ ဂိမ်းကစားခြင်း၊ လူမှုဆက်ဆံရေး၊ မိုဘိုင်းဘဏ္ဍာရေး ဝန်ဆောင်မှုများနှင့် ဘေးကင်းသည့် အင်တာနက်အသုံးပြုမှု စသည့် အင်တာနက်နှင့် ဒစ်ဂျစ်တယ်လောကဆိုင်ရာ အကြောင်းအရာများ ပါဝင်မည်ဖြစ်ရာ လူငယ်လူရွယ်များနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၅၀၀၀ ကျော်ကို အကျိုးရှိစေမည်ဖြစ်ကြောင်း သိရသည်။

Net Monday ဆွေးနွေးပွဲများသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ဒစ်ဂျစ်တယ်နှင့် အွန်လိုင်းလူထုအသိုင်းအဝိုင်းနှင့် သက်ဆိုင်သော အကြောင်းအရာများကို ဆွေးနွေးနိုင်ရန် ရည်ရွယ်ပြီး တယ်လီနောမြန်မာက စီစဉ်၍ လစဉ်ကျင်းပနေသော အစီအစဉ်တစ်ခုဖြစ်ကာ ဆွေးနွေးပွဲများတွင် အင်တာနက်နှင့်ပတ်သက်သော အကြောင်းအရာများကို နိုင်ငံတကာနှင့် ပြည်တွင်းမှ ကျွမ်းကျင်ပညာရှင်များနှင့် ဖိတ်ကြားထားသော မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ် လူထုအသိုင်းအဝိုင်းတို့ တွေ့ဆုံဆွေးနွေးခြင်း ဖြစ်သည်။ ပါဝင်ဆွေးနွေးကြသူများတွင် ပရိုဂရမ်မာများ၊ ဝက်ဘ်ဒီဇိုင်နာများ၊ ဘလော့ဂါများ၊ နည်းပညာ ကျွမ်းကျင်သူများနှင့် ပြည်တွင်း ပြည်ပရှိ နည်းပညာကုမ္ပဏီများမှ တာဝန်ရှိသူများ ပါဝင်ပြီး ယခုအချိန်အထိ ၃၁ ကြိမ် ကျင်းပခဲ့ပြီးဖြစ်ကာ လူဦးရေ ၆၀၀၀၀ ကျော်ကို အသိပညာပေးနိုင်ခဲ့ကြောင်း သိရသည်။

တယ်လီနော၏ ၃၁ ကြိမ်မြောက် Net Monday အစီအစဉ်ကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ပြည်နည်းပညာတက္ကသိုလ်တွင် ဇန်နဝါရီ ၂၃ ရက်က ပြုလုပ်ခဲ့ပြီး အွန်လိုင်းငွေပေးချေမှု ဝန်ဆောင်ရေးလုပ်ငန်း 2C2P၊ Café International၊ COMQUAS နှင့် တယ်လီနောမှ နည်းပညာကျွမ်းကျင်သူများက ပြည်နည်းပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူပေါင်း ၄၀၀ ခန့်နှင့် တွေ့ဆုံကာ လူငယ်များအနေဖြင့် အင်တာနက်ကို ကောင်းမွန်ပြည့်ဝစွာ အသုံးပြုခြင်းဖြင့် အသက်မွေးဝမ်းကျောင်းမှုတွင် အကျိုးဖြစ်ထွန်းစေမည့် အခွင့်အလမ်းများအား ရှာဖွေနိုင်စေရေးကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

သူရဖြိုး

အူရီဒူး၏ ရွှေအိပ်မက်ကံစမ်းမဲအစီအစဉ် ဆုများချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၇
အူရီဒူးမြန်မာမှ ၂၀၁၆ စက်တင်ဘာ ၂၉ ရက်မှ ၂၀၁၇ ဇန်နဝါရီ ၁၃ ရက်အထိ ကျင်းပခဲ့သည့် ရွှေအိပ်မက်ကံစမ်းမဲအစီအစဉ်၏ အထူးဆုကြီးနှင့် အူရီဒူးတစ်သက်စာသုံးစွဲခွင့်ဆု အပါအဝင် နေ့စဉ်၊ အပတ်စဉ် ဆုရရှိသော ကံထူးရှင်များအား ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့ မြန်မာပလာဇာဒုတိယထပ်ရှိ အူရီဒူးအရောင်းဆိုင်၌ ဇန်နဝါရီ တတိယပတ်အတွင်းက ကျင်းပခဲ့သည်။

ဆုချီးမြှင့်ပွဲတွင် အထူးဆုကြီး ကျပ်သိန်း ၂၅၀ ကို ရရှိသူ တောင်ဥက္ကလာပမြို့နယ်မှ ကိုမောင်ဝင်းနှင့် တစ်သက်စာ အူရီဒူးသုံးစွဲခွင့်ဆုကို ရရှိသူ မင်္ဂလာဒုံမြို့နယ်မှ ဦးစိုးဝင်းတို့အား ဆုများချီးမြှင့်ခဲ့ကာ ရက်သတ္တ တစ်ပတ်စီအတွက် ကံထူးရှင်ငါးဦးအား 4G ဟန်းဆက်များကိုလည်းကောင်း၊ နေ့စဉ်ဆုများမှ ကံထူးရှင်ငါးဦးအား ငွေကျပ် ၂၅၀၀၀၀ ဆုများကိုလည်းကောင်း ချီးမြှင့်ခဲ့သည်။ အဆိုပါ ကံစမ်းမဲအစီအစဉ်တွင် အခြားဆုများအဖြစ် ငွေဖြည့်ကတ်နှင့် အင်တာနက်အခမဲ့သုံးခွင့်ဆုများ စုစုပေါင်း တန်ဖိုးကျပ်သိန်း ၂၀၀၀ ကျော်ကို ကံထူးသူပေါင်း ၂၇၀၀ ကျော်ရှိကြောင်း သိရသည်။

အူရီဒူးသုံးစွဲသူများအနေဖြင့် ပုံမှန်အင်တာနက်အသုံးပြုခြင်းဖြင့် အဆိုပါ ကံစမ်းမဲအစီအစဉ်တွင် အခမဲ့ပါဝင်ခွင့် ရရှိခဲ့ခြင်းဖြစ်ကြောင်းနှင့် ဆုရွေးချယ်မှုအစီအစဉ်ကို မြန်မာနိုင်ငံရှိ လွတ်လပ်သော ထိပ်တန်းစာရင်းစစ်အဖွဲ့ဖြစ်သည့် Win Thin & Associates က ကြီးကြပ်စိစစ်ခဲ့ကြောင်း သိရသည်။

သူရဖြိုး

telenor

Telenor Myanmar Recruitment Day 2017

building TALENTED MILLENNIAL workforce

Venue : Telenor House, Aurora Tower, (No.40, Sattmu-1 road, Bahan Township)
Date : 29th January 2017 (SUN)
Time : 09:00AM to 05:00PM

explore THE VACANCIES AND APPLY IN ADVANCE AT
www.telenor.com.mm/joblist/career/150
(Shortlisted candidates will be contacted)
Walk-ins are welcome. Please bring your updated resume/CV along.

ဖခင်အမည်မှန်

မင်းဘူးမြို့၊ အထက(၁) နဝမတန်း(A)မှ မဟန်နီဇော်၏ ဖခင်အမည်မှန်မှာ ဦးမောင်ဇော် ၈/မဘန(နိုင်)၀၆၀၀၃၅ ဖြစ်ပါကြောင်း။ **ဦးမောင်ဇော်**

အမည်ပြောင်း

မကွေးမြို့၊ အလက(ရဲကျောင်း)၊ သတ္တမတန်း(A)မှ (ဘ) ဦးဝင်းမောင် ၁၁/သတန(နိုင်)၀၀၂၅၂၁ ၏သမီး မမေသကြိန် အား မမေသကြိန်စိုးဟု ပြောင်းလဲခေါ်ပါရန်။ **မမေသကြိန်စိုး**

တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ အထက(၄)၊ ဆဋ္ဌမတန်း(ဂ)တွင် ပညာသင်ကြားနေသော ကျောင်းဝင်အမှတ် (၂၃၉၇/၁၀) မမေရီဦး၏ မိခင်အမည် ဒေါ်အေးနပ် နှင့်ဒေါ်သန်းသန်းခိုင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ကွမ်းလုံမြို့နယ်၊ အထက(ကွမ်းလုံ)၊ ဆဋ္ဌမတန်း(က)မှ မနန်းဟွမ်ခမ်း ၁၃/ကလတ(နိုင်)၀၄၂၆၀၁၏ ဖခင်အမည်မှန်မှာ ဦးစိုင်းသန်းညွန့် ၁၃/ကလတ(နိုင်)၀၂၂၅၂၁ဖြစ်ပါကြောင်း။

အမည်ပြောင်း

စစ်တွေမြို့၊ ပြည်တော်သာတိုက်သစ်၊ တိုက်အမှတ်(၁)၊အခန်း(၃)နေ (ဦးထွန်းဝင်း)-ဒေါ်နှင်းအေးကြည် တို့၏သမီး မနှင်းအိရွှေစင် ၁၁/စတန(နိုင်)၀၈၆၇၉၅ အားယနေ့မှစ၍ မမြပန်းပွင့်ဖြူဟု ပြောင်းလဲခေါ်ပါရန်။ **မမြပန်းပွင့်ဖြူ**

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၉ ဘီ၊ မြေကွက်အမှတ်- ၅၀ A/၁၄၊ ဧရိယာ- ၀. ၅၄၉ ဧက ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ် (၃၃) ဟုခေါ်တွင်သော ဂရန်ရှိမြေပိုင်မြေကွက်အနက်မှ တရားဝင်တိုင်းတာခွဲစိတ်ရခြင်းမရှိသေးသည့် အနောက်ဘက်ခြမ်း ဧရိယာ- အလျား ၇၁ ပေ x အနံ ၁၁၇ ပေ ခန့် ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရေ၊ မီး အစုံ (၆) ထပ် + Pent House ဟိုတယ်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်သည့် ဒေါ်အမရာဆွေတင် (၁၂/ဒဂန (နိုင်) ၀၃၁၁၁၀) နှင့် ဒေါ်အိမ်ခြွေမဒီဆွေတင် (၁၂/ဒဂန (နိုင်) ၀၃၂၇၀၃) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့် ဟိုတယ်အဆောက်အအုံ အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထား၊ မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
သင်းကြူစိုး (LL.B., LL.M.)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
အမှတ်- ၅၅၊ အခန်း- ၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၃၁-၃၅၀၀၁။

ပြည်တွင်းရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်း ဒုတိယအကြိမ်သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားခြင်း

ပြည်တွင်းရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်းကြီး၏ ဒုတိယအကြိမ် သင်းလုံးကျွတ်အစည်းအဝေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းဝင်ရေယာဉ်ပိုင်ရှင်များနှင့် အသင်းဝင်မဟုတ်သေးသော ရေယာဉ်ပိုင်ရှင်များအားလုံး တက်ရောက်နိုင်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ /အချိန် – ၄.၂.၂၀၁၇(စနေနေ့)၊ နံနက်(၉:၃၀)နာရီ။
ကျင်းပမည့်နေရာ – My Garden Food Centre
အလုံလမ်း ၊ ရန်ကုန်။

အလုပ်အမှုဆောင်အဖွဲ့
ဖုန်း– ၀၉ ၂၅၀၅၃၆၅၄၂

အလှူရှင်များနှိုးဆော်ခြင်း

သာယာဝတီမြို့ သာသနာစခဲ့သော နှစ်ပေါင်း ၁၃၈နှစ်ရှိ မင်းကျောင်း ပရိယတ္တိစာသင်တိုက်ကြီးအတွင်း၌ ဒေါက်တာဉာဏိဿရ M.A(India)ဓမ္မာစရိယ Ph.D(USA)Ph.D(India) Ph.D(UK)Ph.D(India)အတွင်းရေးမှူးတိုင်း ဘ/ကပညာကြီးကြပ်ရေးအဖွဲ့၊ မြို့နယ် ဘ/က ဥက္ကဋ္ဌ မြို့နယ်ဝိနည်းဓိုရ်အရှင်သူမြတ်မှ ဦးစီးတည်ဆောက်လျက်ရှိသော အလျားပေ ၂၇၀၊ အနံ ပေ၅၀၊ အပြည်ပြည်ဆိုင်ရာ သာသနာပြုတက္ကသိုလ် သုံးထပ်ဆောင် ဆောက်လုပ်နေပါပြီ။ အလှူရှင်များအနေဖြင့် အောက်ပါအတိုင်း လှူဒါန်းနိုင်ရန်စီစဉ်ထားပါသည်။

RC တိုင်တစ်တိုင် ၄သိန်း၄ါးသောင်း
သံဃာနေ ၃၀×၄၅(သိန်း ၄၀)အလူမီနီယံတံခါးတစ်ပေါက် ၄သိန်း
စာသင်ခန်း ၃၀×၃၀(သိန်း ၃၀)တံခါးမကြီးတစ်ပေါက် ၇သိန်း ၃သောင်း
ကွန်ပျူတာခန်း ၃၀×၃၀ (သိန်း ၃၀)လှေကားတစ်စင်း သိန်း ၂၀
စာသင်သားခန်း ၃၀×၆၀ (သိန်း ၅၀)ကျား/မအိမ်သာ ၁၅သိန်း
ဆွမ်းစားခန်း ၃၀×၆၀(သိန်း ၅၀)အုတ်အခဲ(၁၀၀၀)၆၀၀၀ဝိ/
စာကြည့်တိုက် ၃၀×၆၀(သိန်း ၅၀)၆ မူးလုံးတစ်တန် ၄၅၀၀၀ဝိ/
စာချခန်းဆရာတော် ၁၅×၁၅(၁၅သိန်း)ကျောက်တစ်ကျင်း ၇၀၀၀ဝိ/
ကျောင်းအုပ်ခန်း ၁၅×၃၀(သိန်း ၂၀) သဲတစ်ကျင်းခွဲ ၃၀၀၀ဝိ/
အထူးပုဂ္ဂိုလ်ခန်း ၁၅×၃၀(သိန်း ၂၀)ဘိလပ်တစ်အိတ် ၅၅၀ဝိ/
ဧည့်ကြို ၁၅×၃၀(သိန်း ၂၀)
ဘွဲ့နှင်းသဘင်ခန်းမ၃၀×၁၃၅(သိန်း ၁၀၀)

အစည်းအဝေးခန်းမ ၃၀×၄၅(သိန်း ၄၀)ကမွည်းထိုးလှူဒါန်းနိုင်ပါသည်။

လှူဒါန်းလိုပါက-

ဖုန်း-၀၉-၅၃၆၀၄၃၆(ကျောင်းအုပ်)
ဖုန်း-၀၉-၄၂၁၆၈၀၇၆၉(ပြန်ကြားရေးဌာန)
ဖုန်း-၀၉-၃၁၆၅၁၉၁၂(ပရဟိတပညာရေးရုံးခန်း)

မင်းကျောင်းလူငယ်သင်တန်းကျောင်းနှင့် ဘ/က ပညာရေးကျောင်း မင်းကျောင်းပရဟိတ ပရိယတ္တိ ပဋိပတ္တိဘက်စုံသာသနာပြုကျောင်းတိုက်
သာယာဝတီမြို့၊ ပဲခူးတိုင်းဒေသကြီး

အများသိစေရန် အသိပေးကြေညာချက်

ကျွန်တော်တို့ပိုင်ဆိုင်သည့် စက်လှေ၊ မှတ်ပုံတင်အမှတ် ON-4481၊ စက်အမျိုးအစား နံပါတ်နှင့် မြင်းကောင်ရေ HINO EK 100, No-86179 (300)BHP၊ HINO EK 100, No-90114 (300)BHP နှင့် HINO EK 100, No-72403 (300)BHP ရှိ အောင်ပြည့်မိုး အမည်ရှိသော စက်လှေအား ကျွန်တော်တို့မှ ဦးအာလင်း ၁၃/သပန(နိုင်)၀၃၇၉၈၀သို့ လွှန်ခဲ့သည့် ၂၄-၁-၂၀၁၇ ရက်က လွှဲပြောင်းရောင်းချထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍အဆိုပါ စက်လှေသည် ကျွန်တော်တို့နှင့်ပိုင်ဆိုင်ပတ်သက်ခြင်း လုံးဝမရှိတော့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးကြုံကြည်
၆/မအရ(နိုင်)၀၈၇၂၁၆
အမှတ်-၄၆၊ ဗိုလ်ချုပ်လမ်း၊
တလိုင်းစုရပ်၊ မြိတ်မြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/1358 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8J/3907 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ထွန်း ၉/တသန(နိုင်)၀၀၃၇၀၆ က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ဃ/၁၂၃၄၆ ယာဉ်လက်ဝယ်ရှိသူ ဦးရဲလင်းမောင် ၉/မခန(နိုင်)၁၆၂၉၅၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5E/5455 Toyota Crown GR S182 S/L(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်မြတ်စိုး ၁၂/မဂတ(နိုင်)၀၁၄၄၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ရန်ကုန်မြို့

ကိုင်းကုန်းနိကာယအဖွဲ့ စုံညီအစည်းအဝေးပင့်လျှောက်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၌ (၈၆)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် **ကိုင်းကုန်းနိကာယအဖွဲ့** ဖွဲ့စည်းတည်ထောင်ကာ မိခင်တိုက်တာကြီးကို **တစ်သက်တာပြန်လည်ကျေးဇူးဆပ်ကြမည်**ဖြစ်ပါ၍ ကိုင်းကုန်းပါဠိတက္ကသိုလ်မှ ပညာရည်နို့သောက်စို့ပြီး မိမိမွေးရပ်မြေနှင့် မြန်မာပြည်တစ်နံတစ်လျား၊ ပြည်ပနိုင်ငံများသို့ပါ ထွက်ခွာလျက် သာသနာပြုတော်မူနေကြသည့် ကိုင်းကုန်းနွယ်ဖွား ညီတော်၊ နောင်တော်၊ ဆရာတော်၊ သံဃာတော်အရှင်မြတ်များသည် ၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၁၀ရက်၊ ၆-၂-၂၀၁၇ရက် (တနင်္လာနေ့) ညဥ့်ကိန်းစက်မှီ ခရမ်းမြို့ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးသို့ ကိုယ်တော်တိုင် မပျက်မကွက်ကြွရောက်တော်မူပါရန်နှင့် သိလိုသောအချက်အလက်များရှိပါက အောက်ပါဆရာတော်များထံ ဆက်သွယ်မေးမြန်းတော်မူပါရန် ရိုသေစွာခြေတော်ဦးခိုက်ပင့်လျှောက် လျှောက်ထားအပ်ပါသည်ဘုရား။

၁။ ဘဒ္ဒန္တ အာစိဏ္ဏ၊ အောင်မော်စံစာသင်တိုက်၊ ရွှေခင်းသာ၊ သာကေတ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၅၁၃၁၃၀၃၃၊ ၀၉-၇၈၀၀၂၀၇၈၈၊ ၀၉-၈၆၄၅၈၀၈
၂။ ဘဒ္ဒန္တပညာဝရ၊ ဓမ္မအောင်မြေကျောင်း၊ ပဲခူးမြို့၊ ဖုန်း-၀၉-၄၃၀၅၄၃၀၆
၃။ ဘဒ္ဒန္တ ဒေဝိန္ဒ၊ မင်္ဂလာသာစည်ကျောင်း၊ သက္ကလ၊ ကဝမြို့နယ်၊ ဖုန်း-၀၉-၇၉၂၅၂၃၉၆၉၊ ၀၉-၄၉၄၅၂၉၆၀
၄။ ဘဒ္ဒန္တ ပညာဇောတ၊ ရဲမွန်ဘုရားကျောင်း၊ ခရမ်းမြို့၊ ဖုန်း-၀၉-၂၆၂၅၂၀၆၁၄
၅။ ဒေါက်တာဘဒ္ဒန္တဝံသပါလ (စာချ) သီရိမင်္ဂလာကျောင်း၊ ကိုင်းကုန်းတိုက်၊ ခရမ်းမြို့၊ ဖုန်း-၀၉-၇၉၆၆၄၆၃၄၅

ကိုင်းကုန်းနိကာယဖြစ်မြောက်ရေးအဖွဲ့၊ ခရမ်းမြို့

ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာခြင်း

ဇန်းမော်မြို့၊ ခွန်သာရပ်၊ အကွက်အမှတ်(၃၇၊ ခွန်သာ)၊ ဦးပိုင်အမှတ်(၁၅၈)၊ ဧရိယာ ၀ဒသမ၀၅၆ဧကရှိ ဒေါ်လှခင် အမည်ပေါက် မြို့မြေငှားလိုင်စင်အမှုတွဲအမှတ် ၂၂၈/၄၁း(၆၂-၆၃) အား သမီးဖြစ်သူ ဒေါ်ခင်ဌေး(ကွယ်လွန်)နှင့် ၄င်း၏ခင်ပွန်းဖြစ်သူ ဦးချစ်လှိုင် ၁/ဗမန(နိုင်)၁၁၅၅၃၆တို့ နှစ်ဦးပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာချက်ကို ကန့်ကွက်သူများရှိပါက ခိုင်လုံသော အထောက်အထားဖြင့် ကြေညာသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း မြွက်ဟကြေညာအပ်ပါသည်။

ဦးချစ်လှိုင်
၁/ဗမန(နိုင်)၁၁၅၅၃၆
ခွန်သာရပ်၊ ဇန်းမော်မြို့

"အမှားပြင်ဆင်ဖတ်ရှုပါရန်"

၁၉-၁၂-၂၀၁၆ နေ့ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာ စာမျက်နှာ (၉) ကော်လံ(၅)ပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာနှင့်ပတ်သက်၍ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂ အိုင်၊ (ပဌမတန်းစား)၊ မြေကွက်အမှတ်- ၈၄ ၊ မြေကွက်တည်နေရာအမှတ်- ၄၆၊ ဓမ္မာရုံလမ်း၊ ကန့်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့်ပတ်သက်၍ ဦးမြသန်း၁၂/မဂတ(နိုင်)၀၂၁၈၅၁မှ ပိုင်ဆိုင်ကြောင်းနှင့် အငိုင်ပေးမြေပုံကူး လျှောက်ထားတော၍ "(သက်ကုန်ဂရန်ဖြစ်၍ အငိုင်ပေးလျှောက်ခွင့်မရှိ) ပိုင်ဆိုင်ကြောင်းသာမြေပုံကူးခွင့်" တင်ပြလာမှု အား ဟူ၍ ပြည့်စွက်ပြင်ဆင် ဖတ်ရှုပါရန် အသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ်(၁၇၃၉)၊ ဧရိယာ ၀ ဒသမ ၀၉၆ဧကရှိ ဒေါ်ကွေမေအမည်ပေါက် မြေဂရန်အမှုတွဲအမှတ် ၆၂၄-၅/၂၀၀၁-၂၀၀၂(A)အား ၈-၃-၂၀၁၆ရက် အရောင်းအဝယ်စာချုပ်အမှတ် ၁၅၈I/၂၀၁၆ဖြင့် ကျွန်တော် ဦးတင်ဝင်း(ခ)မာမက်စလင်းမှ တရားဝင်လွှဲပြောင်း ပိုင်ဆိုင်ပြီး၍ အမည်ပြောင်းထပ်မံအသစ် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ရက်(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးတင်ဝင်း(ခ)မာမက်စလင်း
၁၃/လရန(နိုင်)၀၈၅၀၈၇

FrieslandCampina

နိုင်ငံတကာစံချိန်မီအရည်အသွေးမြင့် နို့ထွက်ပစ္စည်းများကို မြန်မာနိုင်ငံသို့ ဆောင်ကြဉ်းလာမည်ဖြစ်ကြောင်းကတိပြုပါသည်။

နယ်သာလန်နိုင်ငံအခြေစိုက် Royal FrieslandCampina ကုမ္ပဏီသည် ကမ္ဘာ့အကြီးမားဆုံးသော နို့ထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းစုကုမ္ပဏီကြီးတစ်ခု ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် နှစ်ပေါင်း ၁၄၀ တိုင်ပြီဖြစ်သည့် နို့ထွက်ပစ္စည်းဆိုင်ရာ ကျွမ်းကျင်အတွေ့အကြုံများနှင့်အတူ အရည်အသွေးမြင့်ဥရောပစံချိန်မီ နို့ထွက်ပစ္စည်းများကို တစ်ကမ္ဘာလုံးရှိ သန်းပေါင်းများစွာသော စားသုံးသူများအတွက် ထုတ်လုပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ထင်ရှားလူကြိုက်များသည့် ကျွန်ုပ်တို့၏ ကုန်ပစ္စည်းအမှတ်တံဆိပ်များထဲတွင် MYBOY၊ FALCON၊ DUTCH LADY၊ FOREMOST နှင့် YOMOSTတို့ ပါဝင်ပါသည်။

မြန်မာနိုင်ငံ၌ ၂၀၁၆ ခုနှစ်၊ ဖွန်လမှစတင်ပြီး ကျွန်ုပ်တို့သည် ယခင်ဖြန့်ချိရေးအစီအစဉ်ကို အပြောင်းအလဲလုပ်လိုက်ပြီဖြစ်ပြီး အောက်ပါဖြန့်ချိရေးကိုယ်စားလှယ်ကုမ္ပဏီ၁၂ ခုကို မြို့နယ်ဒေသအသီးသီးတွင် ခန့်အပ်လိုက်ပါသည်။

မြို့နယ်ဒေသ	ဖြန့်ချိရေးကိုယ်စားလှယ်အမည်	လိပ်စာ	ဖုန်းနံပါတ်
ရန်ကုန်မြို့	New Strength ကုမ္ပဏီလီမိတက်	အမှတ် ၆၈ (၁၄၃/၁) ရပ်ကွက်၊ မြဝတီမင်းကြီးလမ်း၊ ကျုန်စစ်သားရိပ်မွန်ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။	၀၉ ၄၂၁၁၀၂၀၆၈
	TMM Distribution ကုမ္ပဏီလီမိတက်	အမှတ် R ၃၉၊ ကံ့ကော်၅ လမ်း၊ မြကန်သာအိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။	၀၉ ၉၆၂၀၁၁၈၀၈ ၀၉ ၄၂၀၀၈၂၀၈၁
	Future Glow ကုမ္ပဏီလီမိတက်	အမှတ် 91/C ၊ ပင်ရွှေညောင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။	၀၉ ၄၂၁၁၂၄၃၇၆
မန္တလေးမြို့	UMT Distribution Group ကုမ္ပဏီလီမိတက်	အမှတ် (၁၄)၊ ၃၈ လမ်း၊ ၇၈ - ၇၉ လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။	၀၂ ၆၅၆၇၇
	New Strength ကုမ္ပဏီလီမိတက်	အမှတ် (၅၃၊၂)၊ မြနန်းဆီလမ်း၊ ၁၄ - ၁၅ လမ်းကြား၊ ၈၇ - ၈၈ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။	၀၂ ၃၄၃၃၁၊ ၀၂ ၆၄၆၆၉
မုံရွာမြို့	Shwe Pyae San Distribution	ဗိုလ်ချုပ်လမ်း၊ မုံရွာတောင်ရပ်ကွက်။	၀၉ ၂၁၃၀၅၂၃
မကွေးမြို့	ShweYaung Myay Minbuကုမ္ပဏီလီမိတက်	အမှတ် (၉)၊ ဈေးလမ်း၊ အမှတ် ၃ ရပ်ကွက်၊ မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။	၀၉ ၅၀၁၆၀၉၁၊ ၀၉ ၇၉၀၁၆၇၆၇၇
မြစ်ကြီးနားမြို့	Phyo Distribution	အမှတ် (၁၂၅)၊ အောင်နန်းရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်။	၀၉ ၂၄၀၀၂၃၉၊ ၀၇ ၄၂၀၆၇
မိုးကောင်းမြို့	Ever Smile Distribution, ဦးအေးဆွေ	အမှတ် ၁၅၀၊ မြို့မ(တောင်ပိုင်း)ရပ်ကွက်၊ ဟိုပင်၊ မိုးကောင်းမြို့နယ်။	၀၉၉၇၃၇၅၆၂၆၂ ၀၉၂၅၆၃၅၄၇၃၂
နေပြည်တော်မြို့	Top Star Distribution	အမှတ် ၈၊၁၉၊ ဗိုလ်တောက်ထိန်လမ်း၊ ပျဉ်းမနားမြို့နယ်။	၀၉ ၇၉၅၉၉၉၉၀၀
တောင်ကြီးမြို့	AML Distributionကုမ္ပဏီလီမိတက်	အမှတ် က၊၂၄၁၊ အနောက်မြို့ပတ်လမ်း၊ ချမ်းမြသာစည်ရပ်ကွက်၊ တောင်ကြီးမြို့နယ်။	၀၈၁ ၂၁၂၁၈၉၁
မော်လမြိုင်မြို့	Sky Holding ကုမ္ပဏီလီမိတက်	အမှတ် ၂၇၊ နီလာလမ်း၊ ဈေးချိုပွဲရုံတန်း၊ မော်လမြိုင်မြို့နယ်။	

ကျွန်ုပ်တို့၏ ဖြန့်ချိရေးကိုယ်စားလှယ်သစ်များနှင့် အတူလက်တွဲပြီး ကျွန်ုပ်တို့သည် FrieslandCampina မှ အရည်အသွေးမြင့် နို့ထွက်ပစ္စည်းများကို မှန်ကန်သောဈေးနှုန်းနှင့် အမြဲပုံမှန်ဖြန့်ချိသွားမည်ဟု ရည်ရွယ်မျှော်မှန်းထားပါသည်။

ပိုမိုသိရှိလိုပါက သက်ဆိုင်ရာ ဖြန့်ချိရေးကိုယ်စားလှယ်သို့ ဆက်သွယ်၍ လည်းကောင်း၊ ဖုန်းနံပါတ် ၀၁ - ၂၃၀ ၅၃၇၄ သို့မဟုတ် ၀၁ - ၂၃၀ ၅၃၇၅ (extension နံပါတ် ၁၄၃)သို့ ဆက်သွယ်၍ လည်းကောင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ ရန်ကုန်ပုံနှိပ်စက်ရုံများ၊ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)နှင့် နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)တို့မှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၂၄-၁-၂၀၁၇ ရက်မှ ၁-၂-၂၀၁၇ ရက်ထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၀၀နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့် အချိန်မှာ ၁-၂-၂၀၁၇ ရက် ညနေ ၄း၀၀ နာရီ ဖြစ်ပါသည်။

၃။ သတ်မှတ်ချိန်ထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀၈၊ ၀၆၇-၄၁၂၂၀၈ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ဖြည့်စွက်ကြော်ငြာခြင်း

၁။ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀-၁-၂၀၁၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ဝန်ထမ်းခေါ်ယူရေးအတွက် ကြော်ငြာခဲ့သော အပိုဒ်(၁)။ အပိုဒ်ခွဲ(က)ပါ ယာဉ်မောင်း စက်ပြင်(၄)ရာထူးနေရာများ ရွေးချယ်ခန့်ထားရာ၌ ၄င်းရာထူးနေရာများကို ကျောထောက်နောက်ခံပြု၍ အလုပ်သင်အဖြစ် ဦးစွာခန့်ထားမည်ဖြစ်ပါသည်။

၂။ အလုပ်သင်ဝန်ထမ်းရာထူးတွင် လုပ်ငန်းဆောင်ရွက်မှုအား ကျေနပ်မှုရှိပါက ကျောထောက်နောက်ခံပြုထားသည့် ရာထူးကို ဆက်လက်ခန့်ထားမည်ဖြစ်ကြောင်း ဖြည့်စွက်ကြော်ငြာအပ်ပါသည်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း
အမှတ်(၁၄) အကြီးစားစက်ရုံ(သာဂရ)နှင့် စပ်လျဉ်း၍
လုပ်ငန်းများရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် စိတ်ဝင်စားသူများအား
Expression of Interest (EoI) ဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၁၄) အကြီးစားစက်ရုံ(သာဂရ) (ဘက်စုံသုံးဒီဇယ်အင်ဂျင်အမျိုးမျိုးထုတ်လုပ်ရန်)တွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စိတ်ပါဝင်စားသည့် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများကို ဖိတ်ခေါ်ပါသည်။

စိတ်ပါဝင်စားသည့် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများသည် ဆောင်ရွက်လိုသည့် အစီအစဉ်ကဏ္ဍများအား တင်ပြထားသည့် အဆိုပြုလွှာမူကြမ်းကို စီမံရေးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ လိပ်မူ၍ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၃း၀၀ နာရီ (မြန်မာစံတော်ချိန်)အရောက် ပေးပို့ရမည်ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသည့် အဖွဲ့အစည်းများသည် စိတ်ဝင်စားမှုဖော်ပြခြင်း အဆိုပြုလွှာပုံစံ၊ လမ်းညွှန်ချက်များနှင့် အခြားသက်ဆိုင်ရာ စာရွက်စာတမ်းများကို ကုမ္ပဏီဆိုင်ရာအထောက်အထားများ ယူဆောင်ပြသလျက် အထက်ပါလိပ်စာတွင် ၁-၂-၂၀၁၇ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။

ကုမ္ပဏီဆိုင်ရာ အထောက်အထား

- သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်
- ကုမ္ပဏီသင်းဖွဲ့ စည်းမျဉ်း/စည်းကမ်း
- နည်းပညာပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီ (ပြည်တွင်းကုမ္ပဏီဖြစ်ခဲ့လျှင်)

အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်ဖုန်း-၀၆၇-၄၀၅၁၅၉၊၀၆၇-၄၀၅၃၂၂

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား)၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့(ဖြည့်စွက်)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တပ်ကုန်းမြို့၊ ပျံကျဈေးရှေ့ကွန်ကရစ်ခင်းခြင်း (၄၈၀၄၅ စ/ပေ×၈"ထု)၊ ကပ်တုံးပြုလုပ်ခြင်း (၁၁၆၉')၊ ကျောက်စီရေမြောင်းပြုလုပ်ခြင်း (၁၄၃၇'×၁'၆"×၂')၊ Culvert (၂) စင်းပြုလုပ်ခြင်း (၂'×၁'၆" ×၂'×၃၀')သုံးပွင့်ဆိုင်လမ်းမီးတိုင် (၃)တိုင်စိုက်ထူခြင်း လုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီဆောင်ရွက်နိုင်မည့် ကုမ္ပဏီများသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံထုတ်ပေးမည့်ရက် - ၂၆-၁-၂၀၁၇ ရက်
တင်ဒါပိတ်မည့်ရက် - ၈-၂-၂၀၁၇ ရက် ၁၆း၀၀နာရီ
တင်ဒါပေးသွင်းရမည့်နေရာ - အင်ဂျင်နီယာဌာန (လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်-

အင်ဂျင်နီယာဌာန (လမ်း/တံတား)
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၆၇-၄၃၂၀၃၇

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား)၏ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(ဖြည့်စွက်)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီဆောင်ရွက်နိုင်မည့် ကုမ္ပဏီများသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ် လုပ်ငန်းအမည်

(က) ပုဗ္ဗသီရိမြို့နယ်၊ ဝဏ္ဏဒီပ၊ သုခဒီပနှင့် ရတနာဒီပ ရပ်ကွက်များတွင်
- ၁၂' အကျယ် ကွန်ကရစ်လမ်းခင်းခြင်း(၂ဒသမ၃ မိုင်×၁၂'×၈")
- Box Culvert (၄)စင်း တည်ဆောက်ခြင်း(၃'×၃'×၃၆')
- Pipe Culvert(၄)စင်း တည်ဆောက်ခြင်း (၂'အချင်း×၃၂' အရှည်)

(ခ) ပုဗ္ဗသီရိမြို့နယ်၊ နဝဒေး၊ တပင်ရွှေထီး ရပ်ကွက်များတွင်
- ၁၈' အကျယ် ကွန်ကရစ်လမ်းခင်းခြင်း(၁ဒသမ၃၁ မိုင်×၁၈'×၈")
- Box Culvert (၄)စင်း တည်ဆောက်ခြင်း(၃'×၃'×၃၆')
- Pipe Culvert(၇)စင်း တည်ဆောက်ခြင်း (၂'အချင်း×၃၂' အရှည်)

(ဂ) နေပြည်တော်-တပ်ကုန်းအမှတ်(၃)ကွန်ကရစ်လမ်းသားပျက်စီးမှုအား ကျောက်ကတ္တရာဖြင့်ထပ်ပိုးလွှာခင်းပြုပြင်ခြင်း (၂၅၀၈၀'×၁၈'×၉")(၀/၀မိုင်မှ၄/၆ မိုင်ကြား)

(ဃ) နေပြည်တော်-တပ်ကုန်းအမှတ်(၃)ကွန်ကရစ်လမ်းသားပျက်စီးမှုအား ကျောက်ကတ္တရာဖြင့်ထပ်ပိုးလွှာခင်းပြုပြင်ခြင်း(၂၅၀၈၀'×၁၈'×၉")(၄/၆မိုင်မှ၉/၄ မိုင်ကြား)

(င) နေပြည်တော်-တပ်ကုန်းအမှတ်(၃)ကွန်ကရစ်လမ်းသားပျက်စီးမှုအား ကျောက်ကတ္တရာဖြင့်ထပ်ပိုးလွှာခင်းပြုပြင်ခြင်း(၂၆၀၁၀'×၁၈'×၉")(၉/၄မိုင်မှ၁၄/၄ မိုင်ကြား)

တင်ဒါပုံစံ ထုတ်ပေးမည့်ရက် - ၂၆-၁-၂၀၁၇ ရက်
တင်ဒါပိတ်မည့်ရက် - ၈-၂-၂၀၁၇ ရက် ၁၆း၀၀နာရီ
တင်ဒါပေးသွင်းရမည့်နေရာ - အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်-

အင်ဂျင်နီယာဌာန(လမ်း/တံတား)
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၆၇-၄၃၂၀၃၇

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

မင်းဓမ္မလမ်းမတန်း MCC ခန်းမအနီး
လက်ရှိလုပ်ငန်းလုပ်ကိုင်လျက်ရှိသော မြေနေရာနှင့်
နှစ်ထပ်တိုက် ရောင်းမည်။
ကြိုးဖုန်း-25KV Denyo မီးစက်ပါသည်။
ဆိတ်ငြိမ်ရပ်ကွက် လုံးချင်း၊ ခြံမြေစသည်နှင့်
အလိုက်ယူလဲမည်။
**ဖုန်း-၀၉-၂၅၀၃၅၉၄၇၃၊ ၀၉-၅၀၅၃၀၈၈၊
၀၉-၂၆၂၉၃၉၉၁၇၊ အကျိုးဆောင်များလည်း
ဆက်သွယ်နိုင်ပါသည်။**

မြေညီတိုက်ခန်း ရောင်းမည်
ကျောက်မြောင်း ဓမ္မစိတ္တလမ်း၊
၁၅'×၆၀'၊ Hall Type ၊
အဆင့်မြင့်ပြင်ဆင်ပြီး၊
ဖုန်း-၀၉-၄၃၀၄၀၃၈၈၊ ၀၉-၄၃၀၃၂၈၂၈

မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်
ညီနောင်အသင်းဖြစ်သော မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၏
အကြိမ်(၂၀)မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး၊
ကြားဖြတ်ရွေးချယ်တင်မြှောက်ပွဲနှင့် သင်တန်းဆင်း/ဖွင့်ပွဲအခမ်းအနားဖိတ်ကြားခြင်း

မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ် ညီနောင်အသင်းဖြစ်သော မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေး၊ ကြားဖြတ်ရွေးချယ်တင်မြှောက်ပွဲ၊ ဗေဒါအချောထည်တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ရေးကျွမ်းကျင်မှု အခြေခံသင်တန်းအမှတ်စဉ်(၂)၊ ကြိမ်ဝါးလက်မှုထည်အခြေခံကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲနှင့် သစ်အခြေခံပရိဘောဂထုတ်လုပ်မှု နည်းပညာသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲအခမ်းအနားအား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်၍ အသင်းဝင်များ မပျက်မကွက်တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၉-၁-၂၀၁၇ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၁၀း၀၀ နာရီမှ ညနေ ၄း၀၀ နာရီ
ကျင်းပမည့်နေရာ - အမှတ် ၆၇၄၊ ၃၆ ရပ်ကွက်၊ ပင်လုံလမ်းမကြီး၊ မြောက်ဒဂုံ သင်တန်းခန်းမ။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
PAWE Part-II စာမေးပွဲကျင်းပမည့်ရက်
ကြေညာချက်

၁။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီသည် P.E. Part II အရည်အချင်းစစ် ရေးဖြေ စာမေးပွဲကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

(က) **B.E ဘွဲ့ရရှိပြီး လုပ်သက် (၁၅) နှစ်နှင့်အထက် နှင့် P.E. Part I အောင်မြင်ပြီးသူများ**

စာမေးပွဲကျင်းပမည့်နေ့ရက် - ၂၅-၃-၂၀၁၇ (စနေနေ့)
စာမေးပွဲကျင်းပမည့်အချိန် - နံနက်ပိုင်း (နံနက် ၀၉း၃၀ မှ ၁၁း၃၀ နာရီ)
မွန်းလွဲပိုင်း (နေ့လည် ၁၃း၃၀ မှ ၁၅း၃၀ နာရီ)
စာမေးပွဲကျင်းပမည့်နေရာ - **မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ၊ ရန်ကုန်မြို့**
စာမေးပွဲကျင်းပမည့်နေ့ရက် - ၂၆-၃-၂၀၁၇ (တနင်္ဂနွေနေ့)
စာမေးပွဲကျင်းပမည့်အချိန် - နံနက်ပိုင်း (နံနက် ၀၉း၃၀ မှ ၁၁း၃၀ နာရီ)
မွန်းလွဲပိုင်း (နေ့လည် ၁၃း၃၀ မှ ၁၅း၃၀ နာရီ)
စာမေးပွဲကျင်းပမည့်နေရာ - **ရန်ကုန်နည်းပညာတက္ကသိုလ် ၊ ကြို့ကုန်း**

မှတ်ချက်- B.E ဘွဲ့ရရှိပြီး လုပ်သက် (၁၅) နှစ်နှင့် အထက် နှင့် P.E Part I အောင်မြင်ပြီးသူများသည် P.E စာမေးပွဲ ဖြေဆိုရန်လျှောက်ထားရာတွင် P.E Part II စာမေးပွဲကို (၈)နာရီ ဖြေဆိုရမည် ဖြစ်ပါသည်။

(ခ) **R.S.E. လက်မှတ်ရရှိပြီး P.E. Part I အောင်မြင်ပြီးသူများ**

စာမေးပွဲကျင်းပမည့်နေ့ရက် - ၂၆-၃-၂၀၁၇ (တနင်္ဂနွေနေ့)
စာမေးပွဲကျင်းပမည့်အချိန် - နံနက်ပိုင်း (နံနက် ၀၉း၃၀ မှ ၁၁း၃၀ နာရီ)
မွန်းလွဲပိုင်း (နေ့လည် ၁၃း၃၀ မှ ၁၅း၃၀ နာရီ)
စာမေးပွဲကျင်းပမည့်နေရာ - **ရန်ကုန်နည်းပညာတက္ကသိုလ် ၊ ကြို့ကုန်း**

၂။ P.E Part II အရည်အချင်းစစ်ရေးဖြေစာမေးပွဲအတွက် စာမေးပွဲဝင်ခွင့်ကြေး ကျပ် -၃၀၀၀၀/- (ကျပ်သုံးသောင်း တိတိ)ကို KBZ Bank ငွေစာရင်းအမှတ် 253-304-23500040101 သို့ ပေးသွင်း၍ လျှောက်လွှာနှင့် အတူ စာမေးပွဲကြေး ငွေသွင်းချလံမိတ္တူ (၂)စောင် ၊ဘွဲ့လက်မှတ်မိတ္တူ (၁)စောင် ၊ ဓာတ်ပုံ (၂)ပုံ ပူးတွဲတင်ပြလျက် (၂၈-၂-၂၀၁၇) ရက်မတိုင်မီ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံးတွင် လျှောက်ထားကြရမည် ဖြစ်ပါသည်။

၃။ သတ်မှတ်ချက် မပြည့်စုံသော လျှောက်လွှာများ ၊ အချက်အလက်မှန်ကန်မှုမရှိသော လျှောက်လွှာများ ၊ သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများအား စာမေးပွဲဖြေဆိုခွင့်ပြုမည် မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
အမှတ် (၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Phone : 01 251213 , 703275
Website : www.myanmarengc.org
E.mail : headquarters@myanmarengc.org

အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊သံပုရာကန်၊အထက(ခွဲ)၊ ပထမတန်းမှ (ဘ) ဦးအောင်ကိုကို ၈/မလန(နိုင်)၀၇၃၆၆၄၏သမီး မနန္ဒာဝင်းအား မလမင်းအိမ့်ဟု ပြောင်းလဲခေါ်ပါရန်။ **မလမင်းအိမ့်**

ဒဂုံမြို့သစ် မြေရောင်းရန်
၄၀'×၆၀'၊ ၄၉ သိန်း
(ပွဲစားလုံးဝမလိုပါ)
ဖုန်း-၀၉-၄၅၉၁၉၇၃၂၀

ပတ်စ်ပို့ပျောက်

ကျွန်မ မဝင့်ဝါဦး ၁/မကန(နိုင်) ၁၅၅၅၄၀၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၆၀၇၈၂၄၈**

ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါဟိုတယ်ဧည့်ဝန်ဆောင်မှုသင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း သင်တန်းဌာန(ရန်ကုန်)တွင် ဖွင့်လှစ်ပါမည်။

စဉ်	သင်တန်းအမျိုးအစား	အနည်းဆုံးပညာအရည်အချင်း
၁။	ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း(အဆင့် ၁)	- တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ
၂။	ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Agencies and Tour Operation သင်တန်း(အဆင့် ၂) (Senior Travel Consultant and Sales Services)	- ဟိုတယ်နှင့်ခရီးသွားသင်တန်းကျောင်းမှ ဖွင့်လှစ်သော Travel Consultant နှင့် Tour Operator သင်တန်း (အဆင့် ၁) အောင်မြင်ပြီးသူများ၊ - တက္ကသိုလ်တစ်ခုခုမှဘွဲ့ရပြီးသူဖြစ်၍ ခရီးသွားသင်တန်းကျောင်းများမှ လက်မှတ်တစ်ခုခုဖြင့် အောင်မြင်ပြီးသူများ(သို့) ခရီးသွားလုပ်ငန်းအတွေ့အကြုံရှိသူများ
၃။	ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့် ၁)	- တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ
၄။	အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း (အဆင့် ၁)	- တက္ကသိုလ်ဝင်တန်း
၅။	အစားအစာနှင့်အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်း (အဆင့် ၁)	- တက္ကသိုလ်ဝင်တန်း
၆။	အစားအစာနှင့်အဖျော်ယမကာ ထုတ်လုပ်ရေး သင်တန်း(အဆင့် ၁)	- တက္ကသိုလ်ဝင်တန်း
၇။	အရှေ့တိုင်းအစားအစာထုတ်လုပ်ရေး သင်တန်း (အဆင့် ၁)	- ဤသင်တန်းဌာနမှ အခြေခံ (အဆင့် ၁)အစားအစာထုတ်လုပ်ရေးသင်တန်းတက်ရောက်ပြီးသူ (သို့)တက္ကသိုလ်ဝင်တန်းအဆင့်ရှိ စိတ်ပါဝင်စားသူများ။
၈။	ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂)စာရင်းကိုင်၊(စီမံ/ဘဏ္ဍာ)	- စီးပွားရေးပညာဘွဲ့ရရှိပြီးသူ (သို့) ဘွဲ့တစ်ခုခုရပြီးစာရင်းကိုင်ပညာ အခြေခံကျွမ်းကျင်သူ။
၉။	ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂) အိပ်ခန်းထိန်းမှူး၊(အခန်းဌာနကြီး) Front Office (F.O Supervisor) Housekeeping (Housekeeping Supervisor)	- တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁)သင်တန်းတစ်ခု အောင်မြင်ပြီးသူ(သို့)တစ်နှစ် လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရပါမည်။
၁၀။	ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂) စားသောက်ခန်းမှူး၊ (အစားအစာဌာနကြီး) F&B Service (F&B Supervisor) F&B Production (Kitchen Supervisor)	- တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁) သင်တန်း တစ်ခု အောင်မြင်ပြီးသူ(သို့) တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရပါမည်။

သင်တန်းကာလ။ ၆-၂-၂၀၁၇ရက်မှ ၃၁-၃-၂၀၁၇ ရက်
သင်တန်းဆိုင်ရာအချက်အလက် ဆက်သွယ်စုံစမ်းရန်
လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး၊ ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ ပူးတွဲတင်ရမည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန
ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၉၄၈၃၆

အမည်မှန်

မြစ်ကြီးနားမြို့၊ နည်းပညာတက္ကသိုလ် (Civil - 5BE) မှ မဘောက်ရာ၏ အမည်မှန်မှာ မ D ဘောက်ရာ ဖြစ်ပါသည်။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ နည်းပညာတက္ကသိုလ် (Civil -4-BT)အောင်မှ မောင်ဇော်ဒန်အောင်၏ ဖခင်အမည်မှန်မှာ ဦးကဒုန်ခွန်းနော် ဖြစ်ပါသည်။

ဖခင်အမည်မှန်

အောင်လံမြို့၊ အထက(၁)ကျောင်း အဋ္ဌမတန်း(F) တွင် ပညာသင်ကြားနေသော မောင်နိုင်ကိုကိုလွင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမျိုးကျော်သူဖြစ်ပါသည်။ **ဦးမျိုးကျော်သူ**

ပြောင်းလဲခေါ်ဆိုပါရန်

ဦးတင်ဝင်း၏သား အောင်လံမြို့၊ အောင်မြေကုန်းကျောင်း အလက(ခွဲ) သတ္တမတန်းတွင် ပညာသင်ကြားနေသော မောင်လင်းလက်ကိုကို အား မောင်ဘုန်းလျှံသစ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဘုန်းလျှံသစ်**

ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ အောင်မြေကုန်း အလက(ခွဲ)ကျောင်း သတ္တမတန်းတွင် ပညာသင်ကြားနေသော မောင်ဘုန်းလျှံသစ်၏ ဖခင်အမည်မှန်မှာ ဦးတင်ဝင်း ဖြစ်ပါသည်။ **ဦးတင်ဝင်း**

ပြင်ဆင်ချက်

၂၃-၁-၂၀၁၇ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၃၀)တွင် အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်ပါကြောင်း ကြော်ငြာတွင် ဥယျာဉ်ခြံမြေကွက် အရောင်းအဝယ်ကိစ္စကို ကန့်ကွက်နိုင်ပါကြောင်းအစား ကန့်ကွက်ပါကြောင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

သိမ်တော်မဟာရေစက်ချအလှူတော်မင်္ဂလာနှင့် (၂၄)ကြိမ်မြောက် ပေါင်းတည်မြို့၊ သီတဂူ ရှမ်းမလေးဓမ္မသဘင် အလှူတော်မင်္ဂလာ အထူးတရားပွဲ ဖိတ်ကြားလွှာ

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့၊ ဈေး(၁)ရပ်ကွက်၊ ဘုရားကြီးလမ်း ရှမ်းမလေးကုန်မျိုးစုံစတိုးပိုင်ရှင် ဘုရား၊ ရဟန်း၊ ရှင်၊ သိမ်၊ ကျောင်း ဒါယကာ-ဒါယိကာမ ကျေးဇူးရှင်ဖခင်ကြီး ဦးဂျွန္တကီး-ကျေးဇူးရှင်မိခင်ကြီး သုဓမ္မသီဂီ ဒေါ်သိန်းရင်တို့ကိုရည်စူး၍ ရှမ်းမလေးမိသားစုတို့မှ ပေါင်းတည်မြို့ ဘွဲ့ပင်ကန်ရပ်ကွက် ဘုရားလေးကျောင်းတိုက်ဝင်းအတွင်း "သာသနသောဘိဏီ"ရှမ်းမလေးကုန်မျိုးစုံစတိုး စေတနာ ဝိသုံဂါမ သိမ်တော်မဟာအား ဆောက်လုပ်ပြီးစီး၍ သိမ်တော်ရေစက်ချအလှူတော်မင်္ဂလာပွဲနှင့် (၂၄)ကြိမ်မြောက် ဓမ္မဒါန အလှူတော်မင်္ဂလာအထူးတရားပွဲကို ဘုရားလေးကျောင်းတိုက်ဝင်းအတွင်း ကျင်းပမည်ဖြစ်ပါ၍ သိမ်တော်ရေစက်ချအကြိုဓမ္မသဘင်အဖြစ် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၀ ရက် (တနင်္လာနေ့)ည အရှင်ကိတ္တိသာရ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (ရန်ကုန်) ဇန်နဝါရီ ၃၁ရက် (အင်္ဂါနေ့) ည သီတဂူအရှင်ဇဋိလ(အရာတော်) သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (ရန်ကုန်)၊ ဖေဖော်ဝါရီ ၁ရက် (ဗုဒ္ဓဟူးနေ့) ည ဓမ္မဒူတဒေါက်တာအရှင်ဝိမလ ဆရာတော်ကြီးများမှ ညစဉ် (၇)နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားပြီး သိမ်တော်ရေစက်ချအလှူတော်မင်္ဂလာပွဲကို ဖေဖော်ဝါရီ ၃ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ အဂ္ဂမဟာပဏ္ဍိတ (D-Litt, Ph.D) ဆရာတော်ကြီးမှ အနုမောဒနာတရား ဟောကြားမည်ဖြစ်ပါသောကြောင့် တရားဒေသနာတော်မြတ်ကို အတူတကွ နာယူမှတ်သား ကြည်ညိုသဒ္ဓါပွား ကုသိုလ်များယူနိုင်ကြပါရန် တရားချစ်ခင်သူတော်စင်အပေါင်းတို့အား ဖြူစင်သောစိတ်ထားရင်းဖြင့် ဖိတ်ကြားခြင်း ပြုအပ်ပါသည်။

ရှမ်းမလေး
ကုန်မျိုးစုံစတိုး မိသားစု

သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ ဖေဖော်ဝါရီလ ၁၁၊ ၁၂ (၇၅)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

ဇန်နဝါရီလ ၂၈ ရက်တွင် စတင်လက်ခံ၍ ဖေဖော်ဝါရီလ ၁၁၊ ၁၂ ရက်များတွင် ၇၅-ကြိမ်မြောက် ဦးရေ (၈၅၄၀) ပြည့် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
လှူဒါန်းရန်ဌာန - **သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း။** (ကျိုက္ကဆံရုပ်ဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉
ရွှေပုံတိုင်ကမ္ဘောဇဘဏ် - အရှင်စန္ဒိမာသီရိလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အမှတ်(၁) ဒေသကောလိပ်(ရန်ကုန်)၊ ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ)၊ ဗိုလ်တထောင်ကောလိပ် ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲ

ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ)၊ ယခင် (RC1)ခန်းမ၊ ယခု အမျိုးသားစီမံခန့်ခွဲမှု ဒီဂရီကောလိပ်ခန်းမ၌ ၁၉-၃-၂၀၁၇ရက် နံနက် ၉း၀၀ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ (၁၉၇၆ မှ ၁၉၉၆)အတွင်း ကျောင်းသား/သူဟောင်းများ မည်သူမဆို တက်ရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁ နာရီတွင် အထက်ပါခန်းမ၌ ပြုလုပ်မည်ဖြစ်ပါသည်။

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

